www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၁၃၂၀၁၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၂၈၂၀၃၀၈
●
မျက်နှာဖုံးပန်းချီ
ကိုသိန်းဇော်
●
အတွင်းစာစီ
မြစ်ခွဲဖြစ်ငင်းကွန်ပျူတာ
●
ထုတ်ဝေသူ
ဒေါ်ပိုင်းသစင်ရွှေလှိုင်
(အောင်ပိုင်ခင်းစာပေ)
၂၂၂၊ စက်ရုံလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့၊
ရန်ကုန်မြို့။
●
ပုံနှိပ်သူ
ဒေါ်မြမြကြွေ (၀၃၃၇၉)
ပင်မြင့်မာလာပုံနှိပ်တိုက်၊ အမှတ် ၂၄၊ တာဝတိံသာလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
●
ပုံနှိပ်ခြင်း
ပထမအကြိမ်
ထုတ်ဝေခြင်း
ဧပြီ၊ ၂၀၀၈
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀၀



# မန်းကလိဝါးတော အရှုပ်တော်ပုံ

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

မွေးမေ၊ မွေးဖေ၊

ဦးရသော့၊

ပြီးတော့.....

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်

ဆရာသော်တာဆွေအား

ဤစာအုပ်ဖြင့် ဂါရဝပြုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒုတ်…' 'ဒုတ်…' 'ဒုတ်…' 'ဒုတ်…'

'ဖြောင်း…'

'ဒုတ်…' 'ဒုတ်…'

'ဖျတ်…'

'ဒုတ်…' 'ဒုတ်…' 'ဒုတ်…'

'ဖြောင်း…'

တိတ်ဆိတ်နေသော တောအတွင်း သို့နှယ် ဝါးခုတ်သံသည် အနီးဝန်းကျင်ရှိ သားကောင်ငယ်တို့ကို ခြောက်လှန့်ထုတ်သလို ဖြစ်ချေတော့၏။

ထိုနေရာလေးနှင့် မဝေးလှသော ချုံပုတ်ပင်ငယ်အတွင်းမှ တောင်လိပ်ကောင်လေးသည် သူ့အတွက်တော့ဖြင့် အင်မတန်ထူးဆန်းနေဟန်တူချေ၏။

သို့အသံကို စပ်စုလိုသည်ဖြစ်၍ လည်တံကို ဆန့်ထွက်ကာ ချုံပုတ်ပင်ကြားမှ ခေါင်းပြူလျက် ရှုစမ်းလေတော့၏။

သို့ရှိစဉ် ဓားခုတ်ချက်ကြောင့် လွင့်စဉ်လာသော ဝါးစအလေးသည် သူ၏မျက်နှာကို လာရောက်စင်မှန်လေ၏။ သို့ကြောင့် ရုတ်ခြည်းဆိုသလို ဆန့်ထုတ်ထားသော လည်တံကို ကျုံ့လိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ချေပြီ။ သည်နေရာမှာ သူဆက်နေပါလျှင် အန္တရာယ်များလွန်းလှ၏ဟု တွက်လိုက်ကာ ချုံပုတ်နွယ်ပင်အောက်မှ တိုးထွက်လာတော့၏။

သည်ချုံပုတ်နွယ်ပင်အောက်မှာပင် တစ်မနက်လုံး သူနှင့်အတူတူ ရှိနေသည့် မြေဝပ်ငှက်မသည် သို့ ဆူဆူညံညံအသံကြောင့် စောလျှင်စွာ ထွက်သွားပြီးဖြစ်တော့၏။

သို့ကြောင့် သူသည်လည်း ထိုနေရာလေးကို စွန့်ခွာခဲ့တော့၏။

သူ ချုံပုတ်ပင်အပြင်ရောက်တော့ သို့ ဆူဆူညံညံအသံပျောက်ကွယ်သွားချေပြီဖြစ်၏။ သို့ပေမင့်လို့ သူ၏ သွားလမ်းတစ်လျှောက် ရွက်ခြောက်များ၊ ကိုင်းခြောက်များရှိနေလေသဖြင့် သူခြေလှမ်းလိုက်တိုင်း လှမ်းလိုက်တိုင်း 'ချွပ်' 'ချွပ်' 'ချွပ်' 'ချွပ်' 'ချွမ်'လို့ အသံထွက်လာချေ၏။

သူ၏ ခြေကျသံက သစ်ခုတ်သံလောက် ကျယ်လောင်ခြင်းမရှိပေမင့် သစ်ခုတ်သံပျောက်သွားသည့် အခိုက်မို့ တိတ်ဆိတ်ငြိမ်သက်နေသည့်ဒေသဖြစ်ခြင်းကြောင့် သူ၏ခြေသံသည် တိုးညင်းစွာ ပေါ်ထွက်လာရ၏။

နားပါးသော ဝါးခုတ်သမားသည် သို့ ခြေချသံကြောင့် သစ်တစ်ပင်ကို ကျောမှီနားနေရာမှ အသံထွက်ပေါ်လာရာသို့ လှမ်းကဲကြည့်လိုက်၏။

အလို… တောင်လိပ်တစ်ကောင် ချွတ်နင်းသွားနေပါကလား။

ဝါးခုတ်သမားသည် ကပျာကသီ ထိုင်ရာမှ ထလိုက်လေ





ပြီး တောင်လိပ်ကောင်ထံ ပြေးသွားလေ၏။

သို့ဆိုတော့ တောင်လိပ်ကောင်သည် ဝါးခုတ်သမားအတွက် ဝမ်းစာဘဝ ရောက်သွားရချေတော့၏။

သစ်ခုတ်သမားသည် ထိုတောင်လိပ်ကောင်ကို မြေပြောင်ပြောင်နေရာလေးတွင် ပက်လက်လှန်ထားလိုက်တော့၏။

ပြီး သူ၏ ခါးပုံစတွင်းမှ ယာပြီးကွမ်းကိုထုတ်၍ ပါးစပ်တွင်း ထည့်လိုက်လေ၏။ တမြုံ့မြုံ့ ဝါးနေတော့၏။ ကွမ်းဝါးရင်းအနားယူနေခြင်းဖြစ်၏။

ကွမ်းတစ်ယာညက်လျှင် သူ ဝါးဆက်ခုတ်ဦးမည်။

ကနေ့ သူ ဝါးခုတ်ရသည်မှာ ဘာကြောင့်ရယ်မသိ။ စိတ်လေးနေ၏။ ညကလည်း အိပ်နေရင်း ရွာတွင်ကျန်ရစ်ခဲ့သည့် မိန်းမနှင့် ကလေးကို သတိရသေးတော့၏။ သို့ကြောင့် သည်လုပ်ငန်းခွင်သို့မလာမီ သူနှင့်တူတူရှိသည့် 'စောဂီးလ်'ကို…

'ငါတော့ သမီးကို လွမ်းပြီ၊ ပြန်ချင်ပြီကွာ'လို့ ပြောမိသေး၏။

'နို့ဖြင့်လည်း ပြန်ချေပေါ့ကွာ၊ ပြန်ကြတာပေါ့၊ သည်တစ်ရက်တော့ ခုတ်လိုက်ကြဦးတာပေါ့'

သို့ဆိုတော့ ရွာမှာရှိသည့် ဝါးဒိုင်မှ စရံငွေယူလာကြပြီးဖြစ်၍ ဝါးလုံးအရေအတွက် ပြည့်ရန်တော့ဖြင့် လုပ်ရပေဦးမည်ပေါ့။

သူတို့ တောတောင်ထဲရောက်တာ နှစ်ပတ်ကျော်လေပြီပဲ။ သည်နှစ်ပတ်လုံးလုံးတွင် ထူးထူးခြားခြား ညက အိပ်မက်ရသယ်လို့။ သမီးများ နေထိုင်ကောင်းပါရဲ့လား။ အခါတိုင်းလည်းသားမယားနဲ့ခွဲ ဝါးခုတ်လာနေကျပေပဲ။ မဆန်းတော့ပါဘူး ညက



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘယ်လိုဖြစ်ရတာပါလိမ့်။

သမီး နေထိုင်မကောင်းလို့များလေလား။ မိန်းမ နေထိုင်မကောင်းလို့များလေလား။

သို့ သူ စဉ်းစားရင်း ကွမ်းကိုမြုံ့ဝါးနေ၏။

သို့ရှိစဉ်...

'ဖိုးခွား မင်းအလုပ်ပြီးပလား'

'သုံးလေးလုံးခုတ်ပြီးလျှင် ပြီးပေါ့'

'ဟာ... မင်း နေရာလေးမယ် ဝါးတွေ ကောင်းမှကောင်း။ မင်းမယ်၊ ကွမ်းရှိသေးလျှင် ပေးစားကွာ'

'တစ်ယာကျန်သေးတယ် ရော့'

သို့ဖြင့် သူငယ်ချင်းနှစ်ယောက်သည် အေးအေးလူလူထိုင်၍ ကွမ်းဝါးရင်း နားနေကြ၏။

သို့ရှိစဉ်...

'ချွက်... ချလွတ်... ချလွတ်... ချွတ်'

'ဟင်...'

ဘယ်လိုက ဘယ်လို သူဖယ်ထားသည့် လိပ်ကောင်သည် ပက်လက်အနေအထားမှ မှောက်ခုံဖြစ်သွားပါလိမ့်။ ကြည့်စဉ် လိပ်ကောင် သုတ်ခြေတင်ပြေးသွားပါကောလား။ သို့ကြောင့် သူသည် ထိုင်ရာမှထလိုက်ပြီး လိပ်ကောင်နောက် ပြေးသွားလိုက်၏။

ထိုလိပ်ကောင်သည် ဘယ်လောက်ကြာကြာ လျှောက်





လှမ်းသွားရသည်မသိ။ သူ့အနေဖြင့်တော့ မျက်တစ်မှိတ်ပင် မကြာလိုက်။ လိပ်ကောင်ကို ပြန်ဖမ်းယူလာနိုင်တော့၏။

'ငါတို့မယ် ဟင်းမရှိတာနဲ့ အတော်ပဲပေါ့ကွာ'

သူငယ်ချင်းဖြစ်သူက ပြောလာချေ၏။

သို့ဆိုတော့ သူငယ်ချင်းဖြစ်သူကလည်း ဝါးတစ်လုံးခုတ်ဖြတ်လိုက်လေပြီးနောက် လိပ်ကောင်ကို လာယူကာ စခန်းသို့ အလျှင်ပြန်သွားချေ၏။

'ငါ သည်ဝါးလေးနှစ်လုံး သုံးလုံးခုတ်ပြီး ပြန်ခဲ့မယ်၊ မင်း အကျအနချက်ထားနော်၊ လတ်လတ်ဆတ်ဆတ် ချက်စားတာ အကောင်းဆုံးပေါ့ကွာ'

သို့ဆိုလျက် သူသည် ဝါးရုံနားသွားကာ စိတ်ကြိုက်ဝါးတစ်လုံးကိုတွေ့၍ ခုတ်လေတော့၏။

'ဒုတ်... ဒုတ်... ဒုတ်...'

ဝါးခုတ်သံ ညံ့ညံ့ထွက်လာ၏။ သူငယ်ချင်းဖြစ်သူသည် လိပ်သေကောင်ကို ပက်လက်အနေအထားဖြင့်ပင် စခန်းသို့ ယူသွားလေ၏။

အချိန်ကား ညနေစောင်းနေလေပြီဖြစ်၏။

တစ်ယောက်သောသူသည် ဝါးခုတ်နေ၏။ တစ်ယောက်သောသူသည် လိပ်ကောင်ကို ချက်ပြုတ်ရန် စခန်းသို့ယူသွားနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် စခန်းတဲတစ်လုံးတွင် နှစ်ယောက်တည်း နေကြသူများဖြစ်သလို တစ်ရွာတည်းသားများ ဖြစ်ကြ၏။

ညီရင်းအစ်ကိုအလား ပေါင်းသင်းနေကြသူများဖြစ်၏။

ဆိုးတိုင်ပင် ကောင်းတိုင်ပင်များလည်း ဖြစ်ကြ၏။

စိတ်ချင်းလည်း တူညီကြ၏။

အရက်ကို မက်မက်စက်စက်သောက်သူ၊ အစားကို ပက်ပက်စက်စက်စားသူများ ဖြစ်ကြ၏။

သွားအတူ၊ လာအတူ၊ စားအတူ၊ တပူးတွဲတွဲဖြစ်ကြ၏။

သို့ကြောင့်လည်း 'အိကြာကွေး'လို့ သူတို့ကို ရွာကနာမည်ပေးထားကြ၏။ အိကြာကွေးဆိုတော့ စားခံရလျှင်လည်း နှစ်ချောင်းလုံး စားခံရခြင်းဖြစ်သည်ကြောင့်…

'အေး… မင်းတို့လည်း သေလျှင် နှစ်ယောက်အတူတူ ဖြစ်လိမ့်မယ်နော်'လို့ ရင်းနှီးသူများက နောက်ပြောင်ကြ၏။

'ဒါတော့ ဘယ်လိုဖြစ်နိုင်မှာလဲဗျာ။ ကျုပ်တို့က အမြွာညီအစ်ကိုလည်းမဟုတ်ဘူး၊ အမြွာဖြစ်ဦးတော့ မွေးတုန်းကသာ နှစ်ယောက်တစ်ပြိုင်နက် ဖြစ်ကြပေမင့် သေတဲ့အခါတော့ နှစ်ယောက်ပြိုင်တူသေကြတာ မရှိပါဘူးဗျာ၊ ဟဲ… ဟဲ'လို့ အိကြာကွေးတို့က ပြောတတ်ကြ၏။

သို့ပေမင့်လို့ သည်နေ့ သည်ရက်တွင်မတော့…

'ဒုတ်… ဒုတ်… ဒုတ်…'





'ဖျောင်း…'

'ရွှစ်…'

'ဖွပ်…'

'ဟာ…' 'အား…'

သူခုတ်လိုက်သော ဝါးလုံးသည် အတွင်းဝါးလုံးဖြစ်နေ၏။ ထိုဝါးရုံသည် တောင်ကမူလေးတွင် ပေါက်နေလေ၏။ သူခုတ်နေရသည်မှာ ကျဉ်းကျဉ်းကျပ်ကျပ် အနိမ့်ပိုင်းမှ မော်ခုတ်နေရခြင်းဖြစ်၏။

သို့ကြောင့် သတိထားခုတ်နေရပေမင့် ဘယ်လိုဖြစ်သွားသည်မသိ။ သူခုတ်ချလိုက်သော ဝါးလုံးသည် ရုတ်ခြည်းညွှတ်ကျလာလေပြီး သူ၏ဝမ်းဗိုက်ကို ထိုးဖောက်ဝင်လာချေတော့၏။

သူ ရှောင်တိမ်းခွင့်မရလိုက်သည်ကြောင့် မြေပြင်သို့ လန်ကျသွားတော့၏။

သည်တော့ ပက်လက်အနေအထားမှာပင် ဝါးလုံးသည် သူ့ဝမ်းဗိုက်ကို ထုတ်ချင်းဖောက်သွားသည်ကြောင့် အောက်ခံမြေဆွေးပျော့တွင် နစ်ဝင်သွားချေတော့၏။ သူ ဘယ်လိုမှ လှုပ်မရတော့ချေ။

သူ သတ္တိတော့ အကောင်းသား။ ဝါးလုံးကို လက်အစ်ဖြင့် ဆယ်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



'အာလာလား…'

ဖယ်ထုတ်မရသည့်ပြင် သူ့ဝမ်းဗိုက်တွင်း နှံ့သွင်းသလို ဖြစ်သွားချေ၏။ သည်တော့ မျက်ရည်ကျအောင် နာကျင်ရ၏။

သူ ကျိတ်မှိတ်၍ ဝမ်းဗိုက်ဆီသို့ ခေါင်းထောင်ကြည့် မြင်၏။

အလိုလေးဗျာ… အူတို့ အထွေးလိုက် ပေါက်ထွက်လို့ နေပါကလား။ သွေးတို့ချင်းချင်းနီ တဆတ်ဆတ်တုန်နေလေ၏။

လိပ်ကောင်၏ဝမ်းဗိုက်မှ အန်ထွက်လာသော ကလီဆာ များအလားသဏ္ဍာန်ပါကလား။

သူဝင်္ငလည်လေပြီပဲ။

သို့ သူ အသိဝင်လိုက်သည်နှင့် သူ လွန်မင်းစွာထိတ်လန့် သွားတော့၏။ အရှင်လတ်လတ် သူ ငရဲခံနေရပြီကော။

လှုပ်လေ ဆိုးလေ သည်တော့ ငြိမ်နေလိုက်၏။ သူ့အိမ် တွင် သည်မလာခင်တစ်ရက်လောက်က ရွာဦးဘုန်းတော်ကြီးပေး လိုက်သည့် ဘုရားဆင်းတုတော်လေးကို သတိရလိုက်သဖြင့် ဘုရား တ,ရမှန်း သိသွားလေသဖြင့်…

'ဘုရား… ဘုရား… ဘုရား'လို့ ရေရွတ်မိတော့၏။

ဘုရားတလိုက်မိလို့ပေလားမသိ။ သူ အသက်ထွက်သွား တော့၏။ သူခံစားရခြင်း မရှိလေတော့ပြီ။ တော်သေး၏ဟု တွက် ရပေမည်။ သို့မဟုတ်ပါက ဘယ်လောက်ကြာကြာထိ သူ ဝေဒနာ





ခံစားနေရပေဦးမည် မသိချေ။

သို့ သူဖြစ်ပျက်နေသည်ကို သူငယ်ချင်းဖြစ်သူက မသိ ရှာချေ။ စခန်းရောက်ဖို့သာ စိတ်စော၍ ခပ်သွက်သွက်လျှောက်ခဲ့ ရင်းမှ လိပ်ကောင်ကို အကောင်းဆုံးချက်စားရန် စဉ်းစားနေ၏။

သူတို့တွင် အရက်တော့ဖြင့် မရှိလေပြီ။ အရက်နှင့် မြည်း ဆိုသ်ရ ကောင်းမှာပဲလို့ တွက်လိုက်၏။

သူတို့တွင် အရက်မရှိတော့ပေမင့် သူတို့စခန်းနှင့် တစ်မိုင် လောက်ပင် မဝေးလောက်သည့် နေရာတွင် တစ်ရွာတည်းသားတွေ ပါးခုတ်တဲ ရှိနေသည်ပဲ။ သူတို့ထံတွင် လိပ်သားဟင်းနှင့် လဲယူ လျှင် တစ်လုံးတော့ဖြင့် ရလောက်၏ဟု တွက်လိုက်မိသည်ကြောင့် ပီတိဖြစ်နေမိပြန်၏။

စခန်းသို့လည်း ရောက်တော့မည်။

ရှေ့တစ်ကွေ့ဆိုလျှင် စခန်းကိုပင် လှမ်းမြင်နိုင်လောက် ပေပြီ။ သို့ သွားရင်း ကွေ့သို့ရောက်သည်တွင်…

'ဟာ…'

'ဂါး…'

'အား…'

တိတ်တဆိတ်လာမိသော သူ၏အမှား ဖြစ်ချေ၏။ လမ်း ကြောင်ကွေ့လေးတစ်ဖက်တွင် မမြင်နိုင်သည့် အရာများ ရှိတတ် သည်ကြောင့် အသံပေး၍ လျှောက်ရမည်ကို သူမေ့သွားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ယခုလို မမျှော်လင့်သောဖြစ်ရပ်နှင့် ကြုံရလေခြင်းဖြစ်၏။

သူ့စိတ်ထဲတွင် လိပ်ကောင်ကို ဘယ်လိုချက်ရလေမလဲ စဉ်းစားခြင်းသာ ရှိနေလေခြင်းကြောင့် အန္တရာယ်နှင့် ကြုံတတ်လေခြင်းကို သူ သတိမမူမိဖြစ်သွားတော့၏။

ရှေ့တစ်ဖက်မှ ဝံကောင်ကြီးသည်လည်း သူစိတ်ကူးနှင့်သူ လာနေခြင်းဖြစ်၏။ လူတစ်ယောက်ကို မမျှော်လင့်ဘဲ ထိပ်တိုက်ဆုံလေသဖြင့် ဝံကောင်ကြီးသည်လည်း ကြောက်လန့်တကြားဖြစ်လျက် သူ၏လျှောက်လမ်းတွင်ရှိ လူသားကို ကြောက်ကန်ကန်၍ သတ်ပုတ်သွားလေခြင်းဖြစ်တော့၏။

လူသားနှင့် ဝံကောင်တို့တွင် ဝံကောင်၏သန်မာဖျတ်လတ်မှုသည် လူသားထက် များစွာသာလွန်နေပေတော့၏။ သို့ကြောင့်-

✣ ✣ ✣

'ငါတို့ ပြောပြောနေသလို အီကြာကွေးတို့ သေတော့လည်းတူတူ တစ်ရက်တည်း၊ တစ်နေရာတည်းပါကလားကွာ'

သို့ဆိုသလို မန်းကလိရွာသူကြီး ဖိုးလှိုင်ညွှန့်က အီကြာကွေးတို့ အလောင်းနှစ်လောင်းကိုကြည့်၍ စိတ်မကောင်းစွာ ပြောလာချေတော့၏။

တစ်ယောက်က သူ့ခုတ်သည့်ဝါး သူ့ဝမ်းဗိုက်ဖောက်ဝင်ခံရသဖြင့် သေဆုံးသွားရခြင်းဖြစ်၏။ ကျန်တစ်ယောက်သည် ဝံကောင်၏ ကုတ်ခြစ်ကိုက်ခဲခံရခြင်းကြောင့် မျက်နှာတစ်ခြမ်းအသားဖတ်တို့လန် ရင်အုံဖွင့် သေဆုံးသွားရလေခြင်းဖြစ်ပေသည်။

သည်တော့ မန်းကလိရွာရှိ တစ်ဆိုင်တည်းသော လက်ဖက်





ရည်ဆိုင်လေးတွင် အီကြာကွေး စားကြလေသူတိုင်း လူအီကြာကွေးတို့ကို အမှတ်ရလိုက်ကြချေ၏။ သူတို့ကိုလည်း သေမင်းက တစ်ပြိုင်နက် စားလိုက်လေခြင်းပါကလား။

သူတို့ဇာတ်လမ်းသည် ထိုသည်နှင့် အဆုံးသတ်လေပြီဟု ထင်ကြပေမင့် မရမ်းမြောင်ဝါးတောသို့ မည်သူမျှ မသွားဝံ့ကြတော့ချေ။ ပထမတော့ သွားကြသေး၏။ သို့ပေမင့်လို့…

'အီကြာကွေးတို့ မကျွတ်ဘူးထင်တယ်ကွ'

သို့ တစ်ယောက်ပြော တစ်ယောက်ပြောနှင့် ကြာလာတော့ ရွာသူကြီး ဖိုးလှိုင်ညွှန့်သည် တစ်ရွာလုံး၏ တစ်ပါးတည်းသော ဘုန်းတော်ကြီး 'စန္ဒာဝရ'ကို ပင့်ဖိတ်၍ မရမ်းမြောင်ဝါးတောသို့သွားကာ အီကြာကွေးတို့ကို ရည်စူး၍ ပရိတ်တွင်တွင် ရွတ်ဖတ်ပေးလေ၏။

ပထမတော့ ဟုတ်သလိုလိုနှင့်။ သို့ပေမင့်လို့…

'မကျွတ်သေးပါဘူးဗျာ'

'ငါတို့ စခန်းတဲနားမယ် တရွတ်ရွတ်နဲ့ ငိုသံကြားရတယ်ကွာ'

'ညဆို ဝါးခုတ်သံတွေ ကြားတယ်ကွ'

'ကြောက်လန့်တကြားအော်သံတွေ ကြားရတယ်ကွ'

'သူတို့နှစ်ယောက်ကိုလည်း တွေ့လိုက်တယ်ကွ'

သို့ဆိုသလို ဖြစ်လာပြန်လေ၏။

'စန္ဒာဝရ'ကလည်း အပိရွတ်ဖတ်တာပဲကွ၊ ဘယ်လိုဖြစ်ရတာလဲ'

'ဘယ်လိုဖြစ်ရမှာလဲကွ၊ သည်ကောင်နှစ်ကောင်နဲ့ စန္ဒာ



www.burmeseclassic.com

www.burmeseclassic.com



ဝရ လူ့ဝတ်ဘဝက ငယ်သူငယ်ချင်းတွေလေကွာ၊ အချင်းချင်းဆို တော့လည်း ကြောက်ရမှန်း ရှိသေရမှန်း ဂါရဝထားရမှန်း မသိလို့ ဖြစ်မှာပေါ့ကွာ'

'ဟိတ်ကောင်တွေ... တော်ကြစမ်းကွာ၊ ပေါက်တတ် ကရတွေ ပြောမနေကြစမ်းပါနဲ့'

သို့ ရွာသူကြီး ဖိုးလှိုင်ညွန့်က ပြောလေ၏။

'သြော်... သူကြီး မယုံလျှင် ကိုယ်တိုင် မရမ်းမြောင် ဘက် သွားကြည့်စမ်းပါကလား'

'နို့ဖြင့်လည်း မင်းတို့တွေကို ဘယ်သူက မရမ်းမြောင် ဘက်သွားခိုင်းလို့လဲ၊ တော်ရာမှာ ဝါးခုတ်ကြချေပေါ့'

'အာ... သူကြီးကလည်း ရွာထဲမှာနေပြီး ဝါးခွန် ကောက်ဖို့လောက်ပဲသိတယ်၊ သည်များတစ်ဝိုက်မယ် အဲဒီ မရမ်း မြောင်ဘက်ရှိတဲ့ ဝါးတောက အကောင်းဆုံးဗျ၊ ဘာသိလို့တုန်း'

'မင်းတို့က အကောင်းကြိုက်တာကိုးကွ'

'အောင်မယ်... သူကြီးကပဲ ပြောရတယ်ရှိသေး၊ ရွာထဲ မယ် ဘာလုပ်လုပ် ဝါးလုံးကောင်းကောင်း၊ ဝါးလုံးချောချော၊ ငါတို့ ရွာက ဝါးလုံးကောင်းလို့ ဝါးကုန်သည်တွေ တဖွဲဖွဲရောက်လာကြ တာကွ၊ သည်တော့ ငါတို့ရွာအတွက် အဆင်ပြေတယ်မဟုတ်လား၊ ဈေးကောင်းလည်းရတယ်လေ၊ သည်တော့ မင်းတို့ ဝါးခုတ်လျှင် ကောင်းကောင်းပဲ ရွေးခုတ်ကြချေကွ၊ ဝါးလုံးဖြစ် ပြီးရောဆိုပြီး မလုပ်ကြနဲ့နော်၊ ရွာနာမည်ပျက်တယ်ဆိုဗျ'

သို့ဆိုတော့ကာ ဖိုးလှိုင်ညွန့်သည် မပြောသာလေပြီ။ သို့သော်မင့် -





'သည်တော့ ငါဘာလုပ်ပေးရမတုန်း'

'ဘာလုပ်ပေးရမှာတုန်းဗျ၊ မရမ်းမြောင်က ဟိုနှစ်ကောင် ကို မောင်းထုတ်ပေးလေဗျာ'

'ငါလည်း စန္ဒာဝရနဲ့ လုပ်ပြီးပြီလေကွာ၊ သူတို့ ကတ် သပ်နေနေကြတာတော့ ငါလည်း မတတ်နိုင်ဘူး'

'သူကြီးရယ်၊ သူကြီးက ရွာလူကြီးလေ၊ သူကြီး စဉ်းစား ပေါ့၊ တစ်ခုခုပေါ့'

'နေဦးကွ'

သို့ဆိုလျက် သူကြီးသည် နောက်တစ်နေ့တွင် စန္ဒာဝရနဲ့ မရလျှင် 'မိလိန္ဒ'နဲ့ လုပ်ကြည့်မယ်ကွာဆိုပြီး ဆီးပင်ဆိပ်ရွာ ဆရာတော်ကို သွားရောက်ပင့်လေ၏။ အကျိုးအကြောင်းကို ပြော ပြလေ၏။

'ဒကာကြီးပြောတာ ဘာတဲ့၊ ဘယ်သူ 'အီကြာကွေး'တို့ ဟုတ်လား'

'တင်ပါ့ဘုရား'

'နို့ဖြင့်လည်း ဒကာကြီးတို့ ပြန်ကြချေ'

'ဗျာ... ဘယ်လိုတုန်းဘုရား'

'ဒကာကြီးတို့ မမှတ်မိကြဘူးလား၊ ပြီးခဲ့တဲ့ လေးနှစ် လောက်က အီကြာကွေးတို့ ဆရာတော့်ကျောင်းမယ် သုံးနှစ်သုံးမိုး နီးနီး ပဋ္ဌာန်းလာတက်ကြသေးတယ်လေ'

'ဘာဆိုင်လို့တုန်း ဘုရား'

'ဆိုင်ပြီကောကွာ၊ အီကြာကွေးတို့က လူပေ လူတေတွေ သာဖြစ်တယ်၊ ဘုရားစာ တရားစာကိုတော့ တစ်ခေါက်တိုင်ပေးရုံ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရလာတာကလား၊ ဘုန်းကြီးသေလို့ ဝင်စားကြသလား မပြော တတ်ပါဘူး၊ ခု သူတို့ကို အလွယ်ပြောရလျှင် ဘုန်းကြီးတစ္ဆေလို့ တောင် ပြောရမလိုဖြစ်နေပြီပဲ၊ ဆရာတော်လိုက်လည်း အလိုက်ပဲ ရှိမှာပဲ၊ ကဲ... ကဲ... ပြန်ကြတော့၊ ဆရာတော် အကြံပေးချင် တာ အချိန်တန်လျှင် ကျွတ်သွားကြမှာပါ'

သို့ဆိုတော့ သူကြီးသည် တပ်ခေါက်ပြန်ခဲ့ရတော့၏။

သူကြီးတို့ ထွက်သွားလေသည့်တွင်...

'အင်း... အီကြာကွေးတို့ဟာ တကယ်တော့ ကျွတ်ချိန် မတန်သေးလို့ပါကလား၊ ဘုရားအရှေ့ဖြူ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် တွေက မနိုင်ဘယ်ရှိပါ့မလဲလေ' လို့ တိုးတိုးရေရွတ်လိုက်ချေတော့၏။

သို့ပေငြားလည်း မိလိန္ဒဆရာတော်ပြောသလို ကျွတ်ချိန် မတန်သေးလို့ ပြောရလေမလားမသိ။

သစ်ခုတ်လုပ်သား မန်းကလေးရွာသား ဖိုးတင်အောင်နှင့် စောပန်းအောင်တို့သည် ဝါးခုတ်ကွက်မှ စခန်းနေရာသို့ ပြန်ခဲ့ကြ သည့်တွင်...

'ပန်းအောင်ရေ... မြန်မြန်လာစမ်းပါကွာ၊ မှောင်တော့ မယ်ကွ' လို့ အော်ပြောလေ၏။

'မှောင်တော့ကော ဘာဖြစ်သလဲကွာ၊ ရှေ့ဝါးတောမယ် ငှက်အိပ်တန်းရှာပြန်ကြတာပေါ့'

'ဘယ်လိုဖြစ်နိုင်မှာလဲကွာ' လို့ ပန်းအောင်က ဖိုးတင် အောင်ကို ပြောလိုက်၏။

'ဖြစ်နိုင် မဖြစ်နိုင် ရှေ့ဝါးတောရောက်လျှင် မင်းသိရစေ မယ်'





'ဟင်...'

ရှေ့ဝါးတောဆိုသည်နှင့် စောပန်းအောင် တုန်လှုပ်သွား တော့၏။

'ဘာလဲကွ... မင်း ရှေ့ဝါးတောဆိုတော့ လန့်သွားတာ လား'

သို့ ပန်းအောင်က ဖိုးတင်အောင်ကို ပြောလိုက်ရင်း ပြုံးစစ မျက်နှာလေးနှင့် ကြည့်လိုက်လေ၏။

'ရှေ့ဝါးတောဆိုတာ ဟို... ဟို'

'အေး... ဟုတ်တယ်လေကွာ၊ ဘာလဲ မင်းက 'အီကြာ ကွေး' တို့ကို ကြောက်လို့လား'

'မင်းကော မကြောက်ဘူးလား'

'ထပ်တရီး... အီကြာကွေး လာကြည့်၊ လက်ဖက်ရည် ပေါ်ကဲ့ သည်အတိုင်းစားလိုက်မယ်၊ ဟား... ဟား... ဟား... ဟား...'

ပန်းအောင်က သို့နှယ်ပြော အော်ရယ်နေလေတော့၏။

'မင်း ငှက်သားစားချင်လျှင်ဖြင့် ငါ ညကျ စခန်းရှေ့ အောင်ကြောပေါ်က ဝါးတောကိုတက်ပြီး ရှာပစ်ပေးပါ့မယ်ကွာ၊ ရှေ့ဝါးတောမှာတော့ အချိန်ကုန်ခံပြီး ငှက်ရှာမပစ်စမ်းပါနဲ့ကွာ'

'ဟင်း...ဟင်း... ဟင်း... ဟင်း... ဖိုးတင်အောင်ရာ၊ မင်းသည်းပဲ အီကြာကွေးကို အတော်ကလေး ကြောက်နေပြီပေါ့၊ ဟုတ်လား'

'ဟ... ဘယ်သူမှ အဲသည်ဝါးတောကို မလာဝံ့ကြဘူး လား နို့ကြောင့် သည်ဝါးတောကိုလွန်ပြီး ခု ငါတို့ခုတ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝါးတောမှာပဲ လာပြီး ဝါးခုတ်ကြတာကလား၊ တကယ်တော့ အဲဒီဝါးတောလေးက အင်မတန် ဝါးကောင်းသလို အင်မတန် ဝါးဆဲပါတာကလား၊ ငါတော့ အဲဒီဝါးတောမှာတောင် ဝါးပင်ခုတ် ချင်လာပြီ"

"အလိုလေးဗျာ... မင်းနှယ်ကွာ၊ သွားရင်းလာရင်း အဲဒီ ဝါးတောမယ် ငှက်ပစ်ချင်တဲ့စိတ်တင်မဟုတ်ဘူး၊ ဝါးတောင်ဝင်ခုတ် နေချင်ပြီပဲ ဆိုပါကလား၊ စောပန်းအောင်ရယ် အဲလို ဗွေမဖောက် ချင်စမ်းပါနဲ့"

သို့ ဖိုးတင်အောင်က ပြောလိုက်သည်တွင် စောပန်းအောင် တစ်ယောက် ငိုင်တွေ၍သွားရချေတော့သည်။

"ဘာလဲ... မင်းက ငါမဖြစ်နိုင်တာကို ဟန်လုပ်ပြောနေ တယ် ထင်လို့လား"

"ငါတော့ အဲလိုထင်တာပဲ"

လို့ ဖိုးတင်အောင်က ရယ်စရာမောစရာအဖြစ် ပြောလိုက် သဖြင့်...

"ဟိတ်ကောင် ဖိုးတင်အောင်၊ မင်း ငါ့ကို အသေအချာ ကြည့်စမ်း၊ အဲဒီဝါးတောမှာ ငါ တစ်ယောက်တည်းနေခဲ့ပြီး ငှက် ပစ်ခဲ့မယ်ကွာ၊ မင်းပြန်နှင့်"

"မင်း... မင်း ပေါက်တတ်ကရတွေ မလုပ်နဲ့နော်၊ ငါ ပြောပြီးပြီမဟုတ်လား၊ ဟိုမယ် ငါ ရှာကျွေးပါ့မယ်လို့"

သို့နှယ် ဖိုးတင်အောင်ကလည်း ပြောလေ၏။ နားချလေ ၏။

"မရဘူးကွာ... မရဘူးကွာ၊ မင်း ပြန်ချေကွာ"





သို့ တွင်တွင်ငြင်းပြီး ရှေ့မှ ခပ်သွက်သွက်လျှောက်သွား လေတော့၏။

သည်တော့ ဖိုးတင်အောင်သည် သူ့နောက်မှ အမီလိုက် သွားရချေတော့၏။ သို့ဖြင့် ထိုဝါးတောသို့ ရောက်လာကြတော့၏။

အချိန်လည်း အတန်ငယ် လင့်လေပြီဖြစ်၏။ ဝါးတော သည် စိမ်းစိမ်းစိုစို အုံ့အုံ့ဆိုင်းဆိုင်းရှိခြင်းကြောင့် အလင်းစောစီးစွာ မှေးမှိန်သွားရခြင်းဖြစ်၏။

"စောပန်းအောင်ရေ... ခပ်သွက်သွက်လျှောက်ချေကွာ၊ တော်နေခါ တောမရောက်ခင် မှောင်လာချေဦးမယ်"

သို့ဆိုသလို ဖိုးတင်အောင်က မသိလိုက်ဘာသာဖြင့် စကားအော်ပြောလိုက်ခြင်းဖြစ်၏။ သို့ငြား စောပန်းအောင်က...

"ဟိတ်ကောင် ဖိုးတင်အောင်၊ ငါစကားတစ်ခွန်းပဲပြော မယ်၊ ငါ သည်မယ် ငှက်ပစ်နေခဲ့မယ်" လို့ ပြောလေသဖြင့်...

"မင်း... မင်း နောက်ပြောင်နေတာမဟုတ်လား"

သို့ ဖိုးတင်အောင်က နပ်ကြောင်းပေး ပြောလိုက်ပြန်ငြား-

"ငါ ဘယ်တုန်းက နောက်ဖူးလဲ၊ ကဲ... ကဲ... မင်း သွားတော့၊ မင်းမလိုက်ရဲလျှင် နေခဲ့ချေ၊ ငါသွားပြီ"

သို့ဆိုလျက် စောပန်းအောင်သည် သူတို့စခန်းအဖြစ်လမ်း ဝါးတောအစပ်ဖြစ်သည့် လမ်းမြောင်လေးမှ သွေဖည်၍ ဝါးတော အတွင်းသို့ ဝင်သွားလေတော့၏။

"ဟ... သည်ကောင် တကယ်ပါပဲလား"

သို့ဆိုလျက် ဖိုးတင်အောင်သည် စောပန်းအောင်ကို မသက်သာစွာ ကြည့်နေလိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ဟိတ်ကောင် ငါပြန်တော့မယ်'

သို့ လှမ်းပြောလိုက်၏။ စောပန်းအောင်တစ်ယောက် လှည့်၍ပင် မကြည့်ပါတော့ချေ။

'ငါတော့ မိုက်ရူးရဲမဆန်ချင်ဘူးကွ' ဆိုလျက် ဖိုးတင်အောင်သည် စခန်းသို့ သုတ်ခြေတင် ပြန်ခဲ့လေတော့၏။

သူ ခြေလှမ်းသွက်သွက် လျှောက်ခဲ့လေသည့်အပြင် တစ်ယောက်တည်း ထိုဝါးတောကို ဖြတ်ခဲ့ရသည်ကြောင့် စိတ်မလုံဖြစ်ခြင်းကြောင့် ပြေးတန်သည် ပြေးလာခဲ့လေခြင်းကြောင့် စခန်းတဲသို့ မှောင်စပျိုးတွင် ရောက်လာတော့၏။

'ဟူး…'

လေမှုတ်ထုတ်ကာ ဝါးကြမ်းခင်းပေါ် ထိုင်ချလိုက်၏။

'ဟိတ်ကောင်… စောပန်းအောင်ကောကွ'

ခပ်လှမ်းလှမ်း ဝါးခုတ်တဲမှ ဖထီး ထွန်းရွှေက လှမ်းမေးလေသဖြင့် အကျိုးအကြောင်း ပြောပြလိုက်သည်တွင်…

'ပန်းအောင်တော့ ငါတို့ကို အရှုပ်ကောင်လုပ်ဦးမယ် ထင်ပါ့ကွာ' လို့ ညည်းတွားပြောလေတော့၏။

ထိုတစ်ညလုံး ဖိုးတင်အောင်သည် အိပ်၍မပျော်တော့ချေ။ ပန်းအောင် ပြန်ရောက်လာနိုး စောင့်ရင်း စောင့်ရင်း အချိန်တွေကုန်လွန်ခဲ့လေ၏။

ပတ်ဝန်းကျင်အနီးရှိ ဝါးခုတ်တဲမှ ဝါးခုတ်သူများ အိပ်မောကျနေပြီဖြစ်ငြား ဖိုးတင်အောင်တစ်ယောက် မအိပ်နိုင်သေးချေ။

သည်ကောင် ဘာများဖြစ်နေပါလိမ့်။

အစဦးပိုင်းက စောပန်းအောင် ပြန်လာမှ ထမင်းစားမည်





ဟူ၍ကာ စောင့်နေသော်ငြား ဆာလောင်လာခြင်းကြောင့် စားထားနှင့်၍ တော်ပေသေးတော့၏။

စောပန်းအောင်ကား ရောက်မလာပါချေ။

စခန်းတဲရှေ့ မီးပုံနားတွင်ထိုင်လိုက် တဲပေါ်ပြန် အညောင်းအညာပြေ လဲလျောင်းလိုက်နှင့် စောင့်နေရှာ၏။

လင်းကြက်သံပင် သဲ့သဲ့ကြားရပေငြား စောပန်းအောင်ကား ပြန်ရောက်မလာချေ။ ပတ်ဝန်းကျင်၌ ချွတ်… ချွတ်… ချွတ်… မြည်လေတိုင်း ပန်းအောင်လေလား လှမ်းကဲကြည့်ရသည်မှာ အမောပင်။

မိုးလင်းလုတွင် လွန်မင်းစွာ အိပ်ချင်လာသည်ကြောင့် စိတ်ဒုန်းဒုန်းချ လှဲအိပ်လိုက်တော့၏။

သို့ငြားလည်း အိပ်လို့မပျော်ပါချေ။

မျက်ခွံများ လေးလံခြင်းသာ ရှိချေ၏။ အသိက ရှိနေ၏။ ကိုယ်လက်တို့ လွန်မင်းစွာ ညောင်းညာနေ၏။

သူ့အထင် အသိစိတ်တစ်ခုတည်းသာ ဖြစ်နေခြင်းဟု ထင်လိုက်၏။

သူ့အသိဆိုသည်ကလည်း စောပန်းအောင်ကိစ္စသာလျှင်ဖြစ်ချေ၏။

'ဟိတ်ကောင်လေး… ပန်းအောင် ပြန်မလာဘူးလား'

သို့အသံကြောင့် လေးလံနေသော မျက်ခွံကို အားယူဖွင့်လိုက်၏။

'ဟင်…'

ပတ်ဝန်းကျင်တွင် လင်းနေပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



ဖထီထွန်းရွှေ ဖြစ်၏။

'ဟုတ်တယ်… ကျွန်တော်လည်း သူ့ကိုစောင့်ရင်းနဲ့ မိုးလင်းလုမှာ အိပ်လိုက်တယ်၊ နို့ပေမင့် ကောင်းကောင်းအိပ်မပျော်ပါဘူး ဖထီရယ်၊ သည်ကောင် ဘာဖြစ်နေပြီလဲ မသိဘူး'

'မင်းကောင်က မိုက်ရူးရဲဆန်တယ်ကွာ၊ ကဲ… ကဲ… ထတော့လေ၊ တော်နေ မင်း ဝါးခုတ်သွားရဦးမယ် မဟုတ်လား'

'ဟုတ်တော့ ဟုတ်ပါတယ်၊ နို့ပေမင့်လို့ ဖထီကို အကူအညီတစ်ခုတောင်းချင်တယ်'

'ပြောကြည့်လေ'

'ကျွန်တော့်သူငယ်ချင်း ပန်းအောင်ကို အဲဒီ ဝါးတောမယ် သွားရှာချင်တယ်'

'ဟေ…'

'ဟုတ်တယ် ဖထီ ကူညီပါ၊ ကိုယ့်တစ်ရွာတည်းသားတွေပဲမဟုတ်လား'

'အေးလေကွာ… နို့ဖြင့်လည်း ငါ ဟိုကောင်တွေကို သွားပြောချေမယ်' လို့ ဆိုလျက် စောထွန်းရွှေသည် သူ့တဲရှိရာသို့ ပြန်သွားလေ၏။ သူ့တဲရှေ့တွင် ဝါးခုတ်သွားရန် တာစူနေကြသည့် လူများနှင့် ဖထီ ဘာတွေပြောနေကြသည်မသိ။

ဖထီက သူတို့ကို အကျိုးအကြောင်းရှင်းပြ အကူအညီ ပေးရန် ပြောနေခြင်းဖြစ်၏။ တကယ်တော့ ဖထီသည် သူတို့ရွာက ဖြစ်၏။ သူတို့ထက် အသက်ကြီး၏။ ဖထီကို အားလုံးက လေးစားချစ်ခင်ကြ၏။ သို့ကြောင့်လည်း ဖိုးတင်အောင်က ဖထီထွန်းရွှေကို အကူအညီတောင်းလိုက်ခြင်းဖြစ်၏။ ဖထီနှင့် အဆင်ပြေလျှင်





အားလုံးနှင့် အဆင်ပြေလေသည်ပဲ မဟုတ်ပါကလား။

'ကဲ… ဖိုးတင်အောင်၊ လာလေ သွားကြစို့'

သို့ဖြင့် သူတို့သည် စောပန်းအောင် ဝင်သွားသော ဝါးတောသို့ ဝင်ခဲ့ကြတော့၏။

'သူ ဘယ်နေရာက ဝင်သွားတာတုန်း'

ဖထီထွန်းရွှေက မေးသဖြင့်…

'ရှေ့နားက တယ်ကြီးပင် သုံးပင်စုပေါက်နေရာလောက်ဆီကနေ ဝါးတောထဲ ဝင်သွားတာပဲ'

သို့ဖြင့် ဖထီစောထွန်းရွှေ သူဦးဆောင်သော လူတစ်သိုက်သည် ဖိုးတင်အောင်ပြောသည့် တယ်ပင်ကြီးနား ရောက်သည်နှင့်…

'ဟင်…'

'ဟာ…'

'အို…'

သူတို့အားလုံး တအံ့တသြဖြစ်သွားကြ၏။

ထိတ်လန့်တုန်လှုပ်သွားကြတော့၏။

တစ်ယောက်မျက်နှာ တစ်ယောက် အံ့သြတကြီး ကြည့်လိုက်ကြတော့၏။

အားလုံး တယ်ပင်ကြီးနှင့် ခပ်လှမ်းလှမ်း ဝါးတောအတွင်းပိုင်းဆီသို့ သွားလိုက်ကြတော့၏။

သို့ ဝါးတောကြားမှ…

'သည်ကောင် မသေခင် တုန်လှုပ်အံ့သြနေပုံပဲကွ'

သို့ ဖထီ ထွန်းရွှေက စောပန်းအောင်အလောင်းကို အသေ



www.burmeseclassic.com

www.burmeseclassic.com



အချာကြည့်ကာ ပြောလိုက်ချေ၏။

စောပန်းအောင်၏ မျက်နှာသည် လွန်မင်းစွာ အံ့ဩတကြီး ဖြစ်သွားဟန် ထိတ်လန့်တုန်လှုပ်ဟန် ပေါ်လွင်နေတော့၏။

"ဘယ်လိုဖြစ်လို့ အဲလိုဖြစ်သွားရတာတုန်း"

ဖိုးတင်အောင်က စောပန်းအောင်၏အလောင်းကို စေ့စေ့ ကြည့်ရင်း မေးလိုက်လေ၏။ ဖထီ စောထွန်းရွှေသည် စောပန်း အောင်၏အလောင်းကို စေ့စေ့ကြည့်လိုက်လေပြီးနောက်…

"သူ့တစ်ကိုယ်လုံးမှာ ဘာဒဏ်ရာမှတော့ မတွေ့ဘူး၊ ရုတ်တရက် ထိတ်လန့်စရာမြင်လိုက်ပြီး 'ရှော့ခ်' ဖြစ်သေသွားတာ ဖြစ်မယ်"

"မင်သတ်တာ မဟုတ်ပါဘူးနော်"

သို့အသံကြောင့် ဖိုးတင်အောင်သည် လှည့်ကြည့်လိုက်၏။

"ဟင်…"

စောပန်းအောင်နှင့် ဘယ်လိုမှ မတည့်ကြသော တစ်ရွာ တည်းသား ဖြစ်နေချေ၏။

သူနှင့်လည်း ရန်ဘက်ဖြစ်ဖူး၏။ ကုလားဒိန်အောင်တင် ဖြစ်၏။

"မင်း ဘာစကားပြောတာတုန်း"

ဖိုးတင်အောင်က ဒေါသဖြင့် လှမ်းဟောက်လေ၏။

"တော်ကြစမ်းပါကွာ"

စောထွန်းရွှေက နှစ်ယောက်စလုံးကိုကြည့်၍ ငေါက်ငမ်း ပြောလိုက်လေမှ နှစ်ယောက်စလုံး ငြိမ်သွားတော့၏။

"မင်းတို့တွေ ဘာမှပြောမနေနဲ့၊ စောပန်းအောင်ကိုသတ်





တဲ့ တရားခံကို ငါသိတယ်"

"ဟင်…"

"ဟုတ်လား"

"ပြောစမ်းပါ ဖထီရယ်"

"စောပန်းအောင်ကိုသတ်တာ အီကြာကွေးတို့ပဲကွ"

"ဟာ…"

အားလုံးက တအံ့တဩဖြစ်သွားကြတော့၏။

"မယုံမရှိကြနဲ့ကွာ၊ စောပန်းအောင်က အီကြာကွေးတို့ကို မြင်လိုက်ပြီး ထိတ်လန့်ကြောက်ရွံ့ လန့်ဖျပ်သေသွားတာဖြစ်မယ်"

"ဖြစ်နိုင်ပါလေမလား"

မည်သို့ပင်ဖြစ်စေ စောပန်းအောင်တော့ဖြင့် သေလေပြီပဲ။

သူကြီးက မည်သူမျှ မသွားကြပါနှင့်လို့ ပြောခဲ့သည့် …တောတွင် သေခဲ့လေခြင်းဆိုတော့ အီကြာကွေးတို့ကြောင့်ပင် …ချိန့်မည်။ ရွာဘုန်းကြီး စန္ဒာဝရ မပြောလေနှင့်။ ဆီးပင်ဆိပ် …ကြီး မိလိန္ဒသည်ပင် အီကြာကွေးတို့ကို လက်ပိုက်ကြည့်နေ …သည် မဟုတ်ပါကလား။

"သည်ဝါးတောက ဝါးပင်တွေကို ဝင်ခုတ်တဲ့သူတော့ …ကြာကွေးတို့နဲ့ တွေ့ပြီသာမှတ်"

သို့ သတ်မှတ်ကြသည်ပဲ။

စောပန်းအောင်သည် ထိုဝါးတောတွင်း အရဲစွန့်ဝင်သွား …သည်ပဲ။ မနေ့ညနေက သူလည်းပါသေး၏။

သေချင်တော့လည်း ကြံဖန်ဖြစ်ရခြင်းလို့ တွက်လိုက်ရ …၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ စောပန်းအောင် သေဆုံးလေသည်ကြောင့် ထိုဝါးတောအတွင်း မည်သူမျှ ဖြတ်သွားဖြတ်လာပင် မလုပ်ကြတော့ချေ။

စတော်သာ၍ ဝါးတောအစပ်မှ သွားကြသည်တွင် တစ်ယောက်တည်း၊ နှစ်ယောက်တည်း မသွားကြချေ။

အုပ်စုအုပ်စုဖွဲ့ဝေးနှင့် သွားကြခြင်းသာ ရှိချေတော့၏။

ထိုဝါးတောသည် နာမည်ဂုဏ်သတင်း မွေးပုံ့ထွက်လာတော့၏။

သို့ဆိုတော့ကာ ဝါးကုန်သည်များကလည်း ဝါးကောင်းဝါးသန့်များ မရလေခြင်းကြောင့် မန်းကလိရွာသည် ခြောက်သွေ့လို့လာချေတော့၏။

ဝါးကုန်သည်တွေလည်း အသွားအလာ မရှိကြတော့သည်ကိုး။ မန်းကလိဝါးသည် တစ်ချိန်က နာမည်ကြီးလှချေ၏။

အများသူငါ ဝါးထက်စာလျှင် မန်းကလိဝါးကို ဈေးပိုပေးဝယ်ကြ၏။

အဲဒီလောက်ကောင်းသည်ပေါ့။ ခုတော့ မန်းကလိသားတို့ မထုတ်နိုင်လေပြီ။

'အဲကြာကွေးတို့ အပိုင်စားယူသွားချေပြီကော'

မန်းကလိရွာသားတို့ အပျက်အပျက်နှင့် နာခေါင်းသွေးထွက်လာချေပြီ။

သည်တော့ ရွာဘုန်းတော်ကြီး စန္ဒာဝရက မိန့်လေ၏။

'သူကြီးကို ပြောစရာရှိတယ်'

'ပြောပါ ဘုန်းဘုန်း'

'သည်ကိစ္စနဲ့ပတ်သက်လို့ ကျုပ် သံသယဖြစ်မိတယ်'





'ဘာကိုဆိုလိုချင်တာတုန်း'

'ဟိုဝါးတောကိစ္စ၊ အဲကြာကွေးတို့ကိစ္စ'

'တပည့်တော် နားမရှင်းဘူး'

'အဲကြာကွေးတို့သေတာ သွေးရိုးသားရိုး တောထဲမှာ အမှားအယွင်းလုပ်မိကြလို့၊ ဟုတ်တယ်လား'

'ဟုတ်တယ်လေ ဆရာတော်ရဲ့၊ လိပ်ကောင်ကို ပက်ပက်စက်စက် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြတာ၊ တောစောင့်နတ်ကြီးက မကြိုက်လို့ ဒဏ်ခတ်လိုက်တာလေ'

'ထားပါကွာ၊ ဆရာတော်ပြောချင်တာ စောပန်းအောင်ကိစ္စ'

'မိန့်တော်မူပါဘုရား'

'စောပန်းအောင် သေတာ သွေးရိုးသားရိုး မဖြစ်နိုင်ဘူး'

'နို့ဖြင့်...'

'သည်လို သူကြီးရဲ့၊ စောပန်းအောင်သေရတာ သွေးရိုးသားရိုးမဖြစ်နိုင်တာက ဘာကြောင့်လဲဆိုတာ ဂဃနဏသိမှဖြစ်မယ်လေ၊ ပြီးတော့လည်း တစ်ချိန်က ကျုပ်တို့ မန်းကလိရွာဟာ ဝါးကောင်းထွက်လို့ အတော်နာမည်သတင်းမွေးနေတာ၊ ရွာသားတွေက သည်ဝါးနဲ့ စားဝတ်နေရေး အဆင်ပြေနေတာ၊ ခုတော့ သုံးဝပျက်စီးသွားပြီ၊ ရှေ့လျှောက်ဘယ်လိုစခန်းသွားကြမလဲ'

'မိန့်ပါဦးဘုရား'

'သည်ဝါးတောက ဝါးတွေ ပြန်ခုတ်နိုင်အောင်ရယ်၊ စောပန်းအောင်သေတဲ့ကိစ္စ အဖြစ်မှန် သိဖို့ရယ်ဆိုတာကို သိနိုင်တဲ့သူရှိတယ်'

'ဟင်...'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ…'

'ပြောပါဦး ဆရာတော်ရယ်၊ ဆရာတော်လည်း အသိပဲ၊ တပည့်တော်လည်း ရွာလူကြီးတစ်ယောက်ဖြစ်ပြီး ဘယ်လိုမှ စဉ်းစားမရဖြစ်နေတာ'

'နို့ဖြင့် ကျုပ်ပြောနေပြီလေ'

'နာခံရုံအသင့်ပါပဲ ဆရာတော်ရယ်'

'မီးလောင်ကုန်းရွာကို သွားချေ'

'ဟင်… သည်လောက်အဝေးကြီး ဘာသွားလုပ်ရမှာတုန်း'

'လာချင်လျှင် အနီးလေး၊ မလာချင်လျှင် ခရီးဝေးဆိုတာ မေ့နေပြီလား သူကြီးရဲ့၊ နီးနီးဝေးဝေး ကိုယ့်ရွာအကျိုးအတွက် ဖြည့်ဆည်းပေးနိုင်တဲ့လူတွေ ရှိနိုင်လောက်တဲ့နေရာကို သွားဖြစ်အောင်သွားရမယ်'

'ကောင်းပါပြီ ဆရာတော်ရယ်'

'နို့ဖြင့် အသေအချာ ကျုပ်ပြောတာကို နားထောင်ချေ'

'မိန့်ပါဘုရား'

'ကျုပ်မိတ်ဆွေ မုဆိုးနှစ်ယောက် မီးလောင်ကုန်းရွာကို အမြဲလာတတ်တယ်၊ သူတို့သာဆိုလျှင် ကျုပ်တို့ရွာ ဖြစ်နေတဲ့ကိစ္စကို ရှင်းပေးနိုင်လိမ့်မယ်၊ ကျုပ်နဲ့လည်းခင်တဲ့ မီးလောင်ကုန်းရွာသူကြီးဆီကို သွားပေရော့၊ ပြီးတော့ ကျုပ်အသိ မုဆိုးနှစ်ယောက်နဲ့ တွေ့အောင်စီစဉ်၊ ဟုတ်ပြီလား'

'တင်ပါဘုရား'

✣ ✣ ✣





လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် အမဲပစ်ရန်အလို့ငှာ မီးလောင်ကုန်းကျေးရွာသို့ လာကြသည်တွင် တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပင် မန်းကလိကျေးရွာသူကြီး ဖိုးလှိုင်ညွန့်နှင့် ဆုံကြသည်တွင် အကြောင်းကြွေးတို့အကြောင်း သိရလေ၏။

'ကိုပိုက်တို့ ကူညီစေချင်တယ်'

မီးလောင်ကုန်းရွာသူကြီးကပါ ပြောလာသဖြင့် မန်းကလိရွာ ဘုန်းတော်ကြီး စန္ဒာဝရဆိုသည်မှာလည်း အင်းစိန်တွင် ဆုံခဲ့ဖူးကြသည်ကြောင့် သည်ကိစ္စ ကျွန်တော်တို့ ခေါင်းရှောင်၍ မရချေတော့ပြီ။

သို့ဖြစ်ခြင်းကြောင့် ရွာလူကြီး ဖိုးလှိုင်ညွန့်နှင့်အတူ မီးလောင်ကုန်းတွင် တစ်ညနားနေ အိပ်စက်ပြီးနောက် မနက်လင်းတွင် ထွက်ခဲ့ကြတော့၏။

'ကိုပိုက်တို့ အပြန်ကျ ဝင်ခဲ့ချေဦး'

သို့ ဦးဇာမဏိက မှာလေ၏။

'အပြန် ဝင်ခဲ့ပါ့မယ်၊ သည်ကနေပဲ ပြန်ကြမှာပဲဗျာ'

'မန်းကလိဆရာတော် စန္ဒာဝရက အမြဲရှိလား'

သို့ ကျွန်တော်က လမ်းတွင် ဖိုးလှိုင်ညွန့်ကို မေးလိုက်၏။

'ရှိတာများပဗျာ၊ နို့ပေမင့်လို့ ဆရာတော် ဝါယမ(၉၃) ကျောင်းနဲ့ မိလိန္ဒကျောင်းကို သွားတာများပါတယ်'

'နို့ မေးရပါဦးမယ်၊ မိလိန္ဒဆိုတာ ဟို ခပ်ပုပု၊ မျက်နှာ ဖြူဖြူ၊ ဂင်တိုတိုဘုန်းတော်ကြီး မဟုတ်လား'

'ဟုတ်ပါတယ်၊ မိလိန္ဒနဲ့ စန္ဒာဝရက ပညာသင်ဘက်လို့ ပြောတယ်'



www.burmeseclassic.com

www.burmeseclassic.com



'နို့ မိလ္လိန္တ ဘယ်မတုန်း'

'ဆီးပင်ဆိပ်မှာလေ'

'ဗျာ...'

'ဥက္ကံ့ဆီးပင်ဆိပ် ပြောတာလား'

'ဟုတ်ပါ့ဗျာ'

'မသိဘူးဗျာ... အပြန်ကျ ဝင်ချေဦးမယ်၊ နို့ ဘယ်ကျောင်းမှာတုန်း'

'ဆီးပင်ဆိပ် ဈေးလမ်းမှာလေ၊ ဟိုဗျာ မုဆိုးကြီးမြင့်မောင်သိလား'

'ဘယ်မသိရှိပါ့မလဲဗျာ'

'သူ့အိမ်တော သိလား'

'သိတာပေါ့'

'အဲ... သူ့အိမ်ရှေ့ မျက်စောင်းထိုးကလေ'

'သိပြီ... သိပြီ... အပြန်ဝင်ချေဦးမယ်'

သို့ဖြင့် ကျွန်တော်တို့သည် နေမွန်းတည့်လောက်တွင် ဓာလာခေန်းသို့ ရောက်သွားကြ၏။

ဓာလာစခန်းတွင် ဝါးခုတ်သမားမြောက်မြားစွာကို တွေ့ရ၏။ သူတို့တွေ ဘယ်သွားဝါးခုတ်ကြမည်တုန်း။

ကျွန်တော်က စပ်စပ်စုစုမေးလိုက်၏။

'စပါးကြီးမြောင်ပေါ် တက်ကြမှာ'

'အဲဒီမယ် ဝါးကောင်းလား'

'သိပ်တော့ မစွံဘူးဗျ၊ သည်တစ်ကြောမယ် ကျုပ်တို့ မန်းကာလိဝါးကို ဘယ်ဝါးမှမမီဘူး'





'နို့ဖြင့်လည်း မန်းကာလိပဲ သွားခုတ်ကြပါလားဗျာ'

'အလျှင်ကတော့ နယ်စုံကလာကြတယ်၊ ခု နယ်စုံကလာဖို့မပြောလေနဲ့၊ ကျွန်တော်တို့ မန်းကာလိကတောင် အဲဒီဝါးတောထဲ ဘယ်သူမှ ဝါးသွားမခုတ်ကြပေတော့ဘူးဗျ'

'ဘာလဲ အီကြာကွေးတို့ကြောင့်လား'

ကျွန်တော် ပြုံးစေ့စေ့ဖြင့် ဝင်မေးလိုက်၏။

'အီကြာကွေးကို ကြောက်ကြတဲ့အပြင် စောယန်းအောင်သတဲ့ကိစ္စမှာလည်း တရားခံဘယ်သူ အတည်မပြုနိုင်သေးတော့ ကြောက်နေကြတာပေါ့ဗျာ၊ ဘယ်လိုခေါ်မလဲ၊ အမည်မဖော်နိုင်တဲ့ မရေရာတဲ့ လူသတ်ကောင်ကို တွေးပူကြောက်နေကြတာပေါ့ဗျာ'

'သည်လောက်ကြီးလည်း ကြောက်စရာမလိုပါဘူးဗျာ၊ ကျွန်တော်တို့ မန်းကာလိရောက်သွားလျှင်ဖြင့် အားလုံးပြေလည်သွားရပါစေ့မယ်ဗျာ'

'အဲလို ဖြစ်ချင်တာပေါ့ဗျာ၊ နို့မှမဟုတ် မန်းကာလိရွာတောင် တစ်နေရာကို ရွှေ့ပြောင်းရမလိုဖြစ်နေပြီ'

'ဟား... ဟား... ဟား... ဟား...'

'ဟင်း... ဟင်း... ဟင်း... ဟင်း... ဟင်း...'

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ဖိုးလှိုင်ညွန့်ကို ဤသို့ ပြောလိုက်ပြီး သာသာညင်း ရယ်မောလိုက်ကြတော့၏။

'အဲလိုလည်း မလိုလောက်ဘူး ထင်ပါတယ်ဗျာ၊ နို့ မေးပါရစေ၊ မန်းကာလိကို သည်နေ့ အရောက်သွားမှာလား'

ကျွန်တော်က မန်းကာလိကို ရောက်ဖူးခြင်းမရှိသည့်အကြောင်း သို့ မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အမေးစကားသည် လင်းမြင့်လှိုင်ကိုလည်း ရည်ညွှန်းသလို ဖိုးလှိုင်ညွှန့်ကိုလည်း ရည်ရွယ်မေးလိုက်ခြင်းဖြစ်၏။

လင်းမြင့်လှိုင်က…

'ကျွန်တော်လည်း မရောက်ဖူးတော့ မသိပေဘူးဗျ၊ ဖိုးလှိုင်ညွှန့် ပြောကြည့်ပါလား'

'ကျွန်တော်တို့ သည်တော သည်တောင်ထဲ ခရီးသွားကြမယ်ဆိုလျှင်ဖြင့် ဘယ်အချိန်ရောက်မလဲ၊ ကိုယ့်ရွာပဲ၊ ခရီးဘယ်လောက်ဝေးလဲဆိုတာ မသိချင်ကြဘူးဗျ၊ သိချင်လို့လည်း မရဘူးလေဗျာ'

'အလို… ဘယ်လိုကြီးပါလိမ့်'

'ကျွန်တော်တို့က မကြိုက်ဘူးလေ၊ ဒါက ထုံးစံလိုဖြစ်နေတာ'

'ဩော်… အဝေးပြေးကားသမားတွေလိုပေါ့၊ ခရီး ဘယ်အချိန်ရောက်မှာလဲ၊ သူတို့ကို မမေးရဘူးဆိုသလိုပေါ့'

'ဟုတ်တာပေါ့ဗျာ'

'နို့ဖြင့်လည်း မမေးဘူးလို့ပဲ မှတ်လိုက်ပေါ့ဗျာ'

သို့ ကျွန်တော်က ပြောလိုက်လေ၏။

'ရောက်ချင်တဲ့အချိန် ရောက်ပေါ့ဗျာ၊ ဖိုးလှိုင်ညွှန့်သွားရာလိုက်သွားကြတာပေါ့ဗျာ၊ ဒါ မန်းကလိပဲဆိုလေမှ ကျွန်တော်တို့ မန်းကလိကိုရောက်ပြီလို့ မှတ်လိုက်ရေဗျာ'

လင်းမြင့်လှိုင် ပြောသလိုပင် နေလိုက်ရတော့၏။ သို့ဆိုပေမင့်…

'ရောက်ချင်တဲ့အချိန် ရောက်ချင်တဲ့နေရာ ရောက်ချင်





ရောက်ဗျာ၊ နို့ပေမင့်လို့ အမဲတစ်ကောင်ကောင်ဖြင့် ပစ်ထားမှ ဖြစ်ချိမ့်မယ်'

'ဖာလာကထွက်လျှင် ပစ်ကြတာပေါ့ဗျာ၊ ခုတော့ နားချင်ပြီ'

'ကဲ… ကဲ…. လာကြ၊ ဟိုရှေ့တောင်ကြောလေးထိပ်ယ် ကျူပ်တို့ရွာက ပြောင်းလာကြတဲ့ ကျားသိန်းဟန်တို့တဲရှိတယ်၊ တို့ သည်မယ် ရောက်နေကြတာ'

'ကောင်းပြီ… သွားကြတာပေါ့'

သို့ဖြင့် ကျွန်တော်တို့သည် ဖာလာစခန်းရှိ မန်းကလိသားဟောင်း ကျားသိန်းဟန်ဆိုသူ၏တဲသို့ သွားလိုက်ကြ၏။

'ဟာ… သူကြီး၊ ဘယ်တုန်းကရောက်တုန်း၊ ထမင်းရသေးဘူးမဟုတ်လား၊ ပြင်လိုက်မယ်နော်'

မန်းကလိရွာသား ကျားသိန်းဟန်ဆိုသည့်လူသည် သို့ ဖော်ရွှေရွှေ သူကြီးကို ဆက်ဆံသောသူ ဖြစ်ချေ၏။

'ဒါ ကျုပ်တို့ရွာ ဘုန်းတော်ကြီး စန္ဒာဝံရရဲ့ မိတ်ဆွေတွေ'

သို့ ဖိုးလှိုင်ညွှန့်က ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို ထိုသူ မိတ်ဆက်ပေးလေ၏။

'ဟာ… တွေ့ရတာ ဝမ်းသာဗျာ'ဆိုလျက် ဖော်ဖော် ဆက်ဆံလာချေ၏။ သို့ပေမင့်လို့ ကျွန်တော်တို့ကို သူကြီး ညွှန့်က အကြာကျေးကိစ္စနှင့် ပတ်သက်၍ အကူအညီတောင်းခြင်းဟု ပြောလိုက်ပြီးနောက်တွင်မတော့ ကျားသိန်းဟန်၏ သည် တည်တည်တန့်တန့် ခက်ထန်ထန်ဖြစ်သွားချေတော့၏။

ဘယ်လိုလူပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သူ့တွင် ဘယ်လိုလျှို့ဝှက်ချက်တွေ ရှိနေလို့များပါလိမ့်။

သူသည်လည်း မန်းကလိရွာသားဆိုတော့ အီကြာကွေး အစွပ်တော်ပုံတိစ္ဆနှင့် ပတ်သက်မှုရှိလို့ပေများလား။

သို့ကြောင့် သူ့တွယ်ရာတွင် ဖိုးလှိုင်ညွန့်အား...

"သည်လူ ကနေ့ချိန်ခါထိ မန်းကလိကို အသွားအလာ ရှိသေးလား"

ကျွန်တော်က မေးလိုက်၏။

"သူ မန်းကလိကို ပြန်မလာတာ နှစ်ပေါင်းမနည်းတော့ ဘူးဗျ၊ ကျွန်တော်တောင်မှ သွားရင်းလာရင်း သူ့ဆီဝင်နေလို့သာ အဆက်အဆံရှိနေတာ"

သို့ဆိုတော့လည်း စဉ်းစားစရာပေပဲကလား။ အီကြာကွေး တို့ကိုလည်း သူ မသိဟုပြော၏။ အီကြာကွေးတို့ ရွာရောက်မလာ ခင်ကတည်းက ကျားသိန်းဟန်သည် ဖာလာသို့ ပြောင်းသွားပြီဖြစ် သည်ဟု ပြော၏။

သို့ဆိုတော့လည်း စဉ်းစားစရာဖြစ်ရပြန်ပါ၏။

ကျွန်တော်တို့ကို ဘာလို့များ အမြင်မကြည်ဖြစ်သွားပါ လိမ့်။

သို့အကြောင်းကို ကျွန်တော်က လင်းမြင့်လှိုင်ကို တိုးတိုး ကပ်မေးလိုက်၏။

"ဒါကတော့ဗျာ... သူ့ကိစ္စနဲ့သူ ဖြစ်ပါလိမ့်မယ်"

သို့လည်း ဖြစ်နိုင်တာပဲလေဆိုပြီး ကျွန်တော်သည် ရေချိုး ရန်အလို့ငှာ ချောင်းရှိရာသို့ လင်းမြင့်လှိုင်ကိုခေါ်၍ ထွက်ခဲ့လေ တော့၏။





ဖာလာသည် ကျွန်တော်တို့ရောက်ဖူး၊ သွားလာဖူးသည့် နေရာဖြစ်ခြင်းကြောင့်ပင်။

ဖာလာစခန်းရှေ့ဘက်တွင် ဥက္ကံ့ချောင်းရှိသည် မဟုတ်ပါ လား။

ဥက္ကံ့ချောင်းဖြစ်ခြင်းကြောင့် ယခုလို မိုးအကုန် ဆောင်း အကူးကာလတွင် ရေရှိနေသေးသည်ကြောင့် ဝါးခုတ်သမားတို့သည် ဖာလာတွင် စခန်းချကာ ဝါးဆိပ်လုပ်ကြ၏။

တောင်ပေါ်မှ ခုတ်ယူလာသည့် ဝါးများကို ဖောင်ဖွဲ့ကာ ဥက္ကံ့သို့ မျှောတတ်ကြ၏။

သို့ကြောင့် ဖာလာစခန်းသည် ဝါးဒိုင်နေရာလေးလို ဖြစ် နေ၏။ ဝါးကုန်သည်ပွဲစားတို့လည်း ရှိကြချေ၏။

ဝါးဒိုင်လည်း ဖွင့်ထားကြ၏။ သို့ကြောင့်...

ဈေးဆိုင်များလည်းရှိ၏။ တည်းခိုစရာများလည်း ရှိ၏။ များအားဖြင့် သစ်ခုတ်ဝါးခုတ်သမားတို့၏ စုရပ်ကြီးဟု ဆိုရချိမ့် မည်။

သို့ကြောင့်လည်း ကျားသိန်းဟန်က ဈေးကွက်မြင်တတ် သူဖြစ်ခြင်းကြောင့် ဖာလာတွင် မိသားစုပြောင်းနေကာ ဈေးဆိုင်လာ ဖွင့်ထားခြင်းဖြစ်၏။

ဈေးဆိုင်က ပါချီပါချက်ဖြစ်ပေမင့် လူစည်ကားလွန်းလှ ၏ ဘယ့်တွက်မှ သူ့ဆိုင်တွင် သေရည်ရသောကြောင့်ဖြစ်ပေသည်။

ကျွန်တော်တို့သည် သူတည်ခင်းသည့် ထမင်းကို ဆာဆာ ဖြင့် စားလိုက်ကြ၏။ သူကြီးအပေါ်တော့ဖြင့် အစော်ကလေး အရေးထားဟန်တူ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟင်းအမယ်စုံလှချေ၏။ ဟင်းချက်လည်း ကောင်းလှချေ၏။ ကျွန်တော်အနှစ်သက်ဆုံးမှာ မျှစ်ချဉ်ဟင်းဖြစ်ချေ၏။

ကျွန်တော်စားရသည့် မျှစ်ချဉ်ဟင်းတို့တွင် ယခု ‘ကျား သိန်းဟန်’ တည်ခင်းသည့် မျှစ်ချဉ်ဟင်းသည် အကောင်းဆုံးဟု ပြောရချိမ့်ဦး။

‘မျှစ်ချဉ်ဟင်း ကောင်းသဗျ’ ကျွန်တော်က ပြောလိုက်၏။

‘ကောင်းမှာပေါ့… သူက ကျားသိန်းဟန်ဆိုပေမင့် တချို့က သူ့ကို ဝါးသိန်းဟန်လို့လည်း ခေါ်ကြတယ်လေ’

‘ဟင်…’

‘ဗျာ… ဘယ်လို ဝါးသိန်းဟန်တဲ့လား’

‘ဟုတ်တယ်… ဝါးသိန်းဟန်လို့ ခေါ်ရတာကလည်း သူက ဝါးနဲ့ပတ်သက်ပြီး ကျွမ်းကျင်မှုရှိတယ်လေ၊ ဝါးဆိုတာက ‘မျှစ်’၊ ဘယ်လိုမျှစ်မျိုးကောင်းတယ် မကောင်းဘူး သိတယ်၊ သူ့ဘဝတစ်လျှောက် ဝါးတောထဲမှာကြီးပြီး ဝါးတွေနဲ့ပဲ လုပ်ကိုင်စား ခဲ့တာကလား၊ နို့ကြောင့်လည်း ဝါးနဲ့ စီးပွားဖြစ်လာတာ’

‘ဟုတ်လား’

‘ခုတော့ သူ့ကို အကျိုးပေးတဲ့ ဝါးနဲ့ လုပ်ကိုင်မစားတော့ ဘူးလား၊ သည်ဆိုင်လေးကလည်း စီးပွားဖြစ်ပုံရတယ်’

သို့ ကျွန်တော်က သူ့သေရည်ဆိုင်တွင် လာရောက် သောက်သုံးကြသည့်သူများကိုကြည့်ပြီး ပြောလိုက်၏။

‘သိပ်ဖြစ်တာပေါ့ မိတ်ဆွေရယ်၊ ဝါးသိန်းဟန်ဆိုကြပေ မင့် ခုတော့ သေရည်သိန်းဟန်လို့ ပြောင်းခေါ်သင့်ကြပြန်ပြီလို့သာ ပြောရမှာပဲ’





သို့ဆိုသလို ကျားသိန်းဟန်က ဝင်ပြောလေ၏။ ကျွန်တော့်ကိုလည်း ပြုံးစိစိမျက်နှာပေးဖြင့် ကြည့်နေ၏။

‘နို့… နေပါဦး၊ ခင်ဗျားနာမည် ကျားသိန်းဟန်ဆိုတော့ အဆန်းပါကလား’

သို့ လင်းမြင့်လှိုင်က မေးလိုက်သည်တွင် ကျားသိန်းဟန် သည် သရော်ပြုံး ပြုံးလာချေပြီး…

‘ခင်ဗျားတို့က မုဆိုးတွေပဲ၊ ကျားတစ်ကောင်ပစ်ဖူးလား’ မေးလာ၏။

သို့ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင် တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ အဓိပ္ပာယ်ပါပါ ပြုံးလိုက်ကြပြီး–

‘ဟင့်အင်း’

‘မပစ်ဖူးဘူး’

လို့ ပြောလိုက်ကြ၏။ သည်တွင် ကျားသိန်းဟန်က ခေါင်းကိုမော့ ရင်ကိုကော့လိုက်လေပြီး…

‘ကျုပ် ကျားတစ်ကောင်ကို ပစ်ဖူးတယ်၊ နို့ကြောင့် ကျား သိန်းဟန်ရယ်လို့ ဘွဲ့ရခဲ့တာပဲ’

‘ဩော်… အင်း’

‘ဘယ်လိုပစ်ခဲ့တာတုန်း၊ ဘယ်မှာတုန်း’

လို့ ကျွန်တော်က စပ်စပ်စုစု မေးလိုက်ပြန်၏။

‘သူကြီး သူတို့ကို သည်အကြောင်းမပြောဖူးဘူးလား’

ကျားသိန်းဟန်က သူကြီးဖိုးလှိုင်ညွှန့်ကို ကြည့်၍ပြော သည်၏။

‘မင်းကွာ ခုမှ မင်းနဲ့ဆုံတယ်၊ မိတ်ဆက်ပေးတာပဲရှိသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မင်း ထမင်းကျွေးလို့ စားကြတယ်၊ ကဲ… ဘယ်သွားပြော ချိန်ရှိဦးမှာတုန်းကွ'

'ဟင်… ဟုတ်ပေသားပဲ၊ နို့ဆိုတော့လည်း မေးလာတဲ့သူရှိတော့ ပြောပြရတာပေါ့ဗျာ၊ နို့မဟုတ် တမင်ကြွားဝါတယ် ထင်ကြပေဦးမယ်'

'မထင်ပါဘူး ကိုသိန်းဟန်ရယ်၊ ပြောပြစမ်းပါဦး'

'ကြာတော့ ကြာပါပြီ၊ မန်းကလိဝါးတောမယ် ဝါးခုတ်သွားရင်း ကျားတစ်ကောင်နဲ့ တွေ့တယ်၊ တွေ့တာမှ ထိပ်တိုက်ရင်ဆိုင်ဗျာ၊ ကျုပ်နဲ့အတူ အဖော်သုံးယောက်တော့ ပါတယ်ဗျာ၊ ဟိုကောင်းချင်တော့ ကျုပ်လက်ထဲမလည်း လှံရှည်တစ်ချောင်း ရှိနေတယ်၊ ကျန်သုံးယောက်မှာတော့ ဝါးခုတ်ဓားပဲပေါ့၊ ကျုပ် အဖော်သုံးယောက် ကျုပ်ရဲ့နောက်မှာ ဝင်ကွယ်နေကြတယ်၊ အတော်ကလေးလည်း ကြောက်နေကြတယ်၊ ကျားကောင်ကလည်း ကျုပ်တို့ကို ပက်ပင်းတိုးတော့ ကြောင်ပြီးကြည့်နေရာကနေ ရုတ်တရက် လှမ်းခုန်အုပ်လာတော့တာပဲ၊ အဲလိုချည်း လျှပ်တစ်ပြက်ဖြစ်လာလိမ့်မယ်လို့ ထင်မထားဘူးလေ၊ သည်တော့ ကျုပ်လည်း ဖြစ်လိုရာဖြစ်ကွာဆိုပြီး လှည့်ပြေးခြင်းလည်း မလုပ်တော့ဘဲ ပြေးလို့လည်း မလွတ်နိုင်ဘူးလေ၊ လက်ထဲရှိလှံရိုးတံကို ကျစ်ကျစ်ပါအောင် ကိုင်ထားလိုက်ပြီး နေရာမှာပဲ ရုတ်ခြည်းထိုင်ချလိုက်တယ်၊ လှံကိုတော့ ကျုပ် မြေမှာထောက်ပြီး ကျစ်ကျစ်ပါအောင်ကိုင်ထားလိုက်တယ်၊ သည်တော့ ကျုပ်ကို ခုန်အုပ်လာတဲ့ ကျားကောင်ရဲ့ နှလုံးသား တည့်တည့်ထိုးဝင်သွားတာပေါ့၊ ကံကောင်းချင်တော့ လှံထောက် အတော်မှန်သွားတော့ကာ ကျိုးမသွားပေဘူးဗျ၊ ကျား





ကောင်ရဲ့ လက်ပုတ်ခတ်ခြင်းကြောင့် ကျုပ်ကျောပြင်ဟာ ပူခနဲဖြစ်သွားတယ်၊ သည်မယ်ကြည့်ပါလား'

သို့ဆိုလျက် ကျားသိန်းဟန်သည် သူ့အင်္ကျီကိုချွတ်၍ ကျောကုန်းကို လှည့်ပြလာချေ၏။

အလိုလေး… အမာရွတ်အကြီးကြီးပါကလား။

'ကျားကောင် လှံတန်းလန်းနဲ့ မြေပေါ်မှ လူးလွန့်အော်ဟစ်နေတဲ့အချိန်မှာ ကျုပ်နဲ့ပါလာတဲ့ ကောင်တွေဆီက ဓားကိုလှမ်းယူလိုက်ပြီး အဲဒီကျားကောင်ကို တရစပ်ဝင်ခုတ်တော့တာပဲ၊ ကျုပ်နဲ့ပါတဲ့ သုံးကောင်ကိုလည်း ဝိုင်းခုတ်လို့ ပြောလိုက်တယ်၊ သူတို့ကလည်း ကျားကောင်ကိုကြောက်တာထက် ကျုပ်ကိုကြောက်လို့ပဲ အရဲစွန့် ဝင်ခုတ်ကြတာပေါ့ဗျာ၊ တိုတိုပြောရလျှင်ဖြင့် ကျားကောင် ကျုပ်လက်ချက်နဲ့ သေသွားရတာပေါ့၊ နို့ကြောင့်လည်း ကျားသိန်းဟန်ဆိုပြီး သမုတ်ခံလိုက်ရတာပဲ၊ ဟဲ… ဟဲ… ဟဲ'

သို့ဆိုတော့လည်း ကျားသိန်းဟန် မဆိုးပေဘူးပေါ့။ သတ္တိရှိတယ်လို့ ပြောရချိမ့်မည်။

'နို့ မေးပါရစေဦး'

ကျွန်တော်က ပြောလိုက်ပြန်၏။

'မေးကြည့်လေ'

'ကျားကောင်ထက် ခင်ဗျားကို ပိုကြောက်ကြလို့ဆိုတော့ ခင်ဗျားနဲ့ပါတဲ့ အဖော်သုံးယောက်က…'

'ဪ… ဒါလား၊ သူတို့ပည့်လေး သုံးယောက်လေ၊ ကျားသိန်းဟန်က ရွာမှာလည်း ဩဇာအာဏာရှိတယ်လေ၊ ကျုပ်အမှာ ရွာမှာ သူပဲပေါ့'



www.burmeseclassic.com

www.burmeseclassic.com



သူကြီး ဘာဆိုလိုသည်ကို ကျွန်တော် သိလိုက်သည်ကြောင့် ပြုံးစိစိလုပ်လိုက်ကြတော့၏။

'ကျားသိန်းဟန် သည်ရွာလူမှိုက်ပေပဲပေါ့'

အင်း ... သူ့ပုံက လူကသာ ကြောက်စရာပင်။ ရုပ်ဆိုးဆိုး၊ ဆံပင်ဘုတ်သိုက် ညှင်းသိုးသိုး၊ ထောင်ထောင်မောင်းမောင်း၊ တောင့်တောင့်တင်းတင်း လက်နှစ်ဖက်စလုံးတွင်လည်း ဆေးမင်ကြောင် ထိုးထား၏။ ရင်ဘတ်တွင်လည်း လွန်စွာမှုကြီးမားသော အတောင်ပံဖြန့်ကားထားသည့် သိမ်းငှက်ပုံကြီး ရှိချေ၏။

သူ့လက်အစုံတွင် ထိုးထားသည့် ဆေးမင်ကြောင်ပုံများ ကြည့်ခြင်းအားဖြင့် သူသည် ထောင်ထွက်တစ်ယောက်မှန်း သိသာလှ၏။

ထောင်ထွက်လက်ရာပုံများ ဖြစ်ခြင်းကြောင့်ပင်။

'ကျုပ်က မလိမ္မာဘူးဗျ၊ လူသတ်ဖူးတယ်၊ ဒါကလည်းဗျာ ကျုပ်ကို ပြဿနာလာရှာကြတာကိုး၊ သည်တော့လည်း မသတ်မဖြစ် သတ်လိုက်ရတာပေါ့၊ သည့်တွက် ကျုပ် ထောင်ကျခဲ့ရတယ်လေ၊ အင်းလေ တစ်ခုတော့ကောင်းတာပေါ့၊ ထောင်ထဲမယ် ကျုပ်နေခဲ့ရတာတော့ ရှစ်နှစ်နီးပါးပဲဗျာ၊ သည်ရှစ်နှစ်အတွင်း ကျုပ်ပညာတွေ အတော်တတ်ခဲ့ပါရဲ့၊ ဟဲ... ဟဲ... ဟဲ'

သို့ဆိုသလိုဗျာ ကျွန်တော်တို့ကို မသိမသာ ခြိမ်းခြောက်လေဟန်ဖြင့် ပြောလာခြင်းပင်။ သို့ကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်တော့၏။

လင်းမြင့်လှိုင်ကလည်း သူနားလည်၏ဆိုသည့်သဘောဖြင့် ခေါင်းဆတ်ပြလာချေ၏။ သို့ပေမင့်လို့ ကျားသိန်းဟန်





ကျွန်တော်တို့နှစ်ယောက်အား ဂျော်နီဝါးကားဖြင့် ညွှန့်ခံလေခြင်းကြောင့် အံ့သြမိသေးတော့၏။

'ခင်ဗျားတို့နှစ်ယောက် သတင်းကြားပြီးပါဗျာ၊ ကြုံတောင့်ကြုံခဲမို့ ကျုပ်မှာရှိတဲ့ ဂျော်နီလမ်းလျှောက်နဲ့ ညွှန့်ခံပါရစေဗျာ'

တကယ်တော့ သူ၏သေရည်ဆိုင်တွင် 'ဂျင်းကဲလ်'ဟု ခေါ်သည့် တောချက်အရက်သာလျှင် ရောင်းခြင်းဖြစ်ချေ၏။

'ဆရာလေးတို့အတွက် အထူးစပါယ်ရှယ်'ဆိုကာ ဂျိုသားဆို မှကြော်ထားသည့် အမြည်းကို ချပေးလာ၏။

'ကျားသိန်းဟန် ခင်ဗျားလည်း' လာဝိုင်းချေဗျာ'

သို့ ကျွန်တော်က ပြောလိုက်၏။

ကျားသိန်းဟန်သည် နှုတ်ခမ်းလေးလှုပ်ရုံ ယဲ့ယဲ့ပြုံးလာချေပြီး...

'ကျွန်တော်က သွေးဆိုးတယ်ဗျ၊ ဆရာလေးတို့ပဲသောက်ကြပါ၊ ပြီးတော့ ကျွန်တော့်မယ် ဆိုင်အလုပ်တွေလည်းရှိသေးတယ်ဝါ'

သို့ဆိုတော့ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ကျားသိန်းဟန် ဒါနပြုလာသည့် ဂျော်နီလမ်းလျှောက်ကို မြှိုလိုက်ကြတော့၏။

မန်းကာလိရွာသူကြီး ဖိုးလှိုင်ညွှန့်သည် သောက်တတ်အားတတ် သိထားလေခြင်းကြောင့်...

'ဖိုးလှိုင်ညွှန့် လာချေဗျာ'လို့ ခေါ်ပေပြား ငြင်းလို့သာနေချေ၏။

ဘယ်လိုကြောင့်ပါလိမ့်။

www.burmeseclassic.com



ကျွန်တော်သည် လင်းမြင့်လှိုင်ကို အဓိပ္ပာယ်မပါပါ ကြည့်လိုက်ပြန်၏။

'သူ့အကြောင်းနဲ့သူရှိလို့ နေမပေါ့ဗျာ၊ ကျားသိန်းဟန်ကို ကြည့်ပါလား၊ သွေးဆိုးတတ်တယ်၊ သူ့ဘာသာသိလို့ ကျွန်တော်တို့နဲ့ လာမသောက်ဘူးလေ၊ ဘယ်လိုပဲပြောပြော အဲဒါကိုက 'ဂျင်းတဲလ်မင်း' ဆန်တယ်လို့ ပြောရမှာပဲဗျ'

ဟုတ်မှာပါလေ။

ကျွန်တော်သည် အတန်အသင့်ပင် မူးလာချေပြီဖြစ်သဖြင့် ခွက်မှောက်လိုက်တော့၏။

'ကိုပိုက် လုပ်ဦးလေဗျာ၊ ခုမှ တစ်ပိုင်းရယ်ကုန်သေး'

သို့ လင်းမြင့်လှိုင်က ပြောပေပြော သူကိုယ်တိုင်ကမူ လျှာလေးအာလေး ဖြစ်နေပေပြီကော။

'ဘယ်လိုတုန်း၊ သည်တစ်လုံး မကုန်နိုင်သေးပါကလား'

သို့ အသံကြောင့် လှည့်ကြည့်လိုက်၏။

ကျားသိန်းဟန်ဖြစ်၏။

'ဆိုင်သိမ်းပြီလား'

ကျွန်တော်က မေးလိုက်၏။

'ဟုတ်ပါ့'

'ကဲ… ကိုသိန်းဟန်ရေ၊ ခင်ဗျားလည်းအားပြီ၊ ကျွန်တော်တို့နဲ့ ခဏတဖြုတ်ထိုင်ပါလား၊ စကားစမြည်လည်း ပြောကြတာပေါ့'

'စကားစမြည်ပြောရုံတော့ဖြင့် ရပါ့ဗျာ၊ နို့ပေမင့် သောက်တော့ မသောက်ပါရစေနဲ့ဗျာ၊ 'ဘာလို့တုန်းဆိုတော့





ကျွန်တော်က သောက်လျှင် အရက်နည်းနည်းဝင်သွားတာနဲ့ သွေးဆိုးချင်လာတယ်၊ နို့ကြောင့်ပါဗျာ… ဘာမဟုတ်တာလေးနဲ့ ခင်ဗျားတို့နဲ့ အခြေအတင်မဖြစ်ချင်ဘူး၊ ကိုယ့်ဆီရောက်လာတဲ့ ဧည့်သည်ကို စိတ်ချမ်းချမ်းသာသာရှိစေချင်တယ်ဗျာ'

သို့ဆိုတော့လည်း ကျားသိန်းဟန်သည် အထင်ကြီးလေးစားဖွယ်ပါကလား။ သို့ကြောင့် ကျွန်တော်တို့သည် ကျားသိန်းဟန် 'ဝိုင်း' ၌ ဝင်ထိုင်စေခဲ့ကြ၏။ ဝိုင်းဖို့ ပြောဖြစ်ကြတော့၏။

ကျားသိန်းဟန်သည် စိတ်တော့အရှည်သားကလား။

သို့ စကားစမြည်ပြောနေရင်းမှ အိုကြာကွေးတို့အကြောင်း ရောက်သွား၏။ သို့ဆိုတော့…

'ခင်ဗျားတို့က မန်းကလီရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်ကြမယ့်သူတွေပေါ့၊ ဟုတ်လား'

သို့မေးလာသည့် ကျားသိန်းဟန်ကို ကျွန်တော် စေ့စေ့ကြည့်လိုက်လေပြီး…

'ဖိုးလှိုင်ညွှန့် လာခေါ်တာ မန်းကလီအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးရအောင်လို့ လိုက်လာကြတာလေ'

သို့ ကျွန်တော်က ပြောလည်းပြော သူ၏အရိပ်အကဲလည်း ကြည့်လိုက်၏။

သူသည် ပြုံးစစလုပ်လာချေပြီး…

'တစ်ခုတော့ သတိပေးလိုက်ချင်တယ်'

'ပြောပါဗျာ… မှတ်သားထားပါ့မယ်'

'အရဲမကိုးနဲ့၊ စဉ်းစားချင့်ချိန်လုပ်ပါ'

'နားလည်ပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



ကျားသိန်းဟန် ဘယ်လိုသဘောဖြင့် ပြောတာပါလိမ့်။ ကျားသိန်းဟန်သည် သို့ပြောခဲ့ပြီးသည်နှင့် ကျွန်တော်တို့ဝိုင်းမှ ထသွားလေ၏။

ဘယ်လိုလူပါလိမ့်။

သည်စကားလေးတစ်ခွန်း ပြောဖို့အတွက် အချိန်ဖြုန်းကာ ကျွန်တော်တို့နှင့် လာထိုင်ခြင်းတော့ဖြင့် မဖြစ်တန်ရာ။

ကျားသိန်းဟန် ထသွားပြီး မကြာလောက်သောအချိန်တွင် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း အိပ်ရာဝင်လိုက်ကြတော့၏။

'မနက်ကျ စောစောသွားမှာလား'

ဖိုးလှိုင်ညွန့်ကို အိပ်ရာမဝင်မီ ကျွန်တော်က မေးလိုက်၏။

'ဟုတ်... အိပ်ရေးသာ ဝအောင်အိပ်ကြပါ၊ နိုးတဲ့အချိန် သွားကြတာပေါ့'

သို့ဖြင့် ကျွန်တော်တို့သည် အသီးသီးအိပ်ရာဝင်လိုက်ကြ တော့၏။

ကျွန်တော်တို့ အိပ်သည့်တဲသည် ချောင်းနှင့် မဝေး သည်ဖြစ်ခြင်းကြောင့် ရေစီးသံပင် ကြားနေရ၏။

တောသည် တိတ်ဆိတ်နေသည်ကိုး။

အနားဝန်းကျင်ရှိ တဲတို့တွင်လည်း တိတ်ဆိတ်ငြိမ်သက် ခြင်း ရှိကြကုန်၏။

အချိန်လည်း မနည်းလေပြီကိုး။

ကျွန်တော်သည် မျက်လုံးများစင်းလာ၍ အိပ်ရာဝင်ခဲ့သော် ငြား တစ်ခဏသာလျှင် အိပ်ချင်သလိုလိုဖြစ်လေပြီးနောက် မျက်





ကြောင်လာချေတော့၏။ ဘယ်လိုဖြစ်တာပါလိမ့်။

သို့ကြောင့် နဖူးပေါ် လက်တင်၍ ညဦးကာလကိုဖြတ် …ရန် ကြိုးစားနေရ၏။

'ခေါ်... ခေါ်... ခေါ်... ခလွး... ခေါ်... ခလော'

ကျွန်တော်နှင့် ခပ်လှမ်းလှမ်းတွင် အိပ်နေသည့် ဖိုးလှိုင် …ကတော့မှ ဟောက်လို့ပင်နေလေတော့၏။

ကျွန်တော့်အားကပ်လျက် အိပ်နေသည့် လင်းမြင့်လှိုင်သည် …စ်ခြိုက်ခြိုက် အိပ်ပျော်နေပုံရချေ၏။

'ကွတ်... ကွတ်... ကွတ်... ကွတ်'

ညဉ့်ငှက် ဒီးဒုတ်ကောင်၏အသံ ဖြစ်၏။

တိတ်ဆိတ်ငြိမ်သက်ခြင်းကို လန့်နိုးစေ၏။

'ဂျုလောက်... ဖြောင်း... ဖြောင်း'

'ဂျုလက်... ခွပ်... ချလွပ်... ဖြောင်း'

'ဂျုလက်... ဖြောင်း... ဖြောင်း'

ညဉ့်နက်သန်းခေါင်ချိန် ချောင်းစပ်မှ အသံဖြစ်ချေ၏။ …အသံသည် တိတ်ဆိတ်နေခြင်းကို ဖြိုခွင်းလိုက်သည်။ အိပ်မပျော် … ကျွန်တော့်အတွက် သို့အသံသည် ကျယ်လောင်သည်ဟု ဆိုရ …ငြား တကယ်တော့ ဝါးလုံးတို့ ပစ်ချလှဲချသံသည် တိုးညင်း …ဟုလည်း ဆိုရချိမ့်မည်။

ညဉ့်နက်သန်းခေါင် ဝါးကို လှည်းဖြင့်တိုက်လာ၍ ချောင်း … လာစုပုံလေခြင်းဖြစ်၏။

ဘယ်လိုကြောင့် ညဉ့်နက်သန်းခေါင် ဝါးတွေ လာပုံရ …ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အိပ်မပျော်လေခြင်းကြောင့် ထိုချောင်းနားသို့သွားရန် စိတ်ကူးဖြင့် လဲလျောင်းနေရာမှ ထလိုက်၏။

သေနတ်ကိုယူ၍ တဲပေါ်မှ ဆင်းသွားလိုက်၏။

ဝါးတွေလာစုပုံနေသည့် ဝါးခုတ်သမားတို့ကို စပ်စပ်စုစု စကားသွားပြောရပေမည်။

ကျွန်တော့်အတွက် အိပ်မပျော်သည့်အတူတူ မအိပ်သောသူတို့နှင့် စကားပြောရင်း တစ်ညတာအချိန်ကို ဖြုန်းရပေဦးမည်။

ကျွန်တော်သည် ချောင်းစပ်သို့ လျှောက်ခဲ့ချေ၏။

ချောင်းစပ်ကို လှမ်းမြင်ရသည့်နေရာသို့ရောက်သည်တွင် ထိုဝါးတိုက်သူတို့ကို ကြည့်ရသည်မှာ တစ်ခုခုတော့ ထူးခြားနေသည်ထင်၍ အသာရပ်ကာ လှမ်းကြည့်နေလိုက်၏။

လှည်းပေါ်မှ ဝါးတို့အား ချောင်းစပ်တွင် စုပုံနေကြသည်ဆိုငြား သူတို့၏ လှုပ်ရှားမှုသည် နိုးကြောင်နိုးဖက်လုပ်နေဟန်ဖြစ်နေခြင်းကြောင့် ကျွန်တော်သည် အနားတိုးကပ်သွားလိုက်၏။

ချောင်းမြောင်းသွားလေခြင်းဖြစ်၏။

"ကျားကြီး မှာထားတယ်၊ မြန်မြန်လုပ်ကြချေကွ"

သို့အသံကြောင့် ကျွန်တော် လွန်မင်းစွာ စိတ်ဝင်စားသွားချေ၏။ ကျားကြီးဆိုတာ ဘယ်သူပါလိမ့်။ ကျားသိန်းဟန်ကို ရည်ရွယ်ပြောနေသည်များလား။

ကျွန်တော်သည် သူတို့ ဘာပြောလေဦးမည်ကို နားစွင့်လျက် ငြိမ်သက်စွာ ချောင်းမြောင်းလိုက်ပြန်၏။

ဝါးလုံးများ လှည်းပေါ်မှချနေကြခြင်းသာ ရှိ၏။

စကားစမြည်တော့ဖြင့် ပြောသံ မကြားရတော့ပြီ။





ချောင်းမြောင်းနေသည့် ကျွန်တော်သည်ပင် ညောင်းညာလာပြီဖြစ်၍ နောက်ကြောင်းပြန်ခဲ့တော့၏။

သူတို့နှင့် သွားရောက်စကားပြောမည့် အစီအစဉ်ကို ဖျက်လိုက်တော့၏။

ဘယ့်တွက်မူ ထိုသူတို့သည်လည်း ကျွန်တော့်ကို လိုလိုလားလား ဆက်ဆံမည့်ဟန် မမြင်လေသောကြောင့် ဖြစ်ပေသည်။

"ကိုပိုက် ဘယ်သွားနေတာတုန်း"

ကျွန်တော် တဲသို့ပြန်ရောက်သည်တွင် လင်းမြင့်လှိုင်က ထဲလျောင်းနေရာမှမထ မေးလာချေသဖြင့် "အိပ်မပျော်တာနဲ့ လမ်းလျှောက်လျှောက်တယ်"လို့ပြောပြီး အကြောင်းစုံကို ပြောပြလိုက်၏။

"ဘာမှတော့ ထွေထွေထူးထူးမရှိလောက်ပါဘူးဗျာ၊ တောထဲကနေ ညကြီးမင်းကြီး လှည်းနဲ့လာပြီး ဝါးတွေလာချသွားကြတာမပေါ့"

သို့ လင်းမြင့်လှိုင်၏ ထင်မြင်ချက်ကိုပင် ကျွန်တော်ထောက်ခံလိုက်ကာ တဲပေါ်တက် လဲလျောင်းလိုက်တော့၏။

မိုးလင်းလုတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့၏။

"ကျလိ... ကျလိ... ကျလိ... ကျလိ"

"ကျစ်... ကျစ်... ကျလိ... ကျစ်... ကျစ်"

ငှက်ငယ်တို့၏ လှုပ်ခတ်ပျံသန်း အော်ဟစ်ဆူညံသည်ကြောင့် ပင်ရာမှ နိုးလာရ၏။ မိုးစင်စင်လင်းချေပြီကော။

လင်းမြင့်လှိုင်နှင့် ဖိုးလှိုင်ညွန့်သည် တဲရှေ့ မီးပုံဘေးတွင် ကျွန်တော့်ကို စောင့်နေကြ၏။

"လာဗျာ... ကိုပိုက်၊ နံနက်စာစားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က လှမ်းခေါ်သဖြင့် ကျွန်တော်သည် မျက်နှာသစ်လိုက်ပြီးနောက် လင်းမြင့်လှိုင်တို့နား သွားလိုက်၏။

'အလိုလေးဗျာ တယ်ဟုတ်ပါကလား'

လင်းမြင့်လှိုင်က ကျွန်တော့်ကို ပြုံး၍ကြည့်နေလေ၏။

ဝါးခွက်အတွင်း အငွေ့တထောင်းထောင်းနှင့် ကော်ဖီနံ့ သင်းသင်းလေးကြောင့် ကျွန်တော် သူကြီးဖိုးလှိုင်ညွန့်ကို ကျေးဇူး တင်သည့်အကြည့်ဖြင့် ကြည့်လိုက်၏။

'ဒါ ကျားသိန်းဟန် စီစဉ်တာ'

'ဟင်...'

ကျားသိန်းဟန်သည် ဘယ်လိုလူစားပါလိမ့်။

သူကြည့်တော့ လူပေလူတေပုံစံ၊ ထောင်ထွက်တစ်ယောက် သူစားတာသောက်တာကျတော့ အဆင့်မြင့်သည်ဟု ပြောရချိမ့်မည်။ သည်လိုတော တောင်ထဲတွင်တောင်မှ အရက်ဆိုလျှင် ရော်နီဝါး ကား၊ နံနက်ခင်းစာဆိုလျှင် အကောင်းစားကော်ဖီ။

'ခင်ဗျားတို့ကို မြို့သားတွေမှန်းသိလို့ သူက အဲလိုတွေ စီစဉ်ပေးတာဗျ'

သူကြီးဖိုးလှိုင်ညွန့်က ပြောလေ၏။

'သူကြီးမျက်နှာကြောင့် ဖြစ်ပါလိမ့်မယ်ဗျာ'

သို့ ကျွန်တော်က ပြောလိုက်၏။

'ဒါပေါ့ဗျာ'

သို့အသံကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် နောက်သို့လှည့်ကြည့်လိုက်ကြ၏။

ကျားသိန်းဟန်ဖြစ်၏။





စောစောစီးစီး တောကြက်နှစ်ကောင်ကို ခြေထောက်မှ တွဲလောင်းဆွဲ၍ လာနေ၏။

သုတ်ကိုင်းက ဖြတ်လာတာဖြစ်မည်။

'ရော့ဟော့... သည်နှစ်ကောင်လုံး အမွေးနုတ်၊ အူထုတ်၊ တံစို့ထိုးချေကွာ'

သူ့နောက်မှ ကပ်ပါလာသည့် လူငယ်ကို လှည့်ပေးလိုက် ပြီး ကျွန်တော်တို့ထံ တန်းတန်းမတ်မတ်လျှောက်လာလေ၏။

'ကျေးဇူးတင်တယ်ဗျာ'

ကျွန်တော်သည် နံနက်ခင်းစာ ကော်ဖီပူပူ စီစဉ်ပေးလေ သည်ကြောင့် သို့ ကျေးဇူးစကားပြောလိုက်ခြင်းဖြစ်၏။

'ရပါတယ်ဗျာ'

သို့သာ သူပြောပြီး သူကြီးဖိုးလှိုင်ညွန့်ဘက် လှည့်လိုက် ကာ...

'သူကြီး ကျုပ် တာဝန်ကျေပါတယ်နော်'

လို့ ပြောလေ၏။

သူကြီးက ပြုံး၍...

'အေးပါကွာ... မင်း ငါ့ရွာမှာ မနေတော့ပေမင့် ငါတို့ ရွာသားတွေ ဖာလာစခန်းရောက်လာတယ်ဆိုတာနဲ့ မင်းက အတတ် နိုင်ဆုံး ဧည့်ဝတ်ပြုနေကျပဲကွာ၊ ငါ့ရွာသားဖြစ်တဲ့ မင်းလိုလူမျိုး ရှိတာကြောင့် ငါ ပီတိဖြစ်ရတာပေါ့ကွာ၊ ခုလည်းကြည့်လေ၊ ငါ့ကို ကူညီဖို့ လိုက်လာကြတဲ့သူတွေကို မင်းက ဧည့်ဝတ်ကျေပြန်တယ် ဆိုတော့ မင်းကျေးဇူး ငါ မမေ့ပါဘူးကွာ၊ ဟင်း... ဟင်း... ဟင်း...'



www.burmeseclassic.com

"သူကြီးရယ် ကျေးဇူးဆိုတာ ကျေးဇူးတတ်တဲ့လူတွေအတွက် ပါဗျာ"

"ဟင်..."

ကျားသိန်းဟန် ပြောစကား အဆန်းပါကလား။

ကျေးဇူးတရားဆိုတာ ကျေးဇူးတတ်သူတွေအတွက် ဆိုပါကလား။ ဘာကို ဘယ်လိုရည်ရွယ်ပြောတာပါလိမ့်။ သို့ကြောင့်...

"ကျားသိန်းဟန် စကားက အဆန်းပါကလား၊ ကျွန်တော်တို့တော့ ခုမှ ကြားဖူးတယ်ဗျာ၊ ရှင်းစမ်းပါဦး"

"ဩော်... ဟင်း... ဟင်း... ဟင်း... ဒါကတော့ အပြောနဲ့ နားလည်မယ်မထင်ဘူးဗျ၊ လက်တွေ့ပြပြောမှ ဖြစ်နိုင်တယ်ဆိုတော့ အချိန်နည်းနည်းစောင့်ပါဗျာ၊ ကြုံကြိုက်လို့ရှိလျှင် ပြောပါ့မယ်"

သူ့စကားဆုံးသည်နှင့် လင်းမြင့်လှိုင်သည် ကျွန်တော့်ကို လှည့်ကြည့်လာချေပြီး ပြုံးပြလာ၏။ ခေါင်းညိတ်ပြလေ၏။

ကျွန်တော့်ကို ဘာမှဆက်မမေးရန် ဖြစ်၏။

ကျွန်တော်ကလည်း သဘောပေါက်ကြောင်း ခေါင်းဆတ်ပြလိုက်၏။

"အဲ... သူကြီး၊ ကျေးဇူးတင်ခံချင်လွန်းလို့တော့ မဟုတ်ဘူး၊ သူကြီးတို့ မန်းကလေးသွား လမ်းမှာစားဖို့ ကြက်ကင်ပေးလိုက်မယ် ဟုတ်လား၊ ဟိုမိတ်ဆွေနှစ်ယောက်အတွက်လည်း ဂျော်နီလမ်းလျှောက် ညက အကျန်ပုလင်း ပေးလိုက်ပါရစေ"

"ကျေးဇူးတင်တယ်ဗျာ၊ နို့ပေမင့်လို့ ကိုသိန်းဟန်အတွက် ထားပါ၊ ကျွန်တော်တို့မယ် ဝီစကီပါပါတယ်"





"နို့ဖြင့်လည်း ပြီးတာပဲဗျာ၊ ကျုပ်က အတင်းပေးလျှင်ဖြင့် သည်း အကြောင်းရှိလို့ပေးတယ် ထင်နေပါဦးမယ်"

"ဗျာ..."

"ဘယ်လို..."

"ဩော်... သည်လိုပါ၊ တချို့က စေတနာဆိုတာကို သိတဲ့သူ ခပ်များများရယ်၊ ခင်ဗျားတို့နှစ်ယောက်လို နာမည်ကျော် ...တွေမှန်း အစကမသိခဲ့တာ အမှန်ပါဗျာ၊ ညှို့ဦးပိုင်းက သူကြီး ...လှိုင်ညွှန့်ပြောမှ သိတာပါ၊ နို့ကြောင့် ကျုပ်က ခင်ဗျားတို့ကို စေတနာရေစီးကမ်းပြို မလိုက်ဝံ့တာပေါ့၊ တကယ်ဆို ခင်ဗျားတို့ ... ကျွန်တော် ခင်ဗျားတို့ကို ကိုးကွယ်လွန်းတယ်လို့ ထင်မှာဆိုး ...ယ်လေ၊ နို့ကြောင့် စေတနာကို ဘရိတ်လုပ်ရတာပေါ့"

"အဲလိုလည်း မဟုတ်ပါဘူးဗျာ၊ ကျွန်တော်တို့ နားလည် ...ပါတယ်၊ ခုဟာကလည်း ကျွန်တော်တို့မယ် ဝီစကီတွေပါပါတယ်၊ ကျွန်တော်တို့က ဧည့်သည်တွေပါ၊ မန်းကလေးရွာမယ် ကိစ္စပြီးလျှင် ...ကြမယ်၊ ခင်ဗျားကတော့ သည်မှာပဲ နေနေတဲ့သူ၊ ခင်ဗျား အတွက် ဂျော်နီလမ်းလျှောက်ဆိုတာ တကူးတကမှာယူရတာ ...ဟုတ်လား၊ သည်တော့ ခင်ဗျားအတွက် ပိုအသုံးဝင်မယ်ထင်လို့ ...ဗျာ၊ ကျုပ်တို့က ဂျော်နီလမ်းလျှောက် ပိုသောက်ချင်တာပေါ့ဗျာ၊ ...... ဟဲ... နို့ပေမင့်လို့ ကျွန်တော်တို့ရှိတဲ့ ဝီစကီနဲ့လည်း အဆင် ...ပါတယ်ဗျာ"

သို့ ကျွန်တော်က ပြောလိုက်လေသည်တွင် ကျားသိန်း ...တစ်ယောက် ဘယ်လိုသဘောနှင့်တော့ မသိချေ။ ပြုံးစေ့စေ့ဖြစ် ...လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အားမယ်ဆိုလျှင် ခင်ဗျားတို့နဲ့ မန်းကလိတောင် လိုက်ချင်သေးဗျာ"

သို့ ပြောလာပြန်၏။

"နောက်တော့ ဆုံကြ ကြုံကြပါလိမ့်မယ်ထင်ပါရဲ့"

"အဲဒီအချိန်ကို ကျွန်တော်လည်း မျှော်နေပါ့မယ်"

သည့်နောက် ကျွန်တော်တို့သည် ဖာလာစခန်းရှိ ကျား သိန်းဟန်တဲမှ ထွက်ခဲ့ကြတော့၏။

"ကျုပ်ကောင်က လူကောင်းပါကွာ၊ ဘယ်လိုကြောင့် လူသတ်သမား ဖြစ်သွားရတယ်မသိပါဘူး၊ ဝဋ်ကြွေးကြောင့်ထင် ပါရဲ့"

သို့ သူကြီးဖိုးလှိုင်ညွန့်က လမ်းတွင် ပြောလာချေတော့၏။

သို့ ထွက်ခဲ့ကြသည်ဆိုရာ၌ ကျွန်တော်တို့သည် ချောင်း စပ်သို့ ဝင်ခဲ့ကြခြင်းဖြစ်၏။ ထို့နောက် တစ်ဖက်ကမ်းကိုဖြတ်၍ သွားကြမည်ဖြစ်၏။

ချောင်းစပ်သို့ရောက်သည်တွင်...

"ဟင်..."

ကျွန်တော် လုံးဝ အံ့သြသွားရ၏။

"ဘာဖြစ်တာလဲ ကိုပိုက်"

လင်းမြင့်လှိုင်က မေးလာ၏။

"ခုနကနေရာမယ် ညက ဝါးတွေပုံထားတာ ခု မရှိတော့ ပါကလား"

"ဝါးက ဘယ်လောက်များလို့တုန်း"

"လှည်းသုံးစီးတိုက်ဗျ"





ကျွန်တော်က ပြောလိုက်၏။

"ဝါးဖောင်ဖွဲ့ပြီး မျှောလိုက်ကောပေါ့"

"ညကခုတ်တဲ့ ဝါးတွေပဲ ချက်ချင်း ဝါးဖောင်လုပ်မျှော လိုက်တာဆိုတော့ အံ့စရာပေါ့ဗျာ၊ ဟောဟိုက ဝါးတွေကျတော့ ဘာလို့ ညချင်းမမျှောလိုက်တာတုန်း"

"ပိုင်ရှင်တစ်ဦးစီဖြစ်မှာပေါ့"

လင်းမြင့်လှိုင်က ပြော၏။

"ပိုင်ရှင်က တစ်ယောက်တည်းပါ"

သူကြီးဖိုးလှိုင်ညွန့်က ပြောလေသဖြင့် ကျွန်တော် ကြည့် လိုက်၏။

"ဘယ်လိုလုပ်သိတုန်း"

ကျွန်တော်က မေးလိုက်၏။

"အလိုလေးဗျာ... ဒါ ကျားသိန်းဟန် ရေဆိပ်လေ၊ သည် ရေဆိပ်မှာရှိတဲ့ဝါးတွေအကုန်က ကျားသိန်းဟန်ဝါးတွေချည်းပဲ"

"ဗျာ..."

သို့ဆိုတော့ ကျွန်တော် စဉ်းစားလိုက်ရပြန်၏။ ဘာလို့ များ ညကဝါးတွေကို ညတွင်းချင်းဖောင်ဖွဲ့ မျှောလိုက်တာပါလိမ့်။

"အင်းလေ... ဒါ သူ့ကိစ္စပေပဲ၊ ကျွန်တော်တို့နဲ့ ဘာဆိုင် တာမှတ်လို့"

သို့ တွက်လိုက်ပြီး ချောင်းကို ဖြတ်လိုက်၏။

ချောင်းစပ်တွင် ဝါးနှစ်လုံးခန့် တွေ့လေသည်တွင်...

"ဟာ... ဒီဝါးမျိုးပေါ့ဗျာ၊ မန်းကလိဝါးဆိုတာ"

သို့ သူကြီး ဖိုးလှိုင်ညွန့်က ပြောလေသဖြင့် ကျွန်တော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်သည် နာမည်ကြီး မန်းကလိဝါးဆိုသည်ကို စေ့စေ့ကြည့်လိုက်ကြ၏။

'ဟင်...'

'ဟာ...'

အင်မတန်ကောင်းသော ဝါးပါကလား။ ဖြောင့်စင်းလို့နေ၏။ စိမ်းပုပ်ပုပ်ရောင် ဖြစ်၏။ အသားထူ၏။

'သည်ဝါးမျိုးဆိုတော့ သည်ဝါးတော့ မဟုတ်လောက်ဘူး ပေါ့'

လင်းမြင့်လှိုင်က မေးလိုက်၏။

'သည်ဝါးမျိုးလို့ပဲ ပြောဆိုရတော့မပေါ့ဗျာ၊ ကျုပ်တို့ မန်းကလိဝါးက ဘယ်သူမှ မခုတ်ဝံ့တော့တဲ့ဟာ၊ ဘယ်လူကခုတ်ပို့မှာတုန်း၊ နို့ကြောင့် သည်ဝါးက ကျွန်တော်တို့ မန်းကလိဝါးနဲ့ တူတယ်လို့ ပြောလိုက်ရတာပေါ့ဗျ'

သူကြီးဖိုးလှိုင်ညွန့်က သို့ပြောပြီး ချောင်းကို ဖြတ်သွားလေတော့၏။

'ကိုလင်း ကျွန်တော် ညကတွေ့ခဲ့တဲ့ဝါးတွေကို ဖောင်ဖွဲ့လွှတ်လိုက်တဲ့အခါမယ် သည်ဝါးနှစ်လုံး ကျန်ခဲ့တာဖြစ်မယ်'

'ကိုပိုက် ဆိုလိုချင်တာက မန်းကလိဝါးတွေလို့ ပြောချင်တာလား၊ မဖြစ်နိုင်ပါဘူးဗျာ၊ ဖိုးလှိုင်ညွန့်က မန်းကလိသားပဲ၊ သူပြောတာ ဖြစ်နိုင်ချေများပါတယ်'

ကျွန်တော် ခေါင်းကိုခါယမ်းလိုက်ချေပြီး...

'ညက ကမန်းကတန်း ဝါးတွေ ဖောင်ဖွဲ့မျှောလိုက်တယ်ဆိုတော့ ဒါ စဉ်းစားစရာပေပဲ မဟုတ်လား'





ကျွန်တော့်စကားကို လင်းမြင့်လှိုင် ဘာသဘောကျစရာပါလေသည်မသိ။ ပြုံး၍ စေ့စေ့ကြည့်လာချေပြီး...

'ဦးနှောက်ကို အနားပေးထားစမ်းပါဦးဗျာ' လို့ ပြောလာချေတော့သည်။

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း ချောင်းကို ဖြတ်ကူးလိုက်ကြလေ၏။

ချောင်းတစ်ဖက်ကမ်းတွင် ရောက်နေသည့် ဖိုးလှိုင်ညွန့်သည် ကျွန်တော်တို့ကို ရပ်စောင့်နေလေ၏။

တစ်ဖက်ကမ်းသို့ ရောက်သွားသည်တွင် ကျွန်တော်သည် ကျားသိန်းဟန်တဲကို လှမ်းကြည့်လိုက်၏။

'ဟင်...'

တဲနားတွင် ကျားသိန်းဟန်နှင့် လူနှစ်ယောက်ရှိနေ၏။

မျက်နှာချင်းဆိုင် စကားပြောနေရာမှာ ကျားသိန်းဟန်သည် တစ်ယောက်သောသူကို ပါးရိုက်လိုက်ရအောင် ဘာဖြစ်ကြတာပါလိမ့်။

ကျွန်တော်သည် ပါးရိုက်ခံရသူက တစ်စုံတစ်ရာပြန်လုပ်မည်ထင်၍ စိတ်ဝင်တစား ကြည့်နေမိသည်။ သို့ပေမင့်လို့ ထိုသူသည် ကလေးတစ်ယောက်လို လူကြီးကို ပြန်မပြောဆို မလုပ်ရဲသဖြင့် ခေါင်းငုံ့နေသကဲ့သို့ ထိုလူနေလေခြင်းကြောင့် ကျွန်တော် မျက်နှာလွှဲလိုက်ကာ ရှေ့ခရီးဆက် ဖိုးလှိုင်ညွန့်နှင့် လင်းမြင့်လှိုင်တို့နောက် လိုက်သွားရချေတော့၏။

ဖာလာစခန်းမှ ထွက်ခဲ့ကြပြီးနောက် နေမွန်းတည့်လောက်တွင် ကန့်ကျုံနီချောင်းသို့ ရောက်သည်တွင် နားနေလိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကန့်ကျုံနီချောင်းတွင်း ရေဆင်းခပ်ကြပြီးနောက် တောင်ကြောအစပ်စွယ်လေးတွင် ကျားသိန်းဟန် ပေးလိုက်သည့် တောကြက်ကင်နှင့် နံနက်စာအလို့ငှာ ဗိုက်ဖြည့်လိုက်ကြ၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝီစကီသောက်လိုက်၊ အမြည်းစားလိုက်ဖြင့် ဝီစကီတစ်ပြား ကုန်လေသည်တွင် သစ်ပင်ကို ကျောမှီ၍ မှိန်းနေလိုက်တော့၏။ သည်တော့မှ တဒင်္ဂမေ့လျော့ အိပ်ပျော်သွားချေ၏။

မည်မျှကြာကြာ အိပ်ပျော်သွားလေသည် မသိ။ အသိစိတ် ချက်ဝင်လာသည်ကြောင့် မျက်လုံးကို အတင်းအားယူဖွင့်ကာ ဝန်းကျင်ကို ကြည့်လိုက်၏။

လင်းမြင့်လှိုင်သည် ကျွန်တော့်နားတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေ၏။ ဖိုးလှိုင်ညွန့်သည် မန်းကလိရောက်ချင်စောကြောင့်လေလားမသိ၊ ကျွန်တော်နှင့် လင်းမြင့်လှိုင်အနီးကို စောင့်ကြည့်နေပုံရ၏။ တစ်မေးမှပင် မေးရလိမ့်မည်မဟုတ်ချေ။

'ဆရာပိုက် နိုးပြီလား'

သို့ပြောပြီး လင်းမြင့်လှိုင်ကို ကြည့်နေလေသဖြင့်…'

'အင်း… ဖိုးလှိုင်ညွန့် ရွာအမြန်ပြန်ချင်ပြီထင်တယ်လေ၊ ကဲ… ကဲ… နို့ဖြင့်လည်း ကျွန်တော် လင်းမြင့်လှိုင်ကို နှိုးချေဦးမယ်'

သို့ဆိုလျက် ကျွန်တော်သည် လင်းမြင့်လှိုင်ကို ပုတ်နှိုးမည်လုပ်လေသည်တွင်…

'ကျွန်တော် နိုးနေပါတယ် ကိုပိုက်ရဲ့' ဆိုလျက် လင်းမြင့်လှိုင်သည် မျက်လုံးဖွင့်လာချေ၏။





'ကဲ… သွားကြစို့'

လင်းမြင့်လှိုင်က သူ့သေနတ်ကို ကောက်ယူ၍ ထရပ်လိုက်၏။

ဖိုးလှိုင်ညွန့်၏ မျက်ဝန်းမှ မျက်ရည်စီးကျလာချေတော့၏။

'အေးဗျာ… ကျွန်တော့်အပေါ် နားလည်တာသိရတော့ ဝမ်းသာပီတိဖြစ်ရလွန်းလို့ မျက်ရည်တောင် ကျတယ်ဗျာ' ဟု ပြောလာချေ၏။

ဖိုးလှိုင်ညွန့်က ရှေ့မှဦးဆောင် ကန့်ကျုံနီချောင်းကို ဖြတ်လိုက်ပြန်၏။

ကန့်ကျုံနီချောင်းတွင်မတော့ ရေခါးစပ်နီးနီးရှိချေ၏။

ချောင်းတစ်ဖက် တောင်ကြောသို့ ရောက်သည်တွင် အစိုင်းခဲ့သာလျှင် မျှင်ဝါးပင်တို့နှင့် ကင်ပွန်းချဉ်ချုံပုတ်ပင်တို့ ရှိကြပြီး အတွင်းဘက်ရောက်သည်တွင် ဝါးသုန်းတောလေးကို တွေ့ရချေ၏။

ဝါးသုန်းပင်လေးများကို ကျွန်တော်တို့ လက်ဖြင့်ကာဖယ်ရင်း တောတိုးသွားလိုက်ကြရာမှ လွန်စွာမှကြီးမားသော ကျွန်းပင်ကြီးတစ်ပင်ကို တွေ့လိုက်ကြသည်ကြောင့် အံ့ဩမိသေးတော့၏။

လုံးပတ်ပေ သုံးဆယ်ကျော်ချေ၏။ အမြင့်သည် ဝီခေါ်နေ၏။

ကျွန်တော်သည် ထိုကျွန်းပင်ကြီးကို ပတ်ပတ်လည်ဝေ့ဝိုက်ကြည့်လိုက်ပြီး…

'ဟာ…'

ကျွန်းပင်ကြီး၏အခြေတွင် လွန်စွာမှကြီးမားသော လှောင်



www.burmeseclassic.com

www.burmeseclassic.com



လိပ်ကြီးတစ်ကောင်ကို တွေ့လိုက်ရ၏။

ကျွန်တော်တို့ မှဆိုးသက်တမ်းတစ်လျှောက် သည်လောက်ကြီးသည့် လိပ်ကောင်ကို မြင်ဖူးခြင်းမရှိသည်ကိုး။

အမှတ်တမဲ့ကြည့်လျှင် လိပ်ကောင်ကို မြင်ရလိမ့်မည်မဟုတ်။ အနက်နှင့် အဝါကြား အကွက်လေးများ ဆိုရပေမင့် မြေကြီးရောင်နှင့် အတော်ကလေး တူနေချေ၏။ သဘာဝတရားအရောင်ဖြင့် ဖုံးကွယ်နေလေခြင်းဖြစ်၏။

သို့ပေမင့်လို့ ထိုလိပ်ကောင် ကံဆိုးသည်ဆိုရလေမည်လား။ ကျွန်တော်တို့သည်ပင် ကံကောင်းသည် ဆိုလေမလား မသိချေ။

ကျွန်တော်သည် ထိုလိပ်ကောင်အား ကုန်းကောက်ယူလိုက်သည်တွင်...

'ကိုပိုက် အလွှတ်ပေးလိုက်ပါဗျာ၊ သည်အပင်ကြီးကလည်း နှစ်ချို့ဖြစ်သလို သည်လိပ်ကောင်ကြီးကလည်း နှစ်ချို့အကောင်ပေပဲဗျ၊ ကျွန်းပင်ကြီးကို ချန်ပင်အဖြစ်နဲ့ ပျိုးအတွက်ထားသလို သည်လိပ်ကောင်ကြီးကိုလည်း သားမွဲလွှတ်လိုက်ပါဗျာ'

သို့ဆိုလေသည်ကြောင့် လှည့်ကြည့်လိုက်သည်တွင် လင်းမြင့်လှိုင် ဖြစ်ချေ၏။

သို့ကြောင့် ကျွန်တော်သည်လည်း ထိုလိပ်ကြီးကို သူ့နေရာတွင် ပြန်ချထားလိုက်တော့၏။ သို့ဆိုတော့လည်း လိပ်ကောင်ကြီးသည် ခြေလက် ခေါင်းတို့ကို ခန္ဓာကိုယ်အတွင်း ကျုံ့သွင်းလိုက်လေပြီးနောက် ငြိမ်သက်စွာနေလိုက်ချေတော့၏။

ကျွန်တော်သည် လိပ်ကောင်နှင့် မနီးမဝေး ထိုအပင်ကြီး





အောက်တွင် ထိုင်ချလိုက်သည်တွင်...

'ရော့ဗျာ... ကြက်ကင်လည်းရှိသေးပါတယ်'

သို့ဆိုလျက် လင်းမြင့်လှိုင်က ဝီစကီပြားလေးနှင့် ကြက်ကင်ကို ပေးလာချေ၏။

'ကောင်းတာပေါ့ဗျာ'

သို့ဆိုလျက် ကျွန်တော်သည် ဝီစကီကို တစ်ငုံမော့သောက်လိုက်လေပြီး ကြက်ကင်ကို ကိုက်စားလိုက်၏။

ကြက်ကင်ကို ဝါးနေရင်း လင်းမြင့်လှိုင်ထံ ဝီစကီပြားလေးကို ပြန်ကမ်းပေးလိုက်တော့၏။

လင်းမြင့်လှိုင်ထံ ဝီစကီရောက်သွားသည်၌ ကျွန်တော်သည် ကြက်ကင်ကို ဖိုးလှိုင်ညွန့်ထံ ကမ်းပေးလိုက်ပြန်၏။

လင်းမြင့်လှိုင်သည် ဝီစကီတစ်ငုံ မော့သောက်လိုက်လေပြီး ဖိုးလှိုင်ညွန့်မှတစ်ဆင့် ကမ်းပေးလေသည့် ကြက်ကင်ကို ကိုက်ဝါးလိုက်ပြန်၏။

သည်သို့ဖြင့် ကျွန်တော်တို့သည် နားနေသောက်စားပြီးသည့်နောက် ထိုနေရာလေးမှ ထွက်ခဲ့ကြပြန်၏။

တောင်ကြောသည် တစ်စတစ်စလျှောက်ရင်းမှ မတ်စောက်လာသည်ဟု ထင်မိ၏။ ဝါးသုန်းတောလည်း လွန်လာချေပြီဖြစ်၏။ သို့ပေမင့် အောက်ပေါင်းတော့ ရှုပ်လေ၏။

သို့ လျှောက်ခဲ့ကြရာမှ ကျွန်တော်တို့ လျှောက်ခဲ့သည့်တောင်ကြောနှင့် ကပ်လျက်တောင်ကြောပေါ်တွင် ဝါးများတွေ့လေသည်ကြောင့် လှမ်းကဲကြည့်လိုက်၏။

'ဝါးတွေကောင်းလှချည်လား'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းမှာပေါ့၊ သည်ဝါးတောကလည်း မန်းကလိဝါးတောနဲ့ ဆက်စပ်နေတာလေ၊ မန်းကလိဝါးတောပဲ ဆိုပါစို့'

ကျွန်တော်သည် ထိုဝါးလေးသို့ သွားလိုသဖြင့် တောင်ကြောအခြေအနေကို ကြည့်လိုက်၏။

ကျွန်တော်တို့ရှိနေသည့် တောင်ကြောနှင့် ထိုတောင်ကြောမှာ မဝေးကွာလှသော်လည်း ကြားတွင် ချောက်ကမ်းပါးကြီး ခြားနေလေ၏။

'သည်ချောင်းဟာ မန်းကလိချောင်းလေ'

ဖိုးလှိုင်ညွန့်က ပြောလေ၏။

'နို့ဖြင့် ကျွန်တော်တို့ မန်းကလိဝါးတောဆိုတာ ရောက်နေပြီပေါ့'

သို့ ကျွန်တော်က ဖိုးလှိုင်ညွန့်ကို ပြောလိုက်၏။

'ဟုတ်တယ်'

သို့သာ ဖိုးလှိုင်ညွန့်က ပြော၏။

'မန်းကလိရွာ ဝေးသေးလား'

လင်းမြင့်လှိုင်က မေးလေ၏။

ဖိုးလှိုင်ညွန့်သည် ခေါင်းကိုခါယမ်းလိုက်လေပြီး…

'သည်တောင်ကြောအတိုင်းလျှောက်ပြီး ညာဘက်ယွန်းယွန်း တောင်ကြောဘက်ကို ဆင်းသွားကြမယ်ဆိုလျှင်ဖြင့် မန်းကလိရွာသွားတဲ့ လမ်းဖြူဖြူကြီးကို တွေ့လိမ့်မယ်'

'ဩော်…'

သို့ဖြင့် ကျွန်တော်တို့သည် တောင်ကြောကို တောတိုးဖြတ်ခဲ့ကြတော့၏။





'ကဲ… လာသည်တောင်ကြောစွယ်အောက် ဆင်းကြမယ်'

ဖိုးလှိုင်ညွန့်က ပြောလည်းပြော၊ တောင်ကြောစွယ်အတိုင်းလည်း တိုးဆင်းသွားလေသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း သူ့နောက် လိုက်ဆင်းသွားကြရ၏။ တောင်ကြောစွယ်အတိုင်း ဆင်းလာရာမှ မြေပြန့်တစ်ခုကို ရောက်သွားချေ၏။ မြေပြန့်အလွန်လေးတွင် ဖိုးလှိုင်ညွန့်သည် ကျွန်တော်တို့နှစ်ယောက်ကို ရပ်စောင့်နေလေ၏။ ကျွန်တော်တို့ အနားရောက်သွားသည်တွင်…

'ဟိုမယ် တွေ့လား၊ အဲဒါ ဝါးတော၊ မန်းကလိဝါးတောပေါ့'

ဝါးပင်တို့ ညို့ညို့မှိုင်းမှိုင်းကို လှမ်းကဲကြည့်လိုက်ကြ၏။ တောင်းလိုက်သည့် ဝါးတောပါကလား။ အီကြာကွေးတို့ကြောင့် ထိုဝါးတောလေးသို့ မည်သူမျှမသွားရဲကြချေပြီ။ တစ်ယောက 'ဖန်းအောင်' တစ်ယောက်လည်း သေဆုံးရလေသည်ကြောင့် ထိုနေရာကို မည်သူမျှ ဝါးသွားမခုတ်ရဲကြခြင်း ဖြစ်ချေ၏။

ကျွန်တော်သည် ဝါးတောကြီးကိုကြည့်ကာ နှမြောတသဖြစ်နေမိ၏။

'ကိုလင်းရေ ကျွန်တော်တို့တော့ သည်ဝါးတောကို မန်းကလိရွာသားတွေ ပြန်လည်အသုံးပြုနိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားကြမယ်ဗျာ' လို့ ကျွန်တော်က ပြောလိုက်တော့၏။

'ကဲ… ဆရာလေးတို့ လာ… ရွာကို သည်လမ်းကသွားသယ်'

ဖိုးလှိုင်ညွန့်က ဝါးတောနှင့် မလှမ်းမကမ်း လှည်းလမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းအနီး ခပ်သွက်သွက် လျှောက်သွားလေခြင်းကြောင့် ကျွန်တော်တို့သည်လည်း သူ့နောက် ခပ်သွက်သွက် လှမ်းလိုက်သွားရချေတော့၏။

'ဝါးတောနဲ့ နီးနေပြီပဲဗျာ၊ အချိန်လည်းရှိသေးတယ်၊ ဝါးတောထဲဝင်ကြည့်ကြစို့'

သို့ ကျွန်တော်က ပြောလိုက်သည်တွင် ဖိုးလှိုင်ညွန့် တစ်ယောက် လွန်မင်းစွာ မျက်စိမျက်နှာပျက်သွားလေပြီး…

'ဆရာလေးတို့ရယ်၊ ရွာပဲ အရင်ပြန်တာပေါ့၊ သည်ကနေ့တော့ အိမ်မှာပဲ နားနေဦးပေါ့ဗျာ၊ နက်ဖြန်လောက်မှ သည်ဝါးတောပြန်လာလျှင် လာချေပေါ့'

သို့ဆိုတော့ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝါးတောကို လှည့်ကြည့်လှည့်ကြည့်ဖြင့် ဖိုးလှိုင်ညွန့်နောက် လိုက်သွားလေ၏။

သို့ လမ်းကြောသည် ဝါးတောနှင့် ရုံခါနီးနီးကပ်ကပ်ဖြစ်သွားသည်တွင်…

'ဒုတ်… ဒုတ်… ဒုတ်'

'ဒုတ်… ဖျောက်'

'ခွမ်း… ဂျွက်… ဘရော'

အလိုလေးဗျာ… ဝါးတောထဲတွင် ဝါးဝင်ခုတ်နေကြပါကလား။ သူကြီးပြောတော့ ဘယ်သူမှ ဝါးတောထဲမဝင်ရဲဘူးဆိုငြား ယခုတော့ ဝါးဝင်ခုတ်နေကြပါကလား။

'ဘယ်သူတွေတုန်း၊ ခင်ဗျားပြောတော့ ဘယ်သူမှ မဝင်ရဲဘူးဆို'





ဖိုးလှိုင်ညွန့်ကို မေးလိုက်၏။

ဖိုးလှိုင်ညွန့်တစ်ယောက် မျက်စိမျက်နှာပျက်လျက်…

'တောခြောက်တာဖြစ်မယ်' ဆိုလာသဖြင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်၊ ထိုဝါးခုတ်သံ ပေါ်လာရာသို့ လှမ်းကဲကြည့် နားစွင့်လိုက်လုပ်နေကြလေပြီးမှ…

'ဒါ တောခြောက်တာ မဟုတ်နိုင်ဘူး'

လင်းမြင့်လှိုင်က ပြတ်ပြတ်သားသား ပြောလိုက်၏။

'ကျွန်တော်တို့ မန်းကလိရွာသာလျှင် သည်ဝါးတောနဲ့ နီးနီးရှိတာ တခြား ဘယ်ရွာမှ နီးနီးမရှိဘူး'

'ဆရာလေးတို့ မယုံလျှင်လည်း ရပါတယ်၊ ကျွန်တော့် အသိအမြင်ကို ပြောလိုက်တာပါ'

'နို့ဖြင့် ကိုလင်းနှင့် ကျွန်တော် သည်ဝါးတောမယ် နေခဲ့မယ်ဗျာ၊ သူကြီး တို့ရဲ့ရွာကို သည်လှည်းလမ်းကြောင်းအတိုင်းသွားလျှင် ရောက်နိုင်တယ်မဟုတ်လား'

မေးလိုက်၏။

'သည်လှည်းလမ်းက ရွာသုသာန်ဘက် ဦးတည်တယ်၊ ရွာက အဲဒီသုသာန်နဲ့ တစ်မိုင်လောက်ဝေးတယ်၊ အင်းလေ… သုသာန်ရောက်လျှင် ရွာရောက်ပြီပဲ၊ နို့ပေမင့်လို့လည်း လှည်းလမ်းကြောင်းက ရှည်တယ်လေ'

'ဟုတ်ပြီလေ၊ ကျွန်တော်တို့ ဝါးတောဘက်သွားကြတော့မယ်၊ ဖိုးလှိုင်ညွန့်တစ်ယောက်တည်း ပြန်လို့ဖြစ်ပါတယ်နော်'

ကျွန်တော်က မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တာ မဖြစ်တာထက် ဆရာလေးတို့ကို မသွားစေချင်သေးဘူး၊ ဘာလို့လဲဆိုတော့ ရွာမှာ ဆရာလေးတို့ကို စောင့်နေတဲ့သူရှိလို့"

"ဟင်… ဟုတ်လား၊ ဘယ်သူတုန်း"

ကျွန်တော်က မေးလိုက်၏။

"ဘယ်သူ့ရှိရမှာတုန်း၊ ဆရာလေးတို့ကိုတွေ့ပြီး ခေါ်လာလို့ အကြံပေးတဲ့သူလေ"

"ဘယ်သူတုန်းဗျ"

"စန္ဒာဝရလေ"

"ဩော်… ဟုတ်ပါရဲ့၊ ကဲ… ကိုပိုက်ရေ၊ ကျွန်တော်တို့ မန်းကလိပဲ လိုက်သွားကြမယ်၊ နောက်နေ့မှ သည်ဝါးတော ပြန်လာကြတာပေါ့"

သို့ဆိုလျက် ကျွန်တော်တို့သည် ဖိုးလှိုင်ညွန့်နောက်သို့သာ လိုက်သွားကြတော့၏။

တအိအိဖြင့်လျှောက်ခဲ့ကြရာမှ လှည်းလမ်းကြောင်းအဆုံးတွင် ကွင်းစပ်ကို တွေ့လိုက်ရ၏။

ထိုကွင်းကို လှမ်းကဲကြည့်လိုက်သည်တွင် အုတ်ဂူများ၊ မြေပုံများကို တွေ့ရချေ၏။

မန်းကလိသုသာန်ဖြစ်မည်။

ကျွန်တော်တို့သည် လှည်းလမ်းကြောင်းအစပ် (တောအုပ်မှအထွက်)တွင် ခေတ္တမျှ ရပ်နားလိုက်ကြပြီး ဟိုသည် ကိုယ်စီတွေးနေကြ၏။

"သုသာန်တော့ မြင်ရပြီ"





ဖိုးလှိုင်ညွန့်က ပြော၏။

"သုသာန်မယ် ဇရပ်ရှိတယ်၊ အဲဒီမယ် တစ်ထောက်နားကြတာပေါ့"

ဖိုးညွန့်လှိုင်ကပင် ဆက်ပြောလေပြီး ကျွန်တော်တို့သဘောထားကို သိလိုဟန်ဖြင့် မျက်နှာကို ကြည့်လာချေ၏။

"ကောင်းသားပဲ၊ သည်မှာပဲ နားကြမယ်"

သည့်နောက် ကျွန်တော်တို့သည် ကွင်းကို ဖြတ်လိုက်ကြ၏။

"ရှိစ်…"

"ရှိစ်…"

"ရှိစ်…"

ကွင်းဆိုပေမင့် အောက်ခြေတွင် ချုံပုတ်ပင်နှင့် မြက်ရိုင်းဝင်၊ ထိကရုန်းပင်တို့ ရှိလေခြင်းကြောင့် ခြေများရှိခြင်း ဖြစ်မည်။ သို့ဖြစ်၍လည်း ကိုယ့်ခြေ အန္တရာယ်ကြည့်ရှောင်နေကြရခြင်းဖြစ်၏။

ကွင်းကိုဖြတ်လိုက်သည်နှင့် လေပြည်လေးသည်လည်း တိုက်ခတ်လာချေ၏။ သို့လေပြည်လေးနှင့်အတူ ဝါးခုတ်သံတို့ကိုလည်းကြားရသည့်ပြင် လူသံသဲ့သဲ့ကိုလည်း ကြားရလေခြင်းကြောင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ဝါးခုတ်သံ၊ လူသံတို့ ဆူဆူညံညံကြားရာဘက်သို့ လှမ်းကြည့်လိုက်ကြ၏။

"ဒါ တောခြောက်တာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး"

သို့ဆိုသလို လင်းမြင့်လှိုင်က ပြောလာချေ၏။

သို့ဖြင့် ကျွန်တော်တို့သည် ရွာထိပ်သုသာန်သို့ ရောက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ…'

'ဟင်…'

သူသခ်ဝတွင် စန္ဒာဝရကို တွေ့လိုက်သဖြင့် အံ့သြသွားကြခြင်းဖြစ်၏။

'ကိုပိုက်တို့ ကိုလင်းတို့ ရောက်လာကြပြီလား'

'တင်ပါ့ဘုရား'

'ကဲ… ကဲ… လာကြချေ၊ ဇရပ်တဲမယ် ကိုပိုက်တို့ကို တွေ့ချင်တယ်ဆိုတဲ့သူ ရှိနေတယ်'

'ဗျာ…'

'ဟင်…'

'ကျွန်တော်တို့ကို တွေ့ချင်တဲ့သူ ဟုတ်လား၊ ဘယ်သူများပါလိမ့်၊ ဘယ်သူက ကျွန်တော်တို့ သည်ကနေ့ သည်အချိန် ရောက်လာမယ်ဆိုတာ သိနေလို့လဲ'

သို့ ကျွန်တော်က စန္ဒာဝရကို မေးလိုက်၏။

'အေးဗျာ… တပည့်တော်တို့ သည်အချိန် သည်နေရာ ရောက်မယ်ဆိုတာ ဘယ်သူပြောတုန်း၊ သူကြီးက ကြိုတင်သတင်းပို့လာလို့လား'

သို့ လင်းမြင့်လှိုင်က ပြောလိုက်ပြန်သည်တွင် စန္ဒာဝရသည် ပြုံးလာချေပြီး…

'ဦးဇင်းကို ဇရပ်ထဲရှိတဲ့ ကိုပိုက်တို့မိတ်ဆွေကြီးကပဲ ပြောတာလေ၊ သူပြောလို့ ဦးဇင်းသိရတာ'

သို့ ပြောလာပုံကြည့်၍ စန္ဒာဝရသည် ကျွန်တော်တို့ မေးသမျှကို တိကျစွာဖြေနိုင်စွမ်း မရှိလေသည်ကြောင့် မည်သို့မျှ





မမေးမပြောလေတော့ဘဲ စန္ဒာဝရကို မျက်ရိပ်ပြလိုက်၏။

ကျွန်တော်တို့ ဇရပ်ဆီသွားမည်ပေါ့။

သို့ဖြင့် ကျွန်တော်တို့သည် ရွာသုသာန်တွင်းရှိ ဇရပ်သို့ ရောက်ခဲ့ကြချေတော့သည်။

သို့ ဇရပ်တွင်မတော့ ကျွန်တော်တို့၏ မိတ်ဆွေကြီး 'မမ္ပါလ'ကို တွေ့လိုက်ကြတော့၏။

'ရသေ့ကြီး ဘယ်လိုလုပ် သည်ရောက်နေပြန်တုန်း'

ကျွန်တော်က စတင်၍ နှုတ်ဆက်စကားဆိုလိုက်၏။

'ပြောခဲ့ဖူးတယ် မဟုတ်လား ကိုပိုက်ရယ်၊ ရသေ့ကိုယ်၌က ဝဋ်ကြွေးမကုန်ဖြစ်နေလားမှ မသိတာ၊ ကိုပိုက်တို့နဲ့ ရေစက်ကို မပြတ်သေးတာဖြစ်မယ်၊ ခုလည်း ညဦးက အိပ်မက်လို့ ခုလာတွေ့တာ'

'ဗျာ…'

'ဘယ်လိုအိပ်မက်တုန်း ရသေ့ကြီးရဲ့၊ ကျွန်တော်တို့နဲ့ ပတ်သက်နေလို့လား'

'ဟုတ်တယ်'

'ဟင်…'

'ရသေ့ကြီး ရှင်းအောင်ပြောလို့မရဘူးလား'

လင်းမြင့်လှိုင်က မေးလိုက်၏။

'အိပ်မက်မကောင်းဘူး၊ အိပ်မက်ထဲမယ် ကိုပိုက်တို့ နှစ်ယောက် မန်းကာလိဝါးတောထဲမယ် ကျားကောင်နဲ့ ထိပ်တိုက်တိုးကြတယ်၊ ကိုပိုက်တို့နှစ်ယောက်က ကျားကောင်ကို ဘယ်လိုမှ မယှဉ်နိုင်ဘူးတဲ့၊ ရှင်းအောင်ပြောဆိုလို့ ပြောလိုက်မယ်၊ ကျားကောင်ဟာ ကိုပိုက်တို့ကို ကိုက်ဆွဲမွှေ့ယမ်းလိုက်တယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…"

"ဟာ…"

"မန်းကလိဝါးတောထဲမယ် ကျားမရှိနိုင်ပါဘူး"

သူကြီးဖိုးလှိုင်ညွန့်က ဝင်ပြောလေ၏။

ရသေ့မမွှေပါလက ပြုံးလိုက်ချေပြီး…

"ကျားကောင်ရှိတာ မရှိတာ အကြောင်းမဟုတ်ဘူး၊ အိပ်မက်ကတော့ မကောင်းဘူး၊ နို့ကြောင့် သည်သုသာန်ကနေ လာစောင့်နေတာ"

"ဟင်… ရသေ့ကြီးက ဘယ်ကလာလို့ ဘယ်လိုတွေ သိလို့လဲ၊ အံ့ဖို့တော့ အတော်ကောင်းသားကလား"

"ဟင်း… ဟင်း… ဟင်း… ဘာမှအံ့စရာမရှိဘူး၊ ရသေ့က မန်းကလိဝါးတောနားက ကျွန်းတောလေးထဲမယ် အဓိဋ္ဌာန် ဝင်နေတာ၊ နို့ကြောင့် ရသေ့ အိပ်မက်အရ ကိုပိုက်တို့ ဝါးတောကိုရောက်လာလိမ့်မယ်ဆိုတာ သိလေတော့ သည်ရွာမှာလည်း မန်းကလိဝါးတောက နာမည်အတော်ထွက်နေတယ်လေ၊ ပြီးတော့ သည်မယ် ဦးဇင်းစန္ဒာဝရလည်း ရှိတယ်၊ စန္ဒာဝရနဲ့ ကိုပိုက်တို့ ပတ်သက်မှုရှိလေတော့ ကိုပိုက်တို့ သည်ရောက်လာပြီး မန်းကလိ ဝါးတောအရှုပ်တော်ပုံကို လာရှင်းကြမယ်ဆိုတာ ထွက်ပြီးသားလေ၊ တိုက်တိုက်ဆိုင်ဆိုင် ညက အိပ်မက်ရပြန်တော့ ပိုသေချာသယောင် ဖြစ်သွားတာပေါ့"

ရသေ့မမွှေပါလက သို့ပြောလေပြီး နံဘေးရှိ ကြေးစည်လေးကို ကောက်ယူလိုက်ကာ "နောင်ဝေ… ဝေ… ဝေ… ဝေ"ရယ်လို့ မြည်အောင် ရိုက်ခတ်လိုက်လေတော့၏။





သူကြီးဖိုးလှိုင်ညွန့်နှင့် စန္ဒာဝရက အံ့သြတကြီး ရသေ့ကို ကြည့်နေကြတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်ကမူ ရသေ့မမွှေပါလအကြောင်း သိထားပြီးဖြစ်၍ အံ့သြခြင်းမရှိပါချေ။

"နို့ဖြင့် ရသေ့ကြီးပြောပုံအရ ကျွန်တော်တို့က မန်းကလိ ဝါးတောထဲ မသွားသင့်ဘူးဆိုတဲ့သဘောလား"

လင်းမြင့်လှိုင်က မေးလိုက်၏။

သို့ လင်းမြင့်လှိုင်အမေးကြောင့် စန္ဒာဝရနှင့် သူကြီး ဖိုးလှိုင်ညွန့်သည် ကျွန်တော်တို့ကို တကူးကက လာခေါ်ခဲ့လေပြီးမှ ကျွန်တော်တို့ဘက်က စိတ်ပျက်သွားတော့မည်၊ ပြဿနာကို ရှင်းမပေးတော့မည် စိုးရိမ်စိတ်ကြောင့် အံ့အားသင့် ပါးစပ်ဟောင်း လောင်းဖြင့် ငေးကြည့်လာချေတော့၏။

ထိုသည်ကို ရသေ့မမွှေပါလက ရိပ်မိလေသည်ကြောင့်…

"သည်လိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ ကိုပိုက်တို့ကို သတိ ပေးတာပါပဲ၊ ခရီးစဉ် အစီအစဉ်တွေကိုဖျက်ဖို့ လာပြောတာမဟုတ် ဘူး"လို့ ပြောပြလာပြန်သဖြင့်…

"ဟင်… နို့ဖြင့် ကျွန်တော်တို့က ကျားကောင်နဲ့ ထိပ် တိုက်တက်တိုးမှန်းသိလျက် သွားရမှာပေါ့"

သို့ ကျွန်တော်က သွေးတိုးစမ်းမေးလိုက်၏။

"ဒါပေါ့"

"ဗျာ"

"ဟင်း… ဟင်း… ဟင်း… ကိုပိုက်တို့ကို ရသေ့က မသွားနဲ့ဆိုလည်း သွားကြမှာပဲမဟုတ်လား၊ ရသေ့ဆီက အကြံ



www.burmeseclassic.com

www.burmeseclassic.com



ညာထ်လိုချင်လို့ တမင်စကားအစ်တာ မဟုတ်လား'

'ဟီး... ဟီး... ဟီး...'

သို့ ကျွန်တော်က ရယ်ကျဲကျဲလုပ်လိုက်လေတော့၏။

'ရသေ့ကြီးရယ် လုပ်ပါဦး၊ ထိပ်တိုက်တိုးလျှင် ဘယ်လို လုပ်ရမလဲ'

လင်းမြင့်လှိုင်က အတည်ပေါက်မေးလိုက်၏။

'လက်ဦးမှု ရယူပစ်ရမှာပေါ့၊ ကိုယ်က ကြိုသိထားပြီပဲ'

သို့ ကျွန်တော်က ပြောလိုက်၏။

သည်တွင် ရသေ့က ခေါင်းကိုခါယမ်းလိုက်ချေပြီး...

'ဘယ်လိုလဲမှန်းမသိဘဲ ကိုယ်က လက်ဦးမှုရယူလို့ ဘယ် ဖြစ်ပါ့မတုန်း'

လို့ ရသေ့က ပြောလေ၏။

'ကျားကောင်က ကြောင်မဟုတ်ဘူးလေ ရသေ့ကြီးရဲ့'

'ကြောင်မဟုတ်လို့လည်း ရသေ့က တကူးတက လာကြို တင်သတိပေးတာပေါ့'

'ဟုတ်ပါပြီ... ကျွန်တော်တို့ စဉ်းစားမရဘူး၊ ပြောပါ ဦး၊ အကြံဉာဏ်လေး ဘာလေး'

သို့ ပြောလိုက်လေမှ ရသေ့မမွှပါလသည် ပြုံးလိုက် ချေပြီး...

'တိုက်ပွဲတစ်ခုမှာ ကိုယ်ရှုံးမယ်ဆိုတာ အတိအကျကြီး ကြိုသိထားမယ်ဆိုလျှင် ကိုယ်ဘာလုပ်သင့်တယ်ဆိုတာ ကိုယ့် ဘာသာ ဆုံးဖြတ်တော့လေ၊ ကဲ... ရသေ့သွားမယ်'

'ဟင်...'





'အို...'

သို့ဆိုလျက် ရသေ့မမွှပါလသည် ဖရုပ်ပေါ်မှ ဆင်းသွား လေ၏။ ကျွန်တော်တို့ နားမလည်နိုင်သော ဘုရားစာတစ်ပုဒ်ကို လည်း ရွတ်ဖတ်လိုက်လေပြီးနောက် လက်တွင်းရှိ ကြေးစည်လေး ကို 'နောင်ဝေ... ဝေ... ဝေ... ဝေ'လို့ မြည်အောင် ရိုက်ခတ် လိုက်လေတော့၏။

သူကြီးဖိုးလှိုင်ညွှန့်နှင့် စန္ဒာဝရက အံ့သြတကြီးဖြစ်သွား ကြချေ၏။

'ဘယ်လို ရသေ့ပါလိမ့်'

'ဦးနောက်ကော ပုံမှန်ဟုတ်ရဲ့လား'

သို့ ပြောလာလေကြသဖြင့် ကျွန်တော်က ရသေ့မမွှပါလ အကြောင်းကို အကျဉ်းသာ ပြောပြလိုက်ရတော့၏။

'ကဲ... ကဲ... ဆရာလေးတို့ အိမ်လိုက်ခဲ့ချေ၊ မနက် စောစောကျမှ မန်းကလေးဝါးတော သွားကြချေပေါ့'

'အဲလိုပဲ လုပ်ရတော့မှာပေါ့'

မန်းကလေးသူကြီး ဖိုးလှိုင်ညွှန့်အိမ်တွင် ကျွန်တော်တို့ ခရီး ပန်းလာသည်ကြောင့် လဲလျောင်းနားနေလိုက်ကြ၏။

ညဘက်တွင် သူကြီးကတော် 'မပိုစိန်'က ဝါးဆိုလက်ဖက် ဖြင့် ဧည့်ခံလေ၏။ ရှားရှားပါးပါး ဘယ်ကဘယ်လိုရထားလေ သည် မသိချေ။

'ဆိုပါဦး... သည် ဝါးဆိုလက်ဖက်က ကျောက်မဲဘက် ကမဟုတ်လား၊ သူကြီးကတော်က ရခိုင်ဘက်ကပဲ၊ ဘယ်လိုများ ဆက်စပ်နေပါလိမ့်'



www.burmeseclassic.com

www.burmeseclassic.com



သို့ ကျွန်တော်က စပ်စပ်စုစုမေးလိုက်၏။

"ကျောက်မဲသူလေး အင်္ကြင်းမွေးလက်ဆောင်ပေးတာလေ"

"ဩော်…"

ညဦးပိုင်းတွင် သူကြီးတို့ မနီးမဝေးနေက ကျွန်တော်တို့နှင့် စကားစမြည်ပြောနေသေး၏။

သူကြီးဖိုးလှိုင်ညွန့်က ခရီးပန်းလာသည်ဖြစ်၍ စောစောအိပ်ရာဝင်သွားခြင်းကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မျက်လုံးအကြောင်သားနှင့် ကျန်ရစ်ခဲ့ချေ၏။

"ကဲ… ကိုပိုက်ရေ၊ အိပ်မပျော်တဲ့အတူ" ဆိုလျက် လင်းမြင့်လှိုင်သည် ဝီစကီပုလင်းပြားလေးကို ထုတ်ပေးလာချေတော့၏။

သူကြီးကတော်ကို အားနာ၍ ကျွန်တော်တို့ တစ်ညလုံး မသောက်ဘဲနေခဲ့ကြခြင်းဖြစ်ပြား ယခုတော့ဖြင့် ဝီစကီသောက်ဖြစ်ကြချေပြီပေါ့။

သူကြီးကတော်ကို အားနာသည်ဆိုသည်ကလည်း သူကြီးဖိုးလှိုင်ညွန့်သည် အရက်ကို ဖြတ်ထားသည်သိထားခြင်းကြောင့် ဖြစ်ချေ၏။

ကျွန်တော်တို့ ဝီစကီသောက်နေရင်းမှ လင်းမြင့်လှိုင်က ဘာစိတ်ကူးပေါက်သွားလေသည်မသိ။

"ကိုပိုက်ရေ… ကျွန်တော်တို့ သုသာန်သွားကြရအောင်"

"ဟင်… ဘာယ်လို"

"ကျွန်တော် ထိတ်လန့်သွားမိ၍ ညဦးနက်သန်းခေါင် သုသာန်ကို ဘာသွားလုပ်မှာတုန်း"





"စောပန်းအောင်ကို တွေ့ချင်လို့"

"ဗျာ… ဘယ်လို"

"ဩော်… မန်းကလိဝါးတောထဲမယ် သေသွားတဲ့ စောပန်းအောင်အလောင်းကို မြင်ချင်လို့"

ဘုရားရေ… လင်းမြင့်လှိုင် မူးနေလေပြီလား။

"ကိုလင်းရယ်… ပေါက်တတ်ကရတွေ ပြောမနေစမ်းပါနဲ့၊ ညဦးလည်း အတော်နက်ပြီ၊ ဝီစကီလည်း ကုန်ပြီ၊ အိပ်ကြတာပေါ့"

သို့ ကျွန်တော် ပြောလေသည်တွင် လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးလိုက်ချေပြီး…

"ကျွန်တော် တကယ်ပြောနေတာ"

လို့ လေသံမှန်မှန်ဖြင့် ပြောလာသဖြင့်…

"နို့ဖြင့်လည်း ဘယ်လိုကြောင့်တုန်းဗျာ၊ ကျွန်တော် သိခွင့်ရှိတယ်လား" လို့ မေးလိုက်၏။

"သူကြီးတို့ပြောတာ မန်းကလိဝါးတောမှာ သေသွားရတဲ့ စောပန်းအောင်က ဘာဒဏ်ရာဒဏ်ချက်မှမရှိဘဲ ထိတ်လန့်ရှော့ခ်ဖြစ်သွားတာလို့ ပြောတယ်မဟုတ်လား"

"ဟုတ်တယ်လေ၊ စန္ဒာဝရလည်း ပြောတာပဲ"

"ကျွန်တော်တော့ မယုံဘူး၊ စောပန်းအောင်အလောင်းကို မြင်ရလျှင်ဖြင့် ဘယ်လိုကြောင့်သေရတယ်ဆိုတာသိနိုင်တဲ့ သဲလွန်စတော့ ရှိလိမ့်မယ်ထင်တယ်"

"ဟုတ်ပါတယ်၊ စောပန်းအောင်အလောင်းကို သုသာန်ဘယ်နေရာမယ် သင်္ဂြိုဟ်ထားလဲဆိုတာ ဘယ်လိုသိနိုင်မလဲဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



စမ်းတဝါးဝါးနဲ့သွားလို့ ဘယ်ဖြစ်ပါ့မတုန်း၊ မနက်ကျမှ သူကြီးကို ပြောပြီး ပြန်တူးကြည့်ကြတာပေါ့'

'အဲလိုလည်းမဖြစ်ဘူး ကိုပိုက်ရဲ့၊ ကျွန်တော့်သဘောက ဘယ်သူ့ကိုမှ မသိစေချင်ဘူး'

'တခြားနည်းလမ်းကော မရှိဘူးလား'

'စန္ဒာဝရဆိုလျှင်ဖြင့် ဖြစ်နိုင်တယ်'

လင်းမြင့်လှိုင်က သို့ပြောလည်းပြော၊ အိမ်တွင်းမှလည်း တိတ်တဆိတ်ထွက်သွားလေခြင်းကြောင့် ကျွန်တော်သည်လည်း လင်းမြင့်လှိုင်နောက် လိုက်သွားတော့၏။ ကျွန်တော်တို့ အိပ်ရာနေရာတွင်၊ လူနှစ်ယောက်အိပ်နေသည့်ဟန်ဖြင့် ခေါင်းအုံးနှင့်စောင်တို့ကို အသုံးပြုလုပ်ထားခဲ့ကြချေ၏။ သို့မှ ကျွန်တော်တို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေသည်ဟု ထင်ကြပေမည် မဟုတ်ပါကလား။

သို့ဖြင့် ကျွန်တော်တို့သည် ရွာထိပ်ရှိ စန္ဒာဝရ၏ ကျောင်းသင်္ခမ်းသို့ ရောက်လာကြ၏။

'ဦးဇင်း' 'ဦးဇင်း' 'ဦးဇင်း'

သို့ ကျွန်တော်က ကျောင်းသင်္ခမ်းနားရောက်သည်နှင့် ခေါ်လိုက်၏။

'ဘယ်သူတွေတုန်း'

ကျောင်းသင်္ခမ်းတွင်းမှ စန္ဒာဝရသည် မီးခွက်ကိုင်၍ ထွက်လာချေ၏။

'ကျွန်တော်တို့ပါ'

'ဟင်··· ဒကာလေးတို့ပါလား၊ လာကြ··· လာကြ၊ ဘာများ အရေးတကြီးရှိလို့ သည်ရောက်လာကြတာတုန်း'





သို့ မေးလေသည်ကြောင့် လင်းမြင့်လှိုင်က အကျိုးအကြောင်းကို ပြောလိုက်၏။

'သည်တော့ ဦးဇင်းက ဘာလုပ်ပေးရမတုန်း'

'စောပန်းအောင်ရဲ့ မြေပုံကို ညွှန်ပေးပါကလား'

'အင်း··· ဖြစ်ပါတယ်၊ ကျုပ်လည်းလိုက်မယ်'

သို့ဖြင့် ကျွန်တော်တို့သည် ရွာထိပ်သုသာန်သို့ ရောက်ခဲ့ကြတော့၏။

သုသာန်ဇရပ်တွင် မည်းမည်းသဏ္ဍာန်တစ်ခုသည် လှုပ်ရှုရှုရှိလေခြင်းကြောင့် ရုတ်တရက်မို့ ထိတ်လန့်သွားမိ၏။

'ဇရပ်ပေါ်မှာ ဘာတုန်းဗျ'

'သိပေဘူးဗျ၊ သွားကြည့်တာပေါ့'

စန္ဒာဝရက ဦးဇင်းပီပီ မကြောက်မရွံ့ပြောလေ၏။

'သွားကြတာပေါ့'

သို့သာပြော၍ သွားလိုက်သည်။ ကျွန်တော်သည် လက်တွင်းရှိသေနတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်၏။

ကျီ··· ကျီ··· ကျီ···

ဂျလစ်··· ဂျစ်··· ဂျစ်···

ဂျလစ်··· ဂျစ်··· ဂျစ်···

ဇရပ်ခေါင်းရင်းဘက်တွင် ပေါက်နေသည့် ကုက္ကိုပင်ကြီး၏ အကိုင်းအခက်သည် ဇရပ်အမိုးကို လေတိုက်၍ ထိခတ်လေခြင်းကြောင့် သို့ အသံများ ထွက်ပေါ်လာရခြင်းဖြစ်ချေ၏။

သို့အသံကြောင့် ဇရပ်ပေါ်ရှိ မည်းမည်းသဏ္ဍာန်သည် ဇရပ်ပေါ်မှ ဆင်းသွားခြင်း အလျဉ်းမရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က…

'မာတ်မီးနဲ့ထိုးကြည့်ချေဗျာ'

သို့ကြောင့် ကျွန်တော်သည် မာတ်မီးဖြင့် လှမ်းထိုးလိုက်ချေ၏။

'ဟာ…' 'ဟင်…'

မည်းမည်းသဏ္ဌာန်သည် လူတစ်ယောက် ဖြစ်နေချေ၏။

သည်အချိန် သည်လိုနေရာမျိုးတွင် ဘယ်လိုလူမျိုး ရောက်နေတာပါလိမ့်။ မကြောက်မရွံ့ပေဘူးလား။

'သရဲတစ္ဆေကောင်တော့ မဟုတ်ပါဘူးနော်'

ကျွန်တော်က စန္ဒာဝရကို ပြောလိုက်၏။

စန္ဒာဝရက ပြုံးပြလာချေပြီး…

'သည်သုသာန်မှာ မှီခိုနေတဲ့ အရူးပါ'

'ဟင်…'

'ဘယ်ကအရူးတုန်း'

သို့ ကျွန်တော်က ပြောလိုက်၏။

လင်းမြင့်လှိုင်က နားစွင့်နေလိုက်၏။

'ကိုပိုက်တို့ကို သူကြီးက မပြောမိဘူးထင်တယ်'

'ဘာတုန်း'

'စောပန်းအောင်နဲ့ မန်းကလိဝါးတောလေးထဲ လိုက်သွားတဲ့ ဖိုးတင်အောင်ပေါ့'

'ဟင်… သူက အရူးလား'

'အစက လူကောင်းပဲပေါ့၊ စောပန်းအောင်နဲ့ ဝါးတောထဲသွားကြပြီး စောပန်းအောင် သေကျန်ရစ်ခဲ့ပြီး ပြန်ရောက်ခဲ့ပြီး





တစ်လလောက်အကြာမှာ ခုလို အရူးတစ်ယောက်လို ဖြစ်သွားတော့တာပဲ'

'ဟင်…'

'ယဉ်ယဉ်လေးနဲ့ ရူးနေတာ'

'ဟုတ်လား'

'ဘယ်လိုထင်တုန်း'

ကျွန်တော်က စန္ဒာဝရသဘောထားကို မေးလိုက်၏။

'စောပန်းအောင်နဲ့ သူက အင်မတန်ရင်းနှီးကြတာကလား၊ ချစ်ကြတာကလား၊ စောပန်းအောင်သေတော့ ပထမပိုင်း ဘာမှ မထူးခြားဘူး၊ ဘယ်လောက်အကြာမှာ ဘယ်လိုဖြစ်သွားတယ် မသိပါဘူး၊ သွက်သွက်ခါ ရူးသွားတော့တာပဲ'

'အင်း… ကိုပိုက်ရေ ဖိုးတင်အောင်ကိုလည်း ကျွန်တော်တို့ခေါင်းထဲ ထည့်စဉ်းစားဖို့လိုပြီနော်'

သို့ လင်းမြင့်လှိုင်က ပြောလာတော့၏။

'ကဲ… ကဲ… လာကြလာ၊ ဖိုးတင်အောင် ရွာဘက်ပြေးသွားပါပြီ'

လရောင်အောက်တွင် ဖိုးတင်အောင်တစ်ယောက် ရွာလမ်းဖြူးဖြူးပေါ်တွင် ပြေးလွှားသွားလေသည်ကို ခပ်ရေးရေး တွေ့လိုက်ကြတော့၏။

သို့ပြောား ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် စန္ဒာဝရဦးဆောင်မှုဖြင့် သုသာန်အတွင်း လရောင်အောက်တွင် မှုန်ဝါးဝါးမြင်ရသည့် အုတ်ဂူနှင့် မြေပုံတို့ကြား လမ်းရှာ စမ်းတဝါးဝါးသွားနေကြချေ၏။



www.burmeseclassic.com

www.burmeseclassic.com



လေပြည်တစ်ချက်တစ်ချက် အတိုက်တွင် အပုပ်နံ့တော့ဖြင့် ရလိုက်ချေသေး၏။

'ဘယ်ကအနံ့တုန်း'

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က ဟက်ဟက်ပက်ပက် ရယ်လိုက်လေပြီး…

'ဟား… ဟား… ဟား… ဟား… ကိုပိုက်ရယ်၊ သုသာန်ထဲမှာ ရောက်နေကြတာ ဘယ်က အပုပ်နံ့ရမှာတုန်း၊ သုသာန်ထဲရှိတဲ့ လူသေကောင်တွေရဲ့ အပုပ်နံ့ပေပဲပေါ့ဗျာ'

'အဲဒါ စောပန်းအောင်ဆီက ရနံ့ပေါ့'

'ဗျာ…'

စန္ဒာဝရ ပြောလိုက်သည်ကြောင့် လွန်မင်းစွာ ထိတ်လန့်သွားမိ၏။

'ဦးဇင်းရယ်… ဘယ်လိုပြောနိုင်တုန်း'

'ဒကာပိုက်ရဲ့… သည်ရွာမှာ လူအသေအပျောက် နည်းတာကလား၊ တစ်နှစ်နေလို့ တစ်ယောက်သေခဲတယ်လေ၊ လတ်လတ်ဆတ်ဆတ်ဆိုလို့ စောပန်းအောင်ပဲ ရှိတာကလား၊ သူ့ဆီက အနံ့မဟုတ်လို့ ဘယ်ကအနံ့ဖြစ်ရမှာတုန်း'

အလိုလေးဗျာ… သို့ဆိုလျှင်ဖြင့် ကျွန်တော်တို့ စောပန်းအောင်အလောင်းကို ဘယ်လိုလုပ် စေ့စေ့စပ်စပ်ကြည့်လို့ ဖြစ်ပါလိမ့်မည်နည်း။ သို့ကြောင့်…

'ကိုလင်း ဖြစ်ပါ့မလားဗျာ၊ သည်လောက်နံနေတာကို'

'စောပန်းအောင်အလောင်းကို စေ့စေ့စပ်စပ် ကြည့်ထားနိုင်လေမှ သူ ဘာကြောင့်သေရတယ်ဆိုတာ သိမှာလေ၊ သည်





တော့မှ သွေးရိုးသားရိုး ဟုတ်မဟုတ် သိရပေမပေါ့'

သို့ဆိုတော့ ကျွန်တော်သည် ဘာဆက်ပြောစရာ လိုတော့မည်နည်း။

'ဦးဇင်းအနေနဲ့ကတော့ သည်လိုအပုပ်နံ့တွေက အမွှေးနံ့သာတွေထက် လူသားတွေကို အကျိုးပြုတယ်လေ'

'ဗျာ…'

'ဘယ်လို…'

စန္ဒာဝရကို ကျွန်တော် စေ့စေ့ကြည့်မိ၍ စိတ်မှမှန်ပါရဲ့လား။

'ဦးဇင်း ကိုပိုက်ကို ရှင်းပြလိုက်ပါဗျာ'

သို့ လင်းမြင့်လှိုင်က ပြောရာ ကျွန်တော်လည်း ကြည့်ကာ ပြုံးစစမျက်နှာပေးဖြင့် ကြည့်လာချေ၏။

'အမွှေးနံ့သာဆိုတော့ အကုသိုလ်စိတ်ကို ဖြစ်စေတယ်လေ၊ အကြောင်းအကျိုးလွှတ်စိတ်ဆိုတာ ဖြစ်ပေါ်စေတယ်'

'အပုပ်နံ့ဆိုတာကတော့ ကုသိုလ်စိတ်၊ အကျိုးစိတ်ဖြစ်စေတယ်၊ အားလုံးဟာ အပုပ်ကောင်ချည်းပဲ မဟုတ်လား၊ အပုပ်ကောင်က ရုပ်ဆောင်နေကြတော့ကာ အမွှေးနံ့သာတွေနဲ့ ဖုံးကွယ်ထားကြတာလေ၊ ဒါကိုပဲ မက်နေကြတာ၊ ဒါကိုပဲ တွယ်တာနေကြတာ၊ ခုပဲကြည့်လေ၊ စောပန်းအောင်က သေပြီဆိုတော့ ပုပ်ပြီပေါ့၊ စောပန်းအောင်အလောင်း အသက်ရှင်စဉ်က သူ့ကို တရင်းတနှီးဆက်ဆံကြတယ်၊ ဖက်လှဲတကင်း လုပ်ကြတယ်၊ စောပန်းအောင်က လူရိုးတစ်ယောက်ပေပဲ၊ ရွာက သူ့ကို ချစ်ကြတယ် ခင်ကြတယ်၊ သူကလည်း ကြီးကြီးငယ်ငယ် ရိုရိုသေသေဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ခိုင်းတာလုပ်တယ်၊ လူချစ်လူခင်ပေါတယ်၊ စောပန်းအောင် သေပြီဆိုတော့ သူ့အသုဘလိုက်ချကြတာတောင်မှ ကိုယ့်နှာခေါင်း ကိုယ် ပိတ်တဲ့သူနဲ့၊ မျက်နှာလွှဲတဲ့သူနဲ့၊ ကဲ… ကိုပိုက် သည်လောက် ဆို နားလည်လောက်ပါပြီနော်’

စန္ဒာဝဲရ ပြောစကား ရှုပ်သည်ဆိုရပေမင့် နားလည်သလို လိုတော့ အရှိသားကလား။ သို့ကြောင့် ကျွန်တော်သည် ဘာမျှ ဆက်မပြောတော့ပါချေ။ တိတ်ဆိတ်ငြိမ်သက်စွာ လင်းမြင့်လှိုင်နှင့် စန္ဒာဝရနောက် လိုက်သွားရတော့၏။

‘ဟော… သည်မယ် စောပန်းအောင် မြေပုံပေပဲ’

အလိုလေးဗျာ… အပုပ်နံ့က လှိုင်ထွက်လာပါကောလား။

‘ဂစ်…’

‘ဂီးလ်…’

အလိုလေးဗျာ။ ငှက်ဆိုးကောင်ကလည်း တိုက်တိုက်ဆိုင် ဆိုင် ဦးခေါင်းထက်မှ ပျံသန်းအော်ဟစ်သွားရတယ်လို့။

စောပန်းအောင်အလောင်းသည် တောခွေးတို့ကြောင့် မြေပေါ်သို့ လက်တစ်ဖက်ပေါ်နေလေသည်ကြောင့် ကျွန်တော်တို့ အတွက် အဆင်ပြေသွားသည်ဟု ပြောရချိမ့်မည်။

လင်းမြင့်လှိုင်က မရွံမရှာ မကြောက်မရွံ့ ဆွဲမ,ဖော်လိုက် ၏။

သုသာန်အတွင်း လရောင်ကျရောက်နေခြင်းကြောင့် အလောင်းကောင်ကို ထင်သာမြင်သာရှိလေသဖြင့် လင်းမြင့်လှိုင် သည် သေချာဂဃနဏ စူးစမ်းကြည့်နေလေ၏။

ကျွန်တော်သည် အပုပ်နံ့ကြောင့် အော်ဂလီဆန်သလို ဖြစ်





လာရခြင်းကြောင့် မျက်နှာကို လွှဲထားလိုက်ရ၏။

လင်းမြင့်လှိုင်နှင့် စန္ဒာဝရသည် တစ်ယောက်နှင့်တစ် ယောက် ဘာတွေပြောနေကြသည် မသိချေ။ အတန်ကြာတွင် လင်းမြင့်လှိုင်သည်…

‘ကိုပိုက်ရေ သည်အလောင်းကို သေချာမြေပြန်မြှုပ်ခဲ့ ချင်တယ်ဗျာ’

သို့ဆိုလေသည်ကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကို ဝိုင်းကူရချေတော့၏။

အတန်ကြာတွင် အလောင်းကို သေချာ သေသေသပ်သပ် မြေမြှုပ်လေပြီးနောက် သုသာန်မှ ပြန်ထွက်ခဲ့ကြတော့၏။

‘ကိုလင်း ဘာထူးခြားတုန်း’

သုသာန်ဝရောက်သည်တွင် ကျွန်တော်ကမေးလိုက်၏။

‘သွေးရိုးသားရိုးသေတာ မဟုတ်ပေဘူးဗျ’

‘ဟင်… နို့ဖြင့် စောပန်းအောင်သေရတာ လူသတ်ခံရ တယ်ဆိုတဲ့သဘောပေါ့’

သို့ ကျွန်တော်က မေးလိုက်၏။

‘သိပ်ဟုတ်တာပေါ့ဗျာ’

‘နို့ဖြင့် ဘယ်လိုကြောင့် သေရတာ ပြောပြနိုင်ပြီပေါ့’

‘အင်း… သေချာတာကတော့ သူ့ကို တစ်စုံတစ်ဦးက လည်ပင်းညှစ်သတ်လိုက်တာပေပဲဗျ’

‘ဘယ်သူက သတ်တာတုန်း’

‘ကိုပိုက်ကလည်းဗျာ၊ ဒါတော့ ဘယ်သိနိုင်ပါ့ဦးမလဲ’

သို့ဖြင့် ကျွန်တော်တို့သည် စန္ဒာဝရကျောင်းသင်္ချိုင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်တွင် ခေတ္တမျှ နားနေလိုက်ပြီး ခြေလက်ဆေးကြော သန့်စင်ပြီးလေမှ သူကြီးအိမ်သို့ ပြန်ခဲ့ကြတော့၏။

ကျွန်တော်တို့ ပြန်ရောက်သည်တွင် သူကြီးတို့ အိပ်နေဆဲ ဖြစ်၏။ သို့ကြောင့် ကျွန်တော်တို့သည် အသာအယာပင် အိပ်ရာထက်တွင် လှဲလိုက်ကြတော့၏။

ကျွန်တော်သည် စိတ်ပင်ပန်း လူပင်ပန်းခြင်းကြောင့် ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားတော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားလေသည်မသိ။

'ကိုပိုက်··· ကိုပိုက်··· ကိုပိုက်'

သို့ လူကိုပုတ်နှိုးလေခြင်းကြောင့် အိပ်ရာမှနိုးခဲ့ရ၏။

မိုးစင်စင်လင်းလေပြီကော။

'ကျွန်တော်တို့ ခပ်စောစောသွားကြမယ်'

လင်းမြင့်လှိုင်သည် ကျွန်တော့်အရင် ဘယ်အချိန်က နိုးနေလေသည်မသိ။ ခရီးသွားရန် အဆင်သင့်ပြင်ဆင်ထားပြီးဖြစ်တော့၏။

သို့ကြောင့် ကျွန်တော်သည် မျက်နှာသစ်လိုက်လေပြီး···

'သွားစို့' ပြောလိုက်၏။

'တစ်ခုခုစားဦးလေဗျာ' ဆိုလေခြင်းကြောင့် သူကြီး စီစဉ်ပေးသည့် ပဲပြုတ်ဆီဆမ်းနှင့် ကောက်ညှင်းငချိတ်ကို စားလိုက်၏။

'ကဲ··· သွားပြီဗျို့ သူကြီး' စားပြီးကြသည်နှင့် လင်းမြင့်လှိုင်က သူကြီးကိုနှုတ်ဆက်၍ ရှေ့မှထွက်သွားချေ၏။

ကျွန်တော်သည် သူကြီးနှင့် သူကြီးကတော်ကို ပြုံး၍ နှုတ်ဆက်ပြီး လင်းမြင့်လှိုင်နောက် အမီလိုက်သွားရချေတော့၏။





ကျွန်တော်တို့ သုသာန်ရှေ့သို့ ရောက်သည်တွင် လှမ်းကဲကြည့်လိုက်ကြ၏။ ဘာရယ်တော့ဖြင့် မဟုတ်။

'ဟာ··· ဟိုမယ်၊ ဟိုမယ်'

လင်းမြင့်လှိုင် ညွှန်ပြရာသို့ ကြည့်လိုက်၏။

စောယန်းအောင် မြေပုံနားတွင် လူတစ်ယောက် ဒူးထောက်ထိုင်နေလေ၏။

'လာဗျာ ကိုပိုက်၊ ဝင်ကြည့်ကြစို့'

လင်းမြင့်လှိုင်က ဘာကို သတိရ၍မကောင်းဖြစ်သွားသည်မသိ။ သုသာန်အတိုင်း ခပ်သုတ်သုတ် လျှောက်ဝင်သွားသဖြင့် ကျွန်တော်သည်လည်း နောက်မှလိုက်သွားချေတော့၏။

'ဟာ··· ဟိုမယ် ပြေးပြီ၊ ပြေးပြီ'

ကျွန်တော်တို့ သုသာန်တွင်း ဝင်လာသည်ကို သိလေသည်နှင့် စောပန်းအောင် မြေပုံနားမှလူသည် ရုတ်ခြည်းထထွက်ပြေးသွားတော့၏။

'ညကတွေ့တဲ့ အရူးစောတင်အောင်'

လင်းမြင့်လှိုင်က မှတ်မှတ်ရရပြောလေ၏။

ကျွန်တော်တို့သည် စောပန်းအောင်မြေပုံနား ရောက်သည်တွင်···

'ဟင်···'

'ဟာ···'

စောပန်းအောင်အလောင်း မြေပေါ်ပြန်ပေါ်နေပြန်ပြီတော။ တောခွေးများလုပ်ခြင်းတော့ဖြင့် မဟုတ်နိုင်။ စောစောကလူ တူးဖော်သွားလေခြင်းဖြစ်မည်။ သို့ကြောင့်···



www.burmeseclassic.com

www.burmeseclassic.com



"သည်လူ ဘာလို့ ဓောပန်းအောင်အလောင်းကောင်ကို ဖော်လိုက်တာပါလိမ့်"

"ကျွန်တော်တော့ အရူးဓောတင်အောင်ကို မသင်္ကာဘူးဗျာ"

လင်းမြင့်လှိုင်က သို့သာပြောပြီး အလောင်းကောင်ကို ပြန်၍မြှုပ်နှံလိုက်လေပြီး ထိုနေရာလေးမှ ထွက်ခဲ့ကြတော့၏။

သို့ဖြင့် ကျွန်တော်တို့သည် တောစပ်သို့ ရောက်လာကြ၏။ တောစပ်မှသည် အတွင်းသို့ ဝင်ခဲ့ကြပြန်၏။

တောတိုးလျှောက်ခဲ့ကြရာမှ မမျှော်လင့်ဘဲ ဂျီ(ချေ)လေးတစ်ကောင်ကို တွေ့လေသည်ကြောင့် လင်းမြင့်လှိုင်က လျှပ်တစ်ပြက် ပစ်လိုက်ချေ၏။

"ဒိန်း"

လက်မှန်းတည့်သော လင်းမြင့်လှိုင်ပင်ဖြစ်၏။

ဂျီ(ချေ)ကောင်လေး ခွေခေါက်လဲသွား၏။

"လာဘ်ပဲဗျာ"

ကျွန်တော်က ပြောလိုက်၏။

"ကျွန်တော်တို့ ရွှေနားလေးမှာနားပြီး သည်ကောင်ကို အသားဖျက်ကြတာပေါ့"

ကျွန်တော်က ပြောလိုက်၏။

သို့ကြောင့် ကျွန်တော်သည် ဂျီ(ချေ)ကောင်သေတစ်ကောင်ကိုထမ်းလျက် တောစခန်းချနားနေရန် နေရာကောင်းကောင်းကို ရှာလိုက်ချေ၏။

ကျွန်တော်သည် တောတိုးလျှောက်ခဲ့ရင်းမှ လွန်စွာမှ





ကြီးမားသော ထိန်ပင်ကြီးတစ်ပင်အောက် မြေကွက်လပ်ကို စခန်းချရန် ရွေးချယ်လိုက်၏။

ခေတ္တမျှ ထိန်ပင်ကြီးအောက်တွင် နားနေထိုင်လိုက်ကြလေပြီးမှ . . .

"ကျွန်တော် ဂျီ(ချေ)ကောင် အသားဖျက်ချေဦးမယ်၊ ကိုပိုက် ထင်းမီးပုံထားချေဗျာ"

ဆိုလေခြင်းကြောင့် ကျွန်တော်သည် ထင်းတုံးများရှာဖွေရန် ထိုနေရာလေးမှ ထွက်ခဲ့တော့၏။

ထိုအနားတစ်ဝိုက်တွင် ထင်းခြောက်များ မရှိလေခြင်းကြောင့် ချောင်းရှိရာဘက်သို့ တန်း၍လျှောက်သွားလိုက်၏။

အတန်ငယ်ကြာမျှ လျှောက်လိုက်သည်တွင် ချောင်းသို့ ရောက်ခဲ့၏။

ချောင်းကျယ်ကြီးဖြစ်၍ ရေစီးလေးတော့ဖြင့် ရှိသည်မြောရုံလောက်ပင်ဖြစ်၏။

ချောင်းအပြည့် ရေတော့ဖြင့်မရှိ။ တစ်ဖန် ကမ်းပါးယံလောက်ဆီမှ ခြေမျက်စိသာသာ ရေစီးသာလျှင် ရှိချေ၏။

သို့သော်မင့်လို့ ချောင်းထဲတွင် ထင်းခြောက်များရှိလေသဖြင့် ကျွန်တော်သည် ထိုထင်းခြောက်တုံးများကိုသာလျှင် ထမ်းပိုး၍ ထိန်ပင်ကြီးရှိရာသို့ ပြန်ခဲ့ချေ၏။

တစ်ခေါက်ဖြင့် မလုံလောက်သည်ကြောင့် နောက်တစ်ကျော့သွားပြန်ကောက်လိုက်ပြန်သည်တွင် . . .

"ဟင် . . ."

ချောင်းစပ် သဲသောင်ပြင်ပေါ်တွင် ကျွန်တော်မြင်ရာနှင့်



www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်းတွင် ခြေရာတစ်စုံကို ထူးဆန်းစွာတွေ့လိုက်၏။

သို့ဆိုလျှင် သည်နေရာတစ်ပိုက်တွင် လူစိမ်းတစ်ယောက် ရှိနေသည်ပဲ။ အခြားမှဆိုးတစ်ဦးလေလား။ သစ်ခုတ်ဝါးခုတ်သမားလေလား။

'ကျွန်တော့်အမြင် ပြောရလျှင်ဖြင့် သည်ခြေရာပိုင်ရှင်က သစ်ခုတ်ဝါးခုတ် သာမန်လူတစ်ယောက် ဖြစ်မယ်'

သို့ ဘယ်အချိန်က အနားရောက်နေမှန်းမသိသော လင်းမြင့်လှိုင်က ပြောလေ၏။

'ဘယ်လိုပြောနိုင်တုန်း'

'ခြေရာက ဗလာလေဗျာ၊ မှဆိုးဆိုလျှင်ဖြင့် တောစီးဖိနပ်တော့ဖြင့် စီးထားရမှာပေါ့'

သို့ဆိုတော့လည်း အဟုတ်ပေသားကလား။

ခြေရာသည် ဗလာခြေရာ ဖြစ်ချေ၏။

သို့ဆိုလျှင် ခြေရာရှင်သည် ကျွန်တော် ထင်းခြောက်တုံးလာကောက်သည်ကို တွေ့လိုက်လေသည်လား။ သို့တည်းမဟုတ် သူ့ဘာသာ တောထဲအဝင် ချောင်းမှဖြတ်သွားလေသည်လား မသိပါချေ။

ကျွန်တော်တို့ကို မြင်သွား၍ ခြေရာခံလိုက်လာခြင်းလည်း ဖြစ်နိုင်၏။ ထိုကိစ္စကို ကျွန်တော်က လင်းမြင့်လှိုင်ကို ပြောလိုက်၏။

'သူ့ဘာသာသူသွားတာဖြစ်ပါလိမ့်မယ်၊ ကျွန်တော်တို့ကို ခြေရာခံလိုက်ရအောင် ဘာအကြောင်းကိစ္စရှိမှာမို့လို့တုန်းဗျာ'

သို့ဆိုတော့လည်း ကျွန်တော်၏အစိုးရိမ်လွန်မှုပင် ဖြစ်ချိမ့်မည်။





မွှေမွှေပျောက်ပျောက် ထားလိုက်တော့၏။

သို့ဖြင့် ကျွန်တော်တို့သည် ဂျီကောင်လေးပေါင်ကို တံစို့ထိုး မီးကင်လိုက်၏။

ကျန်အစိတ်အပိုင်းများကို အနည်းငယ်မျှ မီးကျပ်တိုက်လေပြီး ကျန်သည်များကို မြေမြှုပ်လိုက်၏။

အသားမီးကျပ်တိုက်နေစဉ် ထိန်ပင်ကြီးအောက်တွင်ထိုင်၍ ဝီစကီသောက်လိုက်ကြ၏။

'ချွတ်... ချွတ်... ချွတ်'

'ချလပ်... ချွပ်... ချွပ်'

ရွက်ခြောက်တို့ပေါ် နင်းလျှောက်လာသည့် ခြေသံကြောင့် အနောက်ဘက်တောအုပ်တွင် လှည့်ကြည့်လိုက်ကြ၏။

'ဘာကောင်ပါလိမ့်'

ကျွန်တော်တို့ လှည့်ကြည့်လေသည်တွင် ခြေသံပျောက်သွား၏။

ကျွန်တော်တို့သည် အတန်ကြာ စိုက်ကြည့်လေကြပြီးနောက် ပြန်လှည့်လိုက်ကြ၏။

'ချပ်... ချပ်... ချလပ်... ချပ်... ချပ်'

အသံကြားရပြန်ချေပြီ။

သို့ကြောင့် ကမျာကသီ လှည့်ကြည့်လိုက်ကြ၏။

'ဟာ... ပြေးပြီ၊ ပြေးပြီ'

သည်တစ်ခါ ကြိုတင်သိထားလေခြင်းကြောင့် ကမျာကသီ လျင်လျင်မြန်မြန်ပင် လှည့်ကြည့်လိုက်လေခြင်းကြောင့် ထိုခြေရာရှင် လှည့်ပြေးသွားသည်ကို သိလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ချုံပုတ်နွယ်ပင်တို့ ရှေ့မှာကာဆီးနေခြင်းကြောင့် ဘာကောင်ရယ်မသိရချေ။ အသံသာကြားရ၏။

သို့ကြောင့် ကျွန်တော်သည် သေနတ်ကို ကပျာကသီယူ၍ ပြေးလိုက်သွားဖြစ်ခြင်း။

လူလား၊ တိရစ္ဆာန်ဆိုသည်ကိုတော့ ပြောမပြတတ်ချေပြီ။

'လာပါဗျာ ကိုပိုက်၊ သူ့ဘာသာ ဘာကောင်ဖြစ်ဖြစ် ကျွန်တော်တို့မယ် စားစရာရိက္ခာရှိနေပြီပဲ'

လင်းမြင့်လှိုင်က ပြော၏။

သည်သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဂျုံ(ချော)သားမီးကင်ကျက်ကျက်နှင့် စားလိုက်ကြပြီးနောက် ပိုသည်များကို ထုပ်ပိုး၍ ထိုနေရာလေးမှ ထွက်ခဲ့ကြပြန်၏။

ကျွန်တော်တို့သည် မန်းကလိဝါးတောသို့ သွားလမ်းစမ်းတဝါးဝါးဖြစ်နေလေခြင်းကြောင့် ညနေစောင်းလောက်မှ မန်းကလိဝါးတောအစပ်သို့ ချောချောမောမော ရောက်ခဲ့ကြတော့၏။

ဝါးတောသည် ညို့လို့နေချေ၏။ ကောင်းလိုက်သည့်ဝါးများဖြစ်၏။

စိမ်းစိမ်းစိုစိုနှင့် သာသာယာယာရှိသည်ဟု ပြောရချိမ့်မည်။

'ကျွန်တော်တို့ ဝါးတောလေးထဲ ဝင်ကြတော့မလား'

ကျွန်တော်က အချိန်ကိုတွက်၍ ပြောလိုက်၏။

ဝါးတောထဲတွင်လည်း မအိပ်လို၍ဖြစ်၏။

ကျွန်တော့်သဘောကို ရိပ်မိလိုက်သည့် လင်းမြင့်လှိုင်က-

'ဝါးတောက အကြီးကြီးပဲဗျ၊ အုံ့အုံ့ဆိုင်းဆိုင်းနဲ့'





သို့သာပြောပြီး လင်းမြင့်လှိုင်သည် ဝါးတောအတွင်း လှမ်းကဲကြည့်နေလေ၏။

'ကျွန်တော့်သဘောတော့ သည်ဝါးတောအစပ်မှာပဲ တဲစခန်းချပြီး နောက်နေ့ ဝါးတောထဲဝင်ကြလျှင် မကောင်းပေဘူးလား'

လင်းမြင့်လှိုင်သည် မည်သည့်စကားမျှ ပြန်ပြောလာခြင်းမရှိသလေဘဲ ဝါးတောအတွင်းသာ ငေးကြည့်နေလေ၏။

သို့ကြောင့် ကျွန်တော်သည်လည်း ဘာမျှဆက်မပြောပါတော့ချေ။

အတန်ကြာလေမှ…

'ကောင်းပြီလေ… သည်ဝါးတောအတွင်းမှာပဲ စခန်းချညအိပ်တာပေါ့၊ နက်ဖြန် နံနက်စောစော ဝါးတောလေးထဲဝင်ကြမယ်'

သို့ဖြင့် ကျွန်တော်တို့သည် ဝါးတောအတွင်းရှိ ဝါးတို့ကို ခုတ်ကာ တစ်ဖက်ရပ်တဲတစ်လုံး ထိုးလိုက်ကြ၏။

ပြီးနောက်…

'ကိုပိုက်ရ… သည်တစ်ပိုက် ရေရှာရအောင်ဗျာ'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ရေရှာရန်အလို့ငှာ သေနတ်ကိုယူ၍ ထွက်သွားလေသည်တွင် ကျွန်တော်သည်လည်း နောက်မှလိုက်သွားတော့၏။

ရေရှာကြသည်ဆိုရာ၌ ကျွန်တော်တို့သည် ဝါးတောအတွင်း ဝင်လေခြင်းမဟုတ်။ ချုံပုတ်နွယ်တို့ကို တိုးဝှေ၍ ချောင်းကြောင်းပြန်ကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကံအားလျော်စွာပင် မြောင်းလေးတစ်ခုကို တွေ့လေ၏။ ထိုမြောင်းထဲကို ဆင်းလိုက်ကြ၏။ မြောင်းလေးသည် ရေခန်းခြောက်နေလေခြင်းဖြစ်၍ မြောင်းကိုစုန်၍ ဆင်းသွားကြပြန်၏။

မြောင်းတိုသည်ကြောင့် တော်သေးတော့၏။

မြောင်းပေါက်ဝရောက်သည်တွင် ချောင်းသွယ်တစ်ခုဖြစ်နေချေ၏။ ချောင်းသွယ်ကမ်းနံရံမတော့ ဆေးမြင်းခွာပင်နှင့် ကြက်ခြမ်းပင်တို့ မြောက်မြားစွာ ပေါက်နေသည်ကို တွေ့ရချေ၏။

ထိုချောင်းသွယ်လေးအတွင်း ရေရှိသည်ဆိုငြား ခြေမျက်စိဝင် မမြုပ်လေသဖြင့် ရေကြည်လင်ခြင်းမရှိချေ။ သို့ကြောင့် ထိုချောင်းသွယ်လေးကို စုန်ဆင်းလိုက်ကြပြန်၏။

စိမ်းရွှေရွှေရနံ့များကြားမှ ထူးခြားသောရနံ့တစ်မျိုး ရလိုက်သည်ကြောင့် ကျွန်ုပ်တော်နှင့် လင်းမြင့်လှိုင်သည် လက်တွင်းမှ သေနတ်တို့ကို အရန်သင့်ပစ်ခတ်နိုင်ရန်အလို့ငှာ မောင်းတင်ထားလိုက်ကြ၏။

'ကိုပိုက်ရေ သတိထားချေဗျို၊ ရှေ့မယ် သားကောင်ကြီးတစ်ကောင် ရှိနိုင်တယ်ဗျ၊ အောက်သိုးသိုးအနံ့ဆိုတော့ ဝံကောင်ရဲ့အမွေးကြမ်းရနံ့လည်း ဖြစ်နိုင်တယ်'

သို့ လင်းမြင့်လှိုင်က သတိလည်းပေး ကျွန်ုပ်တော့်ရှေ့သို့လည်း လှမ်းတက်သွားချေ၏။

သို့ကြောင့် ကျွန်ုပ်တော်သည် ချောင်းသွယ်လေးအတွင်း နောက်မှဖြစ်ပြီး လင်းမြင့်လှိုင်က ရှေ့မှဖြစ်သွားချေ၏။ သားကောင်ထိပ်တိုက်တွေ့လေလျှင် လင်းမြင့်လှိုင်နှင့် အရင်တွေ့ပေလိမ့်မည်။ သို့ကြောင့် . . .





'ကိုလင်း သတိထားနော်'

သို့ ကျွန်ုပ်တော်က တီးတိုးသတိပေးလိုက်၏။

သို့လည်း သတိပေး လင်းမြင့်လှိုင် ပခုံးထက်မှလည်း ကျော်၍ လှမ်းကဲကြည့်နေလိုက်၏။

လင်းမြင့်လှိုင်သည်လည်း သတိနှင့် ချောင်းမြောင်ရှေ့ဘက်သို့ လျှောက်သွားလေ၏။

ဘယ်လိုသတ္တဝါကောင်တွေ့လေမလဲ။ ကြိုတင်တွေးဆနေလေသည်ကြောင့် ကျွန်ုပ်တော်တို့ လိုအပ်သည့် ရေကိုပင် သတိမရတော့ချေ။

သို့ကြောင့် စိတ်လှုပ်ရှားစွာ ရှေ့တိုးလျှောက်ခဲ့ကြရာမှ မမျှော်လင့်ဘဲ ချောင်းသွယ်လေးအဝသို့ ရောက်လာကြ၏။

ချောင်းသွယ်အဝမှ တိုးထွက်လိုက်သည်တွင် ချောင်းမကြီးတစ်ခုရောက်ခဲ့ကြတော့၏။

'သတ္တဝါကောင်က ချောင်းထဲမှာ မဟုတ်ဘူးဗျ၊ တောင်ကြောပေါ်မှာဖြစ်မယ်'

ချောင်းသွယ်အဝတွင်မတော့ ရေအိုင်တစ်ခုရှိချေ၏။ ရေအနက် ခါးနီးနီးရှိ၏။

ရေကြည်လင်နေ၏။

သို့ကြောင့် ကျွန်ုပ်တော်တို့သည် အိုင်အတွင်းမှ ရေကိုလက်ခုပ်ဖြင့် ခပ်၍သောက်လိုက်ကြ၏။ ရေ အင်မတန်ငတ်နေသည်ကိုး။

ရေတဝသောက်ပြီးနောက် မျက်နှာပြင်ကိုပက်ဆေးလိုက်၏။

ကုပ်ပိုးကို ရေဖျန်းပုတ်ခတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လန်းဆန်းသွားတော့၏။

သို့ဖြင့် ကျွန်တော်တို့သည် ထွက်လာသည့် ချောင်းမြောင်းလေးအတွင်း ပြန်ဝင်လိုက်ကြ၏။

အပြန်ခရီးတွင်မတော့ စိတ်လွတ်ကိုယ်လွတ် လာခဲ့ကြခြင်းဖြစ်၏။

သို့ကြောင့် ချောင်းသွယ်လေးအတွင်းရှိ မြောင်ပေါက်ဝရောက်လုတွင်...

'ဟာ...'

'ဟင်...'

'ဒိန်း...'

'ဒိန်း...'

ဝံနက်ကောင်ကြီးတစ်ကောင်သည် ပါးစပ်ကြီးကိုဖြဲထား၍ လက်နှစ်ဖက်ကိုဆန့်တန်း ကျွန်တော်တို့ထံ ပြေးဝင်လာသဖြင့် ကပျာကသီပင် လက်တွင်းရှိသေနတ်ဖြင့် ပစ်ခတ်လိုက်တော့၏။

ချောင်းသွယ်လေးတွင် လူးလွန့်နေရှာ၏။

'ဂါး...'

'ဂူး... ဂူး... ဂေါ...'

'ဒိန်း...'

ကျွန်တော်သည် ပွဲသိမ်းကျည်တစ်တောင့် ပစ်သွင်းလိုက်ရပြန်၏။

သည်တော့မှ ဝံနက်ကောင်ကြီး ငြိမ်သက်သွားတော့၏။

'သည်ကောင်ကြီးကို ကျွန်တော်တို့ ချောင်းသွယ်လေးက ထွက်ခဲ့ကြတုန်း တောင်ကြောပေါ်မှာဗျ၊ သည်တော့ သူချောင်းသွယ်





ထဲ ဆင်းလာတော့မှာ ကျွန်တော်တို့ကလည်း ချောင်းသွယ်ထဲ ပြန်အဝင်နဲ့ ထိပ်တိုက်တိုးကြတာပဲဗျ'

'ကျွန်တော်တို့ကလည်း အထွက်တုန်းက သတိနဲ့ထွက်ခဲ့ကြပြီး အဝင်ကျတော့ အမှတ်တမဲ့ ဝင်ခဲ့ကြတာဗျ၊ ကံကောင်းပေလို့၊ ကျွန်တော်တို့ လက်ဦးမှုရပေလို့'

သို့ ကျွန်တော်က ပြောလိုက်၏။

ကျွန်တော်တို့သည် ဝံကောင်သေကြီးကို သို့အတိုင်းထားခဲ့ကာ မြောင်လေးအတွင်း ဝင်လိုက်ကြတော့၏။

သို့ဖြင့် ဝါးတောအတွင်း စခန်းချနေရာလေးသို့ ရောက်ခဲ့ကြ၏။

ကျွန်တော်တို့သည် ညရေးညတာအတွက် စခန်းတဲရှေ့တွင် မီးပုံလုပ်လိုက်ကြပြန်၏။

ကျွန်တော်တို့သည် ဝါးတဲပေါ်တွင် ခြေပစ်လက်ပစ်နားလိုက်ကြ၏။

အမှောင်ထုက ရောက်မလာသေးသည်ကိုး။

'ကွစ်... ကွစ်... ကွစ်... ကွစ်'

'ကွစ်... ကွစ်... ကွစ်... ကွစ်'

'ကွစ်... ကွစ်...'

ကျွန်တော်တို့ စခန်းနောက်ဘက် တောတန်းလေးအတွင်းရှိ သစ်ပင်တို့ထက်မှ မျောက်ကောင်တို့ ဆူညံနေခြင်းဖြစ်၏။

ကျွန်တော်တို့တွင် စားစရာရှိလေသဖြင့် ထိုမျောက်ကောင်တို့ကို လွှတ်ငြိမ်းချမ်းသာခွင့် ပေးထားလိုက်၏။

မျောက်တစ်အုပ်သည် သို့ ဆူဆူညံညံ လုပ်ပြပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ဝေးသောအရပ်သို့ ခုန်လွှားထွက်သွားကြတော့၏။

မျောက်ကောင်တို့ ထွက်သွားပြီး အတန်ကြာတွင် သစ်ပင်တို့ထက် ထိပ်ဖျားလောက်ဆီမှ ဝီ… ဝီ… ဝီ… ဝီ သို့အသံကြောင့် လှမ်းမော့ကြည့်လိုက်ကြ၏။

အောင်လောင်ငှက် လေးကောင်ခန့် တောင်ပံတဖျတ်ဖျတ်ခတ်၍ အရှေ့မှသည် အနောက်သို့ ပျံသန်းသွားကြလေခြင်းဖြစ်၏။

'ကဲ… ကိုပိုက်ရ၊ ထင်းမီးရှို့ချေဦးဗျ'

သို့ ပြောသည်ကြောင့် ထင်းမီးကို ထိုးလိုက်ချေ၏။

အတန်ကြာတွင် မီးတောက်မီးလျှံကြီး ဖြစ်လာလေ၏။

ပတ်ဝန်းကျင်တွင်လည်း မှောင်နေပြီကော။

'ကဲ… ကိုပိုက်ရေ၊ ရော့ဗျာ'ဆိုလျက် လင်းမြင့်လှိုင်သည် ဝီစကီပြားလေးကို ထုတ်ပေးလာချေ၏။

သို့ဖြင့် ကျွန်တော်တို့သည် ဝီစကီသောက်လိုက် အသားကင်လေးကို စားလိုက်ဖြင့် နားနေလိုက်ကြ၏။

ပြီးနောက် ကျွန်တော်တို့သည် လဲလျောင်းလိုက်ကြ၏။ တစ်ဦးကိုတစ်ဦး စကားမပြောဖြစ်ကြသည်ကြောင့် ပတ်ဝန်းကျင်တွင် တိတ်ဆိတ်ငြိမ်သက်နေသည်ကို သတိထားမိတော့၏။ အတွေးကိုယ်စီနှင့် ရှိကြ၏။

'ဒုတ်… ဒုတ်… ဒုတ်…'

'ဖြောင်း… ဖြောင်း… ဖြောင်း…'

'ဒုတ်… ဒုတ်…'

ဝါးတောအတွင်းမှ ထွက်ပေါ်လာသော ဝါးခုတ်သံဖြစ်၏။

'ကိုလင်းရေ… သည်ဝါးတောက ကျွန်တော်တို့ အထဲ





တောင်မဝင်ရသေးဘူး၊ ပညာပြနေပြီဗျ'

တောခြောက်သံဖြစ်၍ ကျွန်တော်က သို့ပြောလိုက်ခြင်းဖြစ်၏။

'ရှိုးနေပြီပဲ ကိုပိုက်ရယ်၊ အိပ်လိုက်ပါတော့'

ကျွန်တော်တို့ စကားစပြတ်သွားလေ၏။ ဝါးခုတ်သံသည်လည်း ပျောက်သွားချေပြီကိုး။

'အား…'

'ဝေါ… ဝေါ… ဝေါ… ဖရော… ဝေါ… ဖရော…'

'ဖလပ်ရှုပ်… ဖလပ်ရှုပ်… ရှုပ်… ရှုပ်…'

'ဖလပ်… ဖလပ်… ဖလပ်…'

ဝါးတောအတွင်းမှတော့ မဟုတ်။ နောက်ဘက် ချုံပုတ်နွယ်ပင်တို့မှဖြစ်၍ လူတစ်ယောက်၏ ကြောက်လန့်တကြားအသံနှင့် ထွက်ပြေးသံဖြစ်၏။

ညဥ့်နက်သန်းခေါင်ဆိုတော့ တောခြောက်တာပဲ ဖြစ်ချိမ့်မည်။

ကျွန်တော်သည် ကြားရသော အသံမျိုးစုံကို နားထောင်နေသည့်ကြားမှ အိပ်ပျော်သွားတော့၏။ မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ။

'ကိုပိုက်' 'ကိုပိုက်'

ကျွန်တော့်ခန္ဓာကိုယ်ကို လှုပ်ခတ်နေလေခြင်းကြောင့် အိပ်ရာမှနိုးလာရ၏။

ပတ်ဝန်းကျင်တွင် အလင်းဖြာ၍နေချေပြီဖြစ်၏။

'သည်မယ် လာကြည့်စမ်းဗျာ'



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့်…

မီးပုံနားရှိ လင်းမြင့်လှိုင်ထံ သွားလိုက်၏။

'ဟင်…'

မီးပုံနံဘေးတွင် သွေးအိုင်ငယ်တစ်ခုကို တွေ့လိုက်ရ၏။

'ဒါ ဘယ်လိုဖြစ်ရတာတုန်း'

ကျွန်တော်က တအံ့တသြကြည့်မေးလိုက်၏။

'လူတစ်ယောက် ဒဏ်ရာရလာပြီး သည်မီးပုံနား လာထိုင်သွားတာဗျ'

လင်းမြင့်လှိုင်က ပြော၏။

ကျွန်တော်တို့နှစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေချိန်ဖြစ်မည်။

'ကျွန်တော်တို့က အတော်အအိပ်ကြီးတာကလား'

'အေးဗျာ… ကျွန်တော်တို့ပစ္စည်းတွေ ယူမသွားပေဘူး၊ ပြီးတော့ ကျွန်တော်တို့ကိုလည်း ဘာမှအန္တရာယ်ပေးမသွားပေဘူးဗျ'

'အံ့သြဖို့တော့ အကောင်းသားကလား'

'ကျွန်တော့်အထင်ပြောရလျှင်ဖြင့် နောက်ဘက်တောတန်းလေးအတွင်းက လူတစ်ယောက် ကြောက်လန့်တကြား အော်ဟစ်ပြေးလွှားသံက တောခြောက်တာ မဖြစ်နိုင်ဘူးဗျ၊ သည်မီးပုံနား လာထိုင်သွားတဲ့သူ ဖြစ်မယ်၊ သူ ကြောက်လန့်တကြား အော်ဟစ်ပြေးလွှားသွားတာလား၊ သူ့ကို သားရဲကောင်က လိုက်ဒုက္ခပေးလို့ဖြစ်မယ်'

သို့ ကျွန်တော့်ထင်မြင်ချက်ကို ပြောလိုက်ပြီးနောက် ထိုနေရာလေးမှ ဝါးတောအတွင်း ဝင်လိုက်ကြတော့၏။





'ကောင်းမှကောင်း ဝါးတွေဗျာ'

ဝါးတောအတွင်း သစ်ပင်ကြီးတို့ အနည်းငယ်မျှသာ ကြီးကြီးမားမားရှိချေ၏။ တပင်တိုင်ဝါး ပိုများပုံရ၏။

'မန်းကလိဝါး နာမည်ကြီးတာလည်း ကြီးလောက်ပါတယ်ဗျ'

သို့ လင်းမြင့်လှိုင်က ပြောလာ၏။

'အကြာကွေးတို့ကြောင့် သည်ဝါးတော ဘယ်သူမှမလာဝံ့ကြတော့ဘူးဗျ၊ နမြောစရာကြီးဗျာ'

'အင်း… စောပန်းအောင် သေရတာကတော့ လူသတ်မှုဖြစ်နိုင်တယ်ဗျ၊ ဘာလို့ ဘယ်လိုကြောင့် သတ်ခံရတယ် ဘယ်သူသတ်တယ်ဆိုတာ သိလျှင်ဖြင့် သည်ဝါးတောရဲ့ အရှုပ်တော်ပုံလည်း ဖြေရှင်းပြီးသွားမှာလို့ ထင်တယ်ဗျ'

ကျွန်တော်က ပြောလိုက်၏။

'နို့ကြောင့်လည်း ကျွန်တော်တို့ သည်ဝါးတောထဲ ရောက်လာကြတာပေါ့ဗျာ'

သို့ပြောလည်းပြော လျှောက်လည်းလျှောက်လာခဲ့ကြရာမှ-

'ကိုပိုက်ရေ… အသေအချာနားထောင်စမ်းဗျာ၊ လူသံတွေမဟုတ်လား'

သို့ကြောင့် ကျွန်တော်သည် နားစွင့်ရင်းမှ နားကို အစွမ်းကုန်မြှင့်ထားလိုက်၏။

အလိုလေးဗျာ… ဟုတ်ပါရဲ့၊ လူသံဆူဆူတွေဖြစ်၏။

ကျွန်တော်တို့ လျှောက်လှမ်းရာဘက် အတော်လှမ်းလှမ်းမှဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဝါးတောချည်းဆိုပေမင့် အောက်ခြေတွင် ချုံပုတ်နွယ်ပင်တို့ ရှိလေသည်ကြောင့် ကျွန်တော်တို့သည် ဆင်လမ်းအတိုင်းသာ လျှောက်ခဲ့ကြခြင်းဖြစ်သည်ကြောင့် ညာဘက် ဘယ်ဘက်အခြမ်းတွင် ဘာရှိသည်ကို မသိကြခြင်းဖြစ်၏။ ယခု ဆူဆူညံညံကြားလေမှ လှည့်ကြည့်မိခြင်းဖြစ်၏။

အတော်အတန်ခရီးမှ လေပြည်နဲ့အတူပါသည့် လူသံများဖြစ်၏။ သို့ကြောင့် ကျွန်တော်တို့သည် မူလလမ်းသွယ်ကို သွေဖယ်၍ လူသံဆူညံကြားရာဘက်သို့ ချုံပုတ်နွယ်ပင်တို့ကိုဖြတ်၍ တောတိုးသွားလိုက်၏။

ချုံပုတ်ပင်တို့ ပြွတ်သိပ်ပေါက်နေခြင်းကြောင့် အရှေ့အတော်လှမ်းလှမ်းနေရာလောက်ဆီသို့ သဲသဲကွဲကွဲ မြင်ရခြင်းတော့ဖြင့် မရှိပါချေ။

ကျွန်တော်တို့သည် ချုံပုတ်နွယ်တို့ကို ဖယ်ကာလျှောက်နေသည့်ကြားမှ ဝါးပင်တို့နှင့် ထိပ်တိုက်တိုးသည်တွင် ကွေ့ပတ်သွားနေရသည်ကြောင့် လူသံသူသံကြားရာဘက်အမှန်ကို မခန့်မှန်းတတ် ဖြစ်ရချေ၏။

အသံတို့သည် ရှေ့မှလိုလို နံဘေးမှလိုလို နောက်မှလိုလို ဖြစ်ရချေတော့၏။

'ကိုလင်းရေ… သည်ဝါးတောကို တိုးဝင်ရတာနဲ့ ကျွန်တော်တို့ ဦးတည်လမ်းကြောင်း ပြောင်းရပြီဗျာ'

သို့ ကျွန်တော်က သတိပေးသလို ညည်းတွားပြောလိုက်၏။

သည်တွင် လင်းမြင့်လှိုင်က ပြုံးပြလာချေပြီး…





'ကိုပိုက် ကျွန်တော့်နောက်က လိုက်ခဲ့ချေဗျာ'

လို့ပြောသဖြင့် ကျွန်တော်သည် လင်းမြင့်လှိုင်နောက်သာ လျှောင် လိုက်သွားတော့၏။

လင်းမြင့်လှိုင်သည် ရှေ့မှ လမ်းရှာကာ ဖယ်သွားနေသဖြင့် ကျွန်တော်သည် နောက်မှ အေးအေးလူလူ လိုက်သွားနိုင်ခြင်းဖြစ်တော့၏။

လူသံဆူညံတို့ ဘယ်အချိန်က ပျောက်သွားမှန်းပင် မသိတော့ချေ။

'ကိုလင်းရေ… ဖြစ်လိုရာဖြစ်၊ ခြေဦးတည့်ရာသွားချေတော့ဗျာ'

သို့ ကျွန်တော်က ပြောလိုက်၏။

'ခြေဦးတည့်ရာရယ်လို့တော့ မဟုတ်ပါဘူး ကိုပိုက်ရဲ့၊ လူသံဆူညံသံဆီ သွားနေတာပါ'

သို့ပြောလာသဖြင့်….

'အမယ်လေး ကိုလင်းရယ်၊ လူသံဆူညံတောင် မကြားရတော့ ဘယ်လိုလုပ် အဲဒီသွားရာတာလို့ ပြောလို့ရမှာတုန်း'

'ဒါက ကျွန်တော်တို့နဲ့ မဆိုင်ဘူးလေ၊ ကျွန်တော်တို့ အလုပ်က လူသံဆူညံတဲ့ဆီ သွားရမှာမဟုတ်လား'

'ဟုတ်ပါတယ်… လူသံတောင် သဲ့သဲ့မကြားရတော့ ဘယ်လိုလုပ် ဖြစ်မှာတုန်း'

လင်းမြင့်လှိုင် ဘာမှမပြောတော့ချေ။ ရှေ့ဆက်တောတိုးသွားခြင်းသာ ရှိချေ၏။

ကျွန်တော်သည် သဘောကျစွာ ပြုံးလိုက်ပြီး လင်း



www.burmeseclassic.com

www.burmeseclassic.com



မြင့်လှိုင်နောက် လိုက်သွားတော့၏။ အတန်ကြာလျှောက်ခဲ့သည်တွင်…

'ဟင်… ဟာ… ဟိုမယ်ကြည့်စမ်း ကိုပိုက်'

ရှေ့မှသွားနေသော လင်းမြင့်လှိုင်က သို့ အံ့သြတကြီး မြောင်တွင်းရှိ ခပ်လှမ်းလှမ်းဘက်သို့ လက်ညှိုးထိုးပြလေခြင်းကြောင့် ကမန်းကတန်း တိုးကပ်သွားလိုက်လေပြီး ရှေ့သို့လှမ်းကြည့်လိုက်၏။

ဝါးလုံးတို့ကြားမှ ချောင်းမြောင်းကြည့်လေသည်တွင် ရှေ့ဘက်တွင်မူ ဝါးပင်တို့မရှိကြလေဘဲ ကွင်းလိုရှင်းနေသဖြင့် အံ့သြသွားရခြင်း ဖြစ်တော့၏။

'အီး… အီး… အို… အန်… အီ… နောင်… နောင်…'

'အီနောင်… အီနောင်… အီ… အီ… နောင်…'

'ခွီးလ်… ခွီးလ်…'

ကျွန်တော်တို့ ရှေ့သို့ အာရုံစိုက်ကြည့်နေစဉ် သို့ဆိုသလို တောင်ခြေလောက်ရှိ နေရာမှ သို့အသံကို ကြားလိုက်ရသဖြင့် အသံလာရာ ဘယ်ဘက်သို့ လှမ်းကြည့်လိုက်ကြပြန်၏။

တောကြောင်နှစ်ကောင် ဖြစ်ချေ၏။

မိတ်လိုက်နေကြခြင်းဖြစ်၏။

'ချောက်'

'ကိုပိုက် မလုပ်ပါနဲ့ဗျာ၊ မျိုးပွားတာပေါ့'

ကျွန်တော်က ပစ်ခတ်ရန် သေနတ်မောင်းတင်လိုက်သည်တွင် လင်းမြင့်လှိုင်က သို့ပြောလာသဖြင့်…





'ကဲ… ကိုပိုက် သွားစို့'

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝါးရုံတောအစပ်ဟု ဆိုရမည့်နေရာသို့ တိုးထွက်လိုက်၏။

'ဟင်…'

'ဟင်…'

ဝါးခုတ်ကွင်းပါကလား။

ကြည့်စမ်း။ ဝါးရုံအလယ်လောက်မှ ဝါးတို့ကို ခုတ်ယူသွားကြခြင်းဖြစ်၏။ ထူးဆန်းလိုက်တာ။ သည်ဝါးတောသို့ ဘယ်သူမျှ မလာဝံ့ကြသည်ဆိုပေငြား ယခုမူ ဝါးတို့ကို ခုတ်ယူသွားကြတာပါကလား။

တစ်စုံတစ်ဦး သို့မဟုတ် လူတစ်စုက ဝင်ရောက်ခုတ်ကြလေခြင်းဖြစ်မည်။

ကျွန်တော်တို့သည် ခုတ်ဖြတ်ပြီးဝါးတို့နား သွားလိုက်ကြ၏။

လင်းမြင့်လှိုင်သည် ဝါးခုတ်ရာတို့ကို စေ့စပ်သေချာကြည့်နေလေ၏။

'ကိုပိုက်ရေ… သည်ဝါးက ခုလေးတင် ခုတ်ဖြတ်သွားတာဗျ'

'ဟုတ်ပ'

လူသံဆူညံကြားရသည်မှာ သည်ဝါးတို့ကို ခုတ်သူတို့၏ အသံတို့သာ ဖြစ်နိုင်ပေ၏။

ဘယ်သူတွေပါလိမ့်။ ဘယ့်တွက် ကျွန်တော်တို့ ရောက်လာသည်နှင့် ကြက်ပျောက် ငှက်ပျောက် ဖြစ်သွားကြပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ရှိးမှရှိးရဲ့လားမသိ။

'ကိုပိုက်ရေ… ကျွန်တော့်အထင်ပြောရလျှင်ဖြင့် သည်ဝါးတောကို အရဲစွန့်လာပြီး ဝါးတွေလာခုတ်တဲ့ လူတစ်စုရှိတယ်ဗျ။ ဘယ်သူမှ မလာဝံ့တဲ့ ဝါးတောဆိုတော့ သူတို့အတွက် စီးပွားလည်း ဖြစ်ပြီပေါ့ဗျာ၊ ဟင်း… ဟင်း… ဟင်း'

လင်းမြင့်လှိုင်သည် သို့လည်းပြော ဝါးခုတ်စများကိုလည်း လိုက်လံကောက်ယူကြည့်နေလေ၏။ သို့ရှိစဉ်…

'ဟာ… ကိုပိုက် သည်မယ်ဗျ'

လင်းမြင့်လှိုင်က သို့လည်းပြော မြေပေါ်မှ အရာဝတ္ထုတစ်ခုကိုလည်း ကောက်ယူလာကြချေ၏။

'ဟင်…'

တောကြက်သေတစ်ကောင် ဖြစ်ချေ၏။

'သည်လူတွေ ကပျာကသီ ထွက်ပြေးသွားကြသည်မှာ သူတို့စားဖို့ ထောင်ထားတဲ့ တောကြက်ကောင်ပင် ကောက်ယူသွားဖို့ မေ့သွားကြတယ်ဗျ'

လင်းမြင့်လှိုင်က ပြောလေ၏။

'နို့ဖြင့် ကျွန်တော်တို့အတွက် အတော်ပေပဲပေါ့'

လင်းမြင့်လှိုင်သည် ဝါးခုတ်သူတစ်စု၏ခြေရာကို လိုက်လံရှာဖွေနေဟန် ဖြစ်ချေ၏။

မြေပြင်တွင် ခြေရာတွေတော့ တွေ့တယ်လား။

သို့ပေမင့်လို့ ထွက်ပြေးသွားသည့် လမ်းကြောင်းကိုတော့မူ မတွေ့ပါချေ။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မြေပြင်ရှိ လူခြေရာ





တို့ကိုသာလျှင် ဂရုစိုက်ကြည့်နေကြလေခြင်းကြောင့် သစ်ပင်တို့ထက် မော်ကြည့်ခြင်းအလျဉ်းမရှိလေခြင်းကြောင့် ဝါးတောအတွင်း ကျိုးတဲကျဲတဲပေါက်နေသော ကျွန်းပင်တို့ ကိုင်းထက်များသို့ သတိမထားမိလေခြင်းကြောင့်…

'အား…'

'ဟာ…'

ကျွန်တော်တို့နှစ်ယောက် ထောင်ချောက်မိသွားကြလေပြီ။

နှစ်ယောက်သား မိုးပေါ်သို့ ဓောက်ထိုးမြောက်တက် တန်းလန်းကြီးဖြစ်သွားကြတော့၏။ ကျွန်တော်တို့၏ သေနတ်များကမူ စလွယ်သိုင်းထားလေခြင်းကြောင့် လူနှင့်ထပ်တူပါလာလေသဖြင့် တော်သေးတော့၏။

'ကိုပိုက်ရေ လက်ဦးမှုရယူချေဗျ'

လင်းမြင့်လှိုင်က သို့ သတိပေးလေသဖြင့် ကျွန်တော်သည် ဓောက်ထိုးမိုးမျှော် တန်းလန်းဖြစ်နေရာမှ စလွယ်သိုင်းထားသည့် သေနတ်ကို ခက်ခက်ခဲခဲ ကပျာကသီ ဖြုတ်လိုက်ရ၏။ ကျွန်တော့်နည်းတူ လင်းမြင့်လှိုင်လည်း လုပ်လိုက်ပြီးဖြစ်၏။

'ဟာ…'

'ဟင်…'

သစ်ပင်များပေါ်မှ လူခြောက်ယောက်တို့သည် ကပျာကသီ မြေပြင်သို့ဆင်း၍ ဝါးတောအတွင်း ပြေးဝင်သွားကြတော့၏။

'ဒိန်း…' 'ဒိန်း…'

ကျွန်တော်နှင့် လင်းမြင့်လှိုင်က ခြောက်ပစ်ပစ်လိုက်၏။

သေနတ်မှန်မည် ကြောက်လေခြင်းကြောင့် ကိုလူတစ်စု



www.burmeseclassic.com

www.burmeseclassic.com



သည် ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ပြေးသွားကြတော့၏။

တော်ပါသေးရဲ့။ ကျွန်တော်တို့သေနတ် ကိုယ်နှင့်မကွာရှိနေလေခြင်းကြောင့် ဖြစ်ချေ၏။

သို့မဟုတ်ပါမူ လက်နက်မရှိ ထောင်ချောက်မိထားသောကျွန်တော်တို့နှစ်ယောက်ကို ထိုလူစုသည် အမဲဖျက်သလို ပိုင်းတွယ်ကြပေရှာမည်။

'ဟူး… တော်ပါသေးရဲ့'

'ဒိန်း…' 'ဒိန်း…'

'ဘုတ်…'

'အား…'

ခြေကျင်းဝတ်တွင် ရစ်ပတ်နေခြင်းကြောင့် ကျွန်တော်တို့သည် ဇောက်ထိုးတန်းလန်းဖြစ်နေလေသဖြင့် ကိုယ်စီတန်းလန်းကြိုးတို့ကို ကျည်တစ်တောင့်စီဖြုန်း၍ ဖြတ်လိုက်ကြရခြင်းဖြစ်၏။

ခြေပေါ်သို့ ခွေးကျကျသည်ဟု ပြောရချိမ့်မည်။

ကျွန်တော် ပခုံးတစ်ဖက် မျက်သွားလေ၏။

လင်းမြင့်လှိုင်က သာယာညင်းညင်း နှိပ်နယ်ပေးချေ၏။

ခြေထောက်မဖြစ်၍ တော်သေးတော့၏။

'လာဗျာ ကိုပိုက်၊ သည်လူတွေကို အလွတ်ပေးလို့ မဖြစ်ဘူး'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ထိုလူစု ပြေးထွက်သွားသည့်ဘက်သို့ လိုက်သွားလေတော့၏။ ခြေရာခံဖို့ဆိုသည် ခက်ခဲလေ၏။ ဘယ့်တွက်မူ သူတို့ပြေးထွက်သွားသော နေရာသည်





ချုံပုတ်နွယ်ပင်နှင့် ရွက်ခြောက်တို့ မြေပေါ် ဖောဖောသီသီကျနေသည့် လမ်းကြောမှ ပြေးထွက်သွားခြင်းဖြစ်ပေ၏။

'လာချေဗျ… သည်လမ်းကြောင်းအတိုင်း လိုက်သွားစို့'

လင်းမြင့်လှိုင်သည် ရှေ့မှတောတိုး ကျွန်တော်က နောက်မှကပ်လိုက်။

သို့ဖြင့် မြောင်ကြပ်တစ်ခုသို့ ရောက်လာချေ၏။

လင်းမြင့်လှိုင်သည် ထိုမြောင်ကြပ်ဝတွင်ရပ်၍ အတွင်းသို့လှမ်းကဲကြည့်နေလေခြင်းဖြစ်၏။

'ဘယ်လိုလဲ လိုက်ဝင်မယ်လား'

'အန္တရာယ်ရှိနိုင်တယ်'

လင်းမြင့်လှိုင်ပြောလည်း ပြောစရာပင်။ မြောင်ကြပ်လေးအတွင်း နွယ်သစ်ပင်တို့ ရှုပ်ထွေးလို့ရှိချေ၏။

ဝါးခုတ်လူတစ်စု ထိုမြောင်ကြပ်အတွင်း ဝင်သွားကြလေခြင်း ရှိပုံမမြင်ချေ။

သူတို့ အဲလို စဉ်းစားလိမ့်မည်လည်း မဟုတ်ချေ။

'အထဲမှာ သားရဲကောင်ရှိနိုင်လား'

ကျွန်တော်က မေးလိုက်၏။

'ပြောမတတ်ပေဘူးဗျ'

သို့ လင်းမြင့်လှိုင်က ပြော၏။

'ကဲ… ကိုပိုက်ရေ၊ ကျွန်တော်တို့ ဘယ်လိုဆက်လုပ်ကြမလဲ'

'ကိုလင်း ဘာကိုဆိုလိုချင်တာတုန်း'

'သြော်… သည်လိုလေဗျာ၊ ကျွန်တော်တို့လာတာ စော



www.burmeseclassic.com

www.burmeseclassic.com



ဝန်းအောင်ကိစ္စနဲ့ ပတ်သက်ပြီး သည်ဝါးတောရဲ့ အရှုပ်တော်ပုံကို ဖြေရှင်းရမယ် မဟုတ်လား'

'ဟုတ်တယ်လေ'

'နို့ဖြင့်…'

'ကျွန်တော်လုပ်ချင်တာတော့ သည်ဝါးခုတ်တဲ့ လူတစ်စုကို ရအောင်လိုက်ရှာမယ်ဗျာ'

'ရှာပြီးတော့'

'သူတို့ကိုသာတွေ့လျှင် တစ်ခုခုတော့ ထူးခြားမှုကို တွေ့ရမယ်ထင်တယ်'

သို့လည်း ကျွန်တော် တွက်လိုက်ပါ၏။

'နို့ဖြင့် ကျွန်တော်တို့ သူတို့နောက် မတွေ့မချင်း လိုက်ကြမယ်ပေါ့'

'ဒါပေါ့ဗျာ'

သို့ဖြင့် ကျွန်တော်တို့သည် ဝါးရုံတောအတွင်းမှ တောအုံ့ဆိုင်းဆိုင်းလေးအတွင်းသို့ ဝင်ရှာကြလေတော့၏။

'သူတို့တွေ သည်တောထဲ ဝင်ပြေးသွားကြတယ်ဗျ'

'ဘယ်လိုပြောနိုင်တုန်း'

'သည်မယ်လေ အကိုင်းအခက်တွေကို ခုတ်ထွင်ရှင်းလင်းပြေးသွားကြတာ'

ဟုတ်ပါ့… လမ်းကြောလေးနံဘေးရှိ ချုံပုတ်နွယ်ပင် သစ်ပင်ငယ်တို့၏ အကိုင်းဖျားများကို ခုတ်ဖြတ်သွားသည်မှာ လတ်လတ်ဆတ်ဆတ်ကြီးတွေ ဖြစ်နေချေတော့၏။

သို့ဖြင့် ကျွန်တော်တို့သည် ထိုသူတစ်စု ပြေးသွားရာသို့





တောတိုးလိုက်သွားလေ၏။ တစ်ဖက်တွင် ဝါးတောကောင်းကောင်း ဖြစ်ပေမင့် ကျွန်တော်တို့ တောတိုးခဲ့သောနေရာတွင်မတော့ ပင်လုံးရှည် သစ်ပင်ကြီးများ ဖြစ်ချေ၏။ ပန်းစုံတောဟု ပြောရပေလိမ့်မည်။ ထူထပ်စွာ ပေါက်ရောက်နေခြင်းကြောင့် ညှို့လို့နေချေ၏။ နေလယ်ခင်းဖြစ်ပြား မှိုးအုံ့နေသကဲ့သို့ ရှိချေ၏။

'ကိုလင်းရေ… သည်တောကြည့်ရတာ အင်မတန် တောနက်ရှိုင်းပုံပေပဲဗျ'

သို့ ကျွန်တော်က ပြောလိုက်၏။ လင်းမြင့်လှိုင်သည် ညည်သည့်စကားမျှ ပြန်လည်ပြောခြင်း မရှိလေဘဲ ရှေ့သို့သာ အာရုံစိုက် တောတိုးသွားနေခြင်းသာလျှင် ရှိသဖြင့် ကျွန်တော်သည် ညည်သည့်စကားမျှ မပြောလေတော့ဘဲ သူ့နောက်သာ အလျှင်အမီ လိုက်သွားချေ၏။

'ဖလပ်… ဖလပ်… ဖလပ်…'

'ဖရော… ဖရော… ဖရော… ဖျော…'

လင်းမြင့်လှိုင်သည် သစ်ပင်ကြီးတို့အောက်တွင် ပေါက်နေသည့် ချုံပုတ်နွယ်ပင်တို့ကို လက်ဖြင့်ကာဖယ် လမ်းရှာတောတိုးသွားနေလေသည်နှင့် အားမရသည်ကြောင့် ခါးချိတ်ဓားကိုထုတ်၍ ကာဖယ်ခုတ် ဖြတ်သွားနေလေ၏။

သို့ကြောင့် ကျွန်တော်သည်လည်း ခါးချိတ်ဓားကိုထုတ်၍ လင်းမြင့်လှိုင်ကဲ့သို့ ချုံပုတ်နွယ်ကိုင်းတို့ကို ခုတ်ဖြတ်လိုက်ချေ၏။

သို့ သွားနေရင်းမှ ရှေ့တွင်ရှိ လင်းမြင့်လှိုင်သည် ရုတ်တရက် ရပ်လိုက်လေခြင်းကြောင့် ကျွန်တော်သည်လည်း အလိုလို ရပ်နေမိလျက် ဖြစ်သွားချေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဘာတုန်း ကိုလင်း'

'ဟိုရှေ့မယ် ကြည့်စမ်းဗျာ'

ကျွန်တော် လင်းမြင့်လှိုင်နား တိုးကပ်၍ ရှေ့သို့လှမ်းကာ ကြည့်လိုက်၏။

'ဟာ...'

ရှေ့ခပ်လှမ်းလှမ်းတွင် မျောက်တစ်အုပ် ဖြစ်ချေ၏။

'ကွီ... ကွီ... ကွီ... ကွီ...'

'ဝူအူ... ဝူအူ... ဝူအူ... ဝူအူ...'

'ကွီ... ကွစ်... ကွီ... ကွီ... ကွီ...'

'ကွစ်...'

'ကိုလင်းရေ... မျောက်တစ်အုပ်က ဝါးတွေကို လာခုတ်တာတော့ မဟုတ်တန်လောက်ပါဘူးနော်'

သို့ဆိုသလို ကျွန်တော်က လူတစ်စုနောက်လိုက်ရင်း မျောက်တစ်အုပ်ကိုသာလျှင် တွေ့လေခြင်းကြောင့် သို့ နောက်ပြောင် ပြောလိုက်ခြင်းဖြစ်၏။ ပြီးနောက်...

'ကိုလင်းရေ... ရိက္ခာအတွက် တစ်ကောင်တော့ ပစ်ချေမယ်ဗျာ'

သို့ပြောလျှက် ကျွန်တော်သည် လက်တွင်းရှိသေနတ်ဖြင့် မျောက်အုပ်ထံသို့ လှမ်းထိုးချိန်လိုက်၏။

'ကိုပိုက် မပစ်နဲ့'

'ဟင်... ဘာလို့တုန်း'

'သေနတ်သံကြားပြီး ကျွန်တော်တို့ ခြေရာခံလိုက်နေတဲ့ လူတွေ ပြေးသွားကြလိမ့်မယ်'





သို့ဆိုတော့လည်း ကျွန်တော်သည် ချိန်ရွယ်ထားသော သေနတ်ကို ဘေးသို့လွှဲဖယ်လိုက်ရတော့၏။ ဟုတ်တော့ အဟုတ်သားကလား။

'ကဲ... လာ ကိုပိုက်'

လင်းမြင့်လှိုင်က ရှေ့ဆက်တောတိုးသွားပြန်၏။ သို့ဖြင့် မျောက်အုပ်ရှိရာသို့ တစ်စတစ်စ နီးကပ်လာချေ၏။

'ကွစ်... ကွစ်... ကွစ်... ကွီ... ကွီ...'

'ဝူအူ... ဝူအူ...'

'ဟင်...'

မျောက်အုပ်သည် သစ်ပင်ထက် သစ်ကိုင်းထက်တို့တွင် သာမဟုတ်။ မြေပေါ်တွင်လည်း ရှိချေ၏။

'လူမမြင်ဖူးတဲ့ မျောက်ကောင်တွေပဲဗျာ၊ ဒါကြည့်ခြင်း အားဖြင့် သည်နေရာကို လူသားတွေ လုံးဝရောက်ဖူးပုံ မပေါ်ပေဘူး'

လင်းမြင့်လှိုင်က သို့ပြောလာ၏။

ဖြစ်နိုင်ပေ၏။ မျောက်ကောင်တို့သည် ကျွန်တော်တို့ နှစ်ယောက်ကို ထူးဆန်းစွာကြည့်ရင်း ဆူညံညံ အော်နေခြင်းသာ ရှိချေ၏။ ထွက်ပြေးခြင်း အလျှဉ်းမရှိချေ။

'ဟာ...'

'အာ...'

မျောက်တစ်ကောင်သည် ကျွန်တော်၏ပခုံးကို သူ၏လက်ဖြင့် လှမ်းပုတ်လာချေ၏။ ကျွန်တော်တို့ကို ထူးဆန်းသတ္တဝါအနေဖြင့် စူးစမ်းနေကြပုံပင်။

'ဝါး...'



www.burmeseclassic.com

www.burmeseclassic.com



'အား…'

သို့ ကျွန်တော်က အနီးရှိ မျောက်ကောင်ကို ခြောက်လှန့်လိုက်ပြား ထိုမျောက်ကောင်သည် နောက်သို့သာ အနည်းငယ်ရွေ့လျားလိုက်လေပြီး ကျွန်တော့်နောက် ပြေးလိုက်လာပြန်လေ၏။

'ဟာ… ကိုပိုက်ရေ၊ မျောက်တွေ မနည်းပါလားဗျာ၊ မျောက်ရွာထင်တယ်'

သို့ လင်းမြင့်လှိုင်ပင် တအံ့တသြ ပြောလာချေ၏။

ကျွန်တော်တို့နောက်ဘက်မှလည်းကောင်း ဘေးတစ်ဖက်တစ်ချက်မှလည်းကောင်း မျောက်တို့သည် ဝန်းရံလိုက်ပါလာကြချေ၏။

အချို့အကောင်ကြီးတို့သည် သွားကိုဖြဲ၍ လက်ဖြင့် လှမ်း၍ပုတ်ခတ်ပြုလာခြင်းကြောင့် လက်တွင်းရှိသေနတ်ဖြင့် ကာကွယ်ရချေ၏။

'ကိုလင်းရေ… ကျွန်တော့်အထင်ပြောရလျှင် ကျွန်တော်တို့ ဟိုလူစုနောက်လိုက်တာ လမ်းမှားလိုက်လာပြီဗျာ၊ သည်လိုနေရာမယ် မရှိလောက်ဘူး'

'ဟုတ်ပါ့ဗျာ၊ ဟာ… သည်မျောက်ကောင်'

လင်းမြင့်လှိုင်သည် ပြောပြောဆိုဆို လှမ်းပုတ်လာသည့် မျောက်ကောင်၏ရန်ကို တိမ်းရှောင်လိုက်လေပြီး…

'ကိုပိုက်ရေ… မထူးပေဘူးဗျ၊ မျောက်တစ်ကောင် ပစ်သွားမှပဲ'

'ကောင်းတယ်…[illegible]လည်း ကျွန်တော်တို့နားက ရှဲသွားမှာ'

ကျွန်တော့်စကားဆုံးသည်နှင့် လင်းမြင့်လှိုင်သည် သူ့





လက်တွင်းရှိသေနတ်ကို မောင်းတင်လိုက်ကာ…

'ချောက်…'

'ဒိန်း…'

'ကွီးစ်လ်…'

အနီးကပ် ပစ်လိုက်ရခြင်းကြောင့် မျောက်တစ်ကောင်သည် သစ်ပင်ထက်ကိုင်းတစ်ခုမှ ပြုတ်ကျလာချေ၏။

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံကြောင့် ကျန်မျောက်ကောင်တို့သည် အလန့်တကြား အော်ဟစ်ပြေးလွှားသွားကြ၏။

သို့ပေမင့်လို့ မကြာသောအချိန်ကလေးတွင် ပြန်ရောက်လာကြပြန်၏။

သို့ကြောင့် ကျွန်တော်သည် ခြောက်လှန့်ပစ်လိုက်ပြန်၏။

'ဒိန်း…'

စောကအတိုင်းပင် ပြေးလွှားသွားကြသည်။ ပြီး မကြာမီရောက်လာကြပြန်၏။

သို့ကြောင့်…

'ကိုလင်းရေ… မထူးဘူးဗျာ၊ နောက်တစ်ကောင် ပစ်လိုက်ချေပြီး တစ်ယောက်တစ်ကောင် ထမ်းပြန်ကြတာပေါ့'

'ဒိန်း…'

မျောက်တစ်ကောင် ပြုတ်ကျလာ၏။

သည်တစ်ခါ မျောက်ကောင်တို့သည် အဝေးသို့ ဆူညံစွာပြေးသွားကြလေပြီး အနားရောက်လေခြင်း မရှိတော့ဘဲ အဝေးမှ အကဲခတ်ကြည့်နေကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်မှ နှစ်ကောင်ဆိုလေတော့ သူတို့ စဉ်းစားမိသွားချေပြီထင်၏။ ကြောက်လန့်သွားပုံလည်း ရချေ၏။

ထိုသည်က သဘာဝပင်ဖြစ်ပေ၏။

သို့ဖြင့် ကျွန်တော်တို့သည် မျောက်သေနှစ်ကောင်ကို တစ်ယောက်တစ်ကောင်ထမ်းပိုး နောက်ကြောင်းပြန်လှည့်ခဲ့ကြပေသည်။

တစ်စတစ်စ လျှောက်ခဲ့ကြရာ ခရီးအတန်ပေါက်လာရချေ၏။ မျောက်တို့သည် ဆူဆူညံညံဖြင့် အဝေးတွင် ကျန်ရစ်ခဲ့ပေသည်။

'ဟူး... တော်ပါသေးရဲ့'

အတော်ဝေးဝေးခရီးပေါက်လာသည်တွင် လွန်စွာမြင့်မားသော သစ်ပုပ်ပင်ကြီး၏ခြေရင်းတွင် မျောက်သေကောင်တို့ကို မြေပေါ်ချလိုက်ကာ နားနေထိုင်လိုက်ကြရတော့၏။

'ကဲ... ရော့... ကိုပိုက်'

လင်းမြင့်လှိုင်က ဝီစကီပုလင်းပြားလေး ထုတ်ပေးလာ၏။ ကျွန်တော်သည် ရုတ်ခြည်းလှမ်းယူ တစ်ငုံမော့သောက်လိုက်၏။ လွန်မင်းစွာ ပင်ပန်းနေကြပြီကိုး။

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်အကြား ဝီစကီပုလင်းပြားလေးသည် ဟိုသည်ကူးလူးနေရရှာ၏။

ဝီစကီတစ်ပြားကုန်သည်တွင်...

'သည်မျောက်ကောင်တွေကို နောက်မှ အသားဖျက်စားပေါ့ဗျာ၊ နားနေလိုက်ချေဦးမယ်'

ကျွန်တော်က ပင်ပန်းသည့်အရှိန်၊ ဝီစကီသောက်ထား





သည့်အရှိန်ကြောင့် အိပ်ချင်စိတ်ပေါ်လာပုံရခြင်းကြောင့် သို့ ပြောလိုက်၏။

'ကျွန်တော်လည်း နားချေဦးမယ်'

သို့ဖြင့် နှစ်ယောက်သား သစ်ပုပ်ပင်အခြေတွင် ထိုင်ချကျောမှီလိုက်လေ၏။

မျက်ခွံများ လေးလံလာ၏။ မကြာမီ အိပ်ပျော်သွားတော့၏။

'ဒိန်း...'

မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ။ သို့သေနတ်သံကြောင့် အိပ်ရာမှ နိုးထလာရတော့၏။

လင်းမြင့်လှိုင် ပစ်လိုက်ခြင်းဖြစ်၏။

'ကိုလင်း ဘာပစ်တာတုန်း'

'သူခိုး'

'ဘယ်မလဲ သူခိုး၊ ဘာကိုခိုးသွားတာတုန်း'

ကျွန်တော်က မေးလည်းမေး၊ ပတ်ဝန်းကျင်ကိုလည်း လှမ်းကဲကြည့်လိုက်၏။

'မျောက်နှစ်ကောင်'

'ဗျာ...'

ကျွန်တော် မအိပ်မီက ပစ်ချထားသော မျောက်နှစ်ကောင်ရှိရာသို့ လှည့်ကြည့်လိုက်၏။

'ဟင်...'

တကယ်ပဲ မျောက်နှစ်ကောင် မရှိတော့ပါကလား။ ဘယ်ရောက်သွားပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်ကတော့မူ ကျွန်တော့်ကို နောက်ပြောင်မည့်သူ မဟုတ်ပေ။

ကျွန်တော် လင်းမြင့်လှိုင်ကို တအံ့တသြကြည့်လိုက်၏။ သူ ဘာပြန်ပြောလေမလဲ သိလို၍လည်း ဖြစ်ချေ၏။

'ကျွန်တော်လည်း အိပ်ပျော်သွားတာ ကိုပိုက်ရဲ့၊ ပင်ပန်းတာရယ်၊ ဝီစကီအရှိန်ရယ်ကြောင့်ရယ်၊ သစ်ပုပ်ပင်အရိပ်ကလည်း အေးအေးဆိုတော့ အတော်ကလေးကို နှစ်နှစ်ခြိုက်ခြိုက် ဖြစ်သွားတယ်ဗျာ၊ ကျွန်တော်လည်း ဘယ်လောက်ကြာကြာ အိပ်ပျော်သွားသလဲတော့ မသိဘူး၊ နားထဲမယ် တချွတ်ချွတ်သံသဲ့သဲ့ ကြားတာနဲ့ မျက်လုံးဖွင့်ကြည့်တာမှာ လူတစ်ယောက် ကျွန်တော်တို့နှစ်ယောက်ရှေ့ ရောက်နေတာကို တွေ့ရတယ်၊ သည်တော့ ကပျာကသီ မျက်လုံးဖွင့်ကြည့်လိုက်တယ်ဆိုလျှင်ပဲ အဲဒီလူက မျောက်တစ်ကောင်ကို ကောက်ထမ်းပိုးပြေးတော့တာပဲဗျ၊ ကျွန်တော်လည်း အဲဒီလူနောက် လိုက်မယ်အလုပ်မှာ ဘယ်လိုဖြစ်တယ်မသိဘူး၊ ခြေထောက်က ကျဉ်နေတော့ကာ အတော်နဲ့ ထမရဘူး'

'ဟိတ်လူ မပြေးနဲ့၊ မပြေးနဲ့၊ ပစ်လိုက်မှာနော်လို့ လှမ်းအော်လိုက်သေးတယ်၊ သည်လူ မကြောက်ဘူးဗျ၊ ပြေးမြဲပြေးနေလို့ ကျွန်တော်လည်း သေနတ်နဲ့ ချောက်ပစ်ပစ်လိုက်တယ်၊ သည်လူရှေ့က ချုံပုတ်ပင်နောက်ဘက် ပြေးသွားတော့တာပဲ၊ အရိပ်အယောင်တောင် မတွေ့ရတော့ဘူး'

'သည်လူက မျောက်တစ်ကောင် ထမ်းပြေးသွားတယ်ဆိုတော့ ကျုန်မျောက်တစ်ကောင်ကကော'

ကျွန်တော်က မေးလိုက်၏။





'ဘယ်အချိန်က မျောက်တစ်ကောင်ကို ယူသွားပြီးဖြစ်နေလဲမှမသိတာ'

'နို့ဖြင့် ကျွန်တော်တို့ ရိက္ခာမရှိတော့ပြီပေါ့'

ကျွန်တော်က စိုးရိမ်တကြီး ပြောလိုက်၏။

'ဒါပေါ့ဗျာ'

ကျွန်တော်သည် စိတ်ပျက်လက်ပျက်ဖြင့် ထရပ်လိုက်၏။

'ကဲ… ကိုပိုက် လာချေဗျာ၊ အဲဒီဘက်လိုက်သွားတာပေါ့'

'ဘာသွားလုပ်တော့မှာတုန်းဗျာ'

'သည်လိုလေ၊ သည်လူ့ကို ကျွန်တော် တမင်လွှတ်ပေးလိုက်တာလည်းပါတယ်'

'ဟင်… ရှင်းအောင်ပြောပါလား ကိုလင်းရယ်'

'သည်လိုဗျ… နို့မှ ကျွန်တော် သည်လူကို ခြေရာခံမိမှာ၊ သည်တောတောင်ထဲမယ် လူတွေရှိတယ်ဗျာ၊ ပုန်းခိုနေကြတာလား ဘာလားတော့ မသိဘူး၊ ခုကြည့်လေ… မျောက်တစ်ကောင်ကို လာခိုးသွားတယ်၊ တစ်ယောက်တည်းတော့ မဖြစ်နိုင်ဘူး၊ ဟို ဝါးခုတ်တဲ့လူတစ်စုဖြစ်မယ်'

'သူ့ကို တွေ့ပါပြီတဲ့၊ အင်း… သူတို့ကိုတွေ့လျှင်ဖြင့် စောပန်းအောင်သတ်တဲ့သူကို ခြေရာခံနိုင်တော့မှာပေါ့၊ ပြီးတော့ မန်းကလိဝါးတောရဲ့ လျှို့ဝှက်ချက်ကိုလည်း သိနိုင်တော့မှာပေါ့'

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော် အံ့သြတကြီး ကြည့်နေမိတော့၏။

လင်းမြင့်လှိုင်က ကျွန်တော် ဘာမှနားမလည် သဘောမပေါက်သည်ကို သဘောကျစွာ ကြည့်နေလေတော့၏။ ပြီးမှ…



www.burmeseclassic.com

www.burmeseclassic.com



'ကိုပိုက် မရှင်းဘူး ဟုတ်လား'

'အေးလေဗျာ'

'နို့ဖြင့်လည်း ရှင်းမနေတော့ဘူး၊ လာချေဗျာ'

သို့ပြော၍ လင်းမြင့်လှိုင်သည် နေရာမှ ထွက်သွားလေသဖြင့် သူ့နောက်ကပ်လိုက်သွားတော့၏။

'သည်လူတွေ သည်လောက် မျောက်တွေပေါ်နေတာ ဘာလို့ ကျွန်တော်တို့ မျောက်သေကို လာခိုးသွားရတာတုန်း မသိဘူး'

လင်းမြင့်လှိုင် လမ်းသွားရင်း ပြောချေ၏။

သို့ သွားလည်းသွား၊ မြေပြင်မှခြေရာကိုလည်းရှာ လုပ်နေလေ၏။

'သည်မယ် ခြေရာတွေပြီ၊ သည်ဘက်ကိုပြေးသွားတာ'

လင်းမြင့်လှိုင်က သူ့ဘာသာပြော သူ့သဘောသူ ဆောင်နေလေခြင်းကြောင့် ကျွန်တော်သည် ဆာလောင်နေပြီဖြစ်၍ မည်သို့မျှ မပြောပါတော့ချေ။

'နေဦး… ကိုပိုက်'

ရှေ့မှသွားနေရာမှ ရပ်လိုက်လေပြီး သူ့လက်တွင်းရှိ သေနတ်ဖြင့် လှမ်းချိန်လိုက်ရာ သို့ ကျွန်တော်က လှမ်းကြည့်လိုက်၏။

'တောဝက်ကောင်ပါကလား'

ကျွန်တော်တို့ခြေသံကြောင့် ဝက်သိုက်အတွင်းမှ ထလာသေသည့် ဝက်ကောင်သည် ရှေ့သို့ တချိုးတည်းပြေးထွက်သွားတော့၏။

'ပစ်လေ'





ကျွန်တော်က လင်းမြင့်လှိုင် လက်နှေးနေလေသဖြင့် သတိပေးလိုက်၏။

သို့ပေမင့် တောဝက်ကောင်သည် အမြင်မှသာ ပျောက်သွား၏။ လင်းမြင့်လှိုင်ကမူ သေနတ်ကို ချိန်ရွယ်မြဲ ချိန်ထားခြင်းကြောင့် အံ့ဩမိသေးတော့၏။

'ကိုလင်း'

'ရှူး… တိုးတိုး'

အလိုလေးဗျာ… လင်းမြင့်လှိုင် စိတ်မှန့်သေးရဲ့လား။ သူချိန်ရွယ်ရာ နေရာတွင် မည်သည့်သားကောင်မျှ ရှိမနေပါချေ။ ဝက်ကောင်သည်လည်း ပြေးထွက်သွားပြီ မဟုတ်ပါကလား။ ဘာကြောင့် ထိုနေရာသို့ ချိန်ရွယ်ထားဆဲဖြစ်နေပါလိမ့်။

'ဒိန်း'

သို့ရှိစဉ် လင်းမြင့်လှိုင်သည် သေနတ်မောင်းထိန်းခလုတ်ကို ဆွဲဖြုတ်လိုက်လေ၏။

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံနှင့်အတူ ယမ်းနံ့တို့သည်လည်း ပျံ့လွင့်ထွက်လာချေ၏။

'ဟင်…'

ဝက်သိုက်နှင့် အလှမ်းမဝေးလှသော ချုံပုတ်ပင်နောက်ရှိ သစ်ပင်ထက်ပေါ်မှ သတ္တဝါတစ်ကောင် ပြုတ်ကျလာ၏။

ကျားသစ်ကောင် ဖြစ်ချေတော့၏။

အလိုလေးဗျာ… ကျွန်တော် လုံးဝ သတိမထားမိပါကလား။ ကျွန်တော်ဆိုပါလျှင် တောဝက်ကောင်ကိုသာ ပစ်ခတ်မိပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုပိုက် ရှင်းပြီလား'

'သိပ်မရှင်းသေးဘူး'

'သည်လိုဗျာ… တောဝက်ကောင် ထွက်ပြေးသွားတာ ကျားသစ်ကောင်ကြောင့်ဗျ၊ ကိုပိုက်က ကျွန်တော်တို့ ခြေသံကြောင့် တောဝက်ကောင် ရုတ်တရက် ထပြေးသွားတယ်လို့ ထင်လိုက်တာ မဟုတ်လား'

'ဟုတ်ပါပြီ… ကိုလင်းက ကျားသစ်ကောင်ကို အလျင်မြင်ထားလို့လား'

'ဘယ်ဟုတ်ပါ့မလဲ၊ ကျွန်တော်လည်း အမှတ်တမဲ့ လျှောက်ခဲ့တာပဲ၊ တောဝက်ကောင်က လန့်ဖျပ်ထပြေးသွားတော့ ပထမ ပစ်လိုက်မလို့ပဲ၊ နို့ပေမင့်လို့ တောဝက်ကောင်က ကျွန်တော်တို့ခြေသံကြောင့် ထွက်ပြေးသွားတာမဟုတ်ဘူးဆိုတာ သိနေတော့ကာ တောဝက်ကောင် ထွက်ပြေးသွားလောက်အောင် တောဝက်ကောင် ကြောက်ရမယ့် သားရဲကောင်က ကျား၊ ကျားသစ်ပဲဖြစ်မှာ ထွက်မိတာနဲ့ ဝက်သိုက်ပတ်ဝန်းကျင်ကို ကြည့်လိုက်တယ်၊ ကျား၊ ကျားသစ်ဆိုတော့ မြေပြင်လည်းကြည့်ရမယ်၊ သစ်ပင်ကိုင်းထက်ကိုလည်း ကြည့်ရမယ်လေ၊ ကျားကောင်ဆိုပါလျှင် မြေပြင်မှာရှိမယ့် ဝက်သိုက်ဝန်းကျင်မှာ ရှင်းနေတာကလား၊ ကျားကောင် မဖြစ်နိုင်ဘူးလေ၊ ကျားသစ်ကောင် ဖြစ်ဖို့များတယ်၊ ကျားသစ်ကောင်ရှိနိုင်တဲ့နေရာကတော့ ရှာရတာလွယ်တယ်လေ၊ ဝက်သိုက်နဲ့ အနီးဆုံး အပင်ကို ကြည့်လိုက်တာပေါ့၊ လားလား… နေသားက ငြိမ်နေတာပဲ၊ သူချောင်းတဲ့ သားကောင်ဝက် ထွက်ပြေးသွားပေမင့် သူက ကျွန်တော်တို့ကို မြင်ပြီးဖြစ်လို့ ငြိမ်ကုပ်နေတာဗျ၊ နို့ကြောင့်





ကျွန်တော် သူ့ကို ပစ်ခွင့်ရလိုက်တာပေါ့ဗျာ'

သို့ လင်းမြင့်လှိုင် ရှင်းပြလေမှ ကျွန်တော် သဘောပေါက်သွားရချေတော့၏။

'တော်လိုက်တာ'

ကျွန်တော်ဆိုပါလျှင် ကျားသစ်ကောင်ကို ပစ်ခတ်ခွင့်ရချိမ့်မည် မဟုတ်ချေ။ ကံဆိုးပါလျှင် ကျားသစ်ကောင်၏ ဒုက္ခပေးခြင်းကိုပင် ခံရနိုင်စရာအကြောင်း ရှိပေ၏။

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ကျားသစ်ကောင်ကို ဝါးလုံးလျှိုထမ်း၍ ထိုနေရာလေးမှ ထွက်ခဲ့ကြပြန်၏။

ထိုနေရာလေးကမှ အတော်လှမ်းလှမ်းအရောက်တွင် လင်းမြင့်လှိုင်သည်…

'သည်မယ် စခန်းချမယ်ဗျာ၊ သည်ကောင်ကြီးကို အသားဖျက်ကြစို့'

သို့ကြောင့် ကျွန်တော်တို့သည် ကသစ်ပင်ကြီးတစ်ပင်အောက်တွင် ထိုင်နားလိုက်ကြ၏။ ခဏတာမျှ နားလိုက်လေပြီး ကျားသစ်ကောင် အရေဆုတ်လိုက်၏။

ကျွန်တော် ကျားသစ်ကောင်ကို အရေဆုတ်နေစဉ် လင်းမြင့်လှိုင်သည် ထင်းခြောက်များကို လိုက်လံစုဆောင်းလေ၏။

နာရီဝက်သာသာအချိန်တွင် ကျားသစ်ကောင်ကြီး တုံးလုံးတီးဖြစ်သွားချေ၏။ ဗိုက်ခွဲ အူထုတ်ပြီးလည်း ဖြစ်သွားချေ၏။

လင်းမြင့်လှိုင် မီးပုံပြီးသည်နှင့် ကျွန်တော်တို့နှစ်ယောက် ကျားသစ်ကောင်ကြီးကို တံစို့ထိုး၍ ထင်းမီးပုံပေါ် ကန့်လန့်ဖြတ်တင်လိုက်ပြီး ဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



'သည်တစ်ကောင်လုံးကို ကျွန်တော်တို့ ကုန်ပါ့မလား' ကျွန်တော်က မေးလိုက်၏။

'ဘယ်ကုန်ပါ့မလဲ'

'နို့ဖြင့် ဘာလို့ တစ်ကောင်လုံး ကင်ရတာတုန်းဗျာ၊ လိုအပ်တာလောက်ကင်ပြီး ကျန်တာတွေ မြေမြှုပ်တန်မြှုပ်၊ မီးတိုက်တန်တိုက်ပေါ့ဗျာ၊ ခုတော့ စားမကုန်လျှင် နှမြောစရာကြီး'

'ဘာနှမြောရမှာတုန်းဗျ… သည်ကောင်ကြီးကို နိုင်သလောက်စားပြီး အနည်းအကျဉ်းလောက်ယူသွားပြီး ထားခဲ့တာပေါ့'

လင်းမြင့်လှိုင်က သို့ ပြုံးစိစိလုပ်ကာ ပြောလာလေ၏။

လင်းမြင့်လှိုင် ဘယ်လိုဖြစ်သွားတာပါလိမ့်။ အခါတိုင်း အမဲပစ်ရက လိုအပ်သလောက်သာလျှင် ပိုင်းဖြတ်မီးကင်စားကြခြင်းဖြစ်၏။ ယခုမူ သို့မဟုတ်ပါကလား။ ရှိစေတော့။

'ကျွန်တော်တို့ သည်မယ် ညအိပ်စခန်းချမှာလား'

'ဟင့်အင်း'

အလိုလေးဗျာ ဘယ်လိုပါလိမ့်။ သို့ပေမင့် ကျွန်တော် မမေးတော့ပါချေ။ သူ့ထံမှ ဝီစကီပုလင်းပြားလေးကို လှမ်းတောင်းလိုက်၏။

ဝီစကီသောက်ရင်း အသားကင်အကျက်ကို စောင့်နေလိုက်၏။

'နေဦးဗျ'

ကျွန်တော်က ဝီစကီပုလင်းပြားလေးကို ပြန်ပေးလိုက်ပြီး နေရာမှ ထလိုက်၏။

'ဘယ်သွားမလို့တုန်း'





လင်းမြင့်လှိုင်က မေးလေ၏။

'ရေသွားရှာခပ်မလို့'

'မသွားနဲ့ အပိုပဲ၊ သည်နားတစ်ဝိုက် ဘာချောင်းမြောင်းမှ မရှိဘူး'

'နို့ဖြင့် ကျွန်တော်တို့ ရေသောက်ဖို့မရှိဘူးပေါ့'

'ဒါပေါ့ဗျာ… နို့ပေမင့်လို့ ကျွန်တော် ဟိုးရှေ့နားက ဆားဖြူပင်က အသီးတွေ ခူးလာတယ်၊ ချဉ်ဖန်ခါး အရည်ပဲစုပ်သောက်ပေါ့ဗျာ၊ ဟဲ… ဟဲ'

အင်း… နို့ကြောင့်လည်း လင်းမြင့်လှိုင်က သည်နေရာတွင် စခန်းချ ညမအိပ်ဟု ပြောတာကိုး။

'နို့ဖြင့်လည်းဗျာ… ကျွန်တော်တို့ ချောင်းမြောင်းရှိတဲ့နားလောက်ထိသွားပြီးမှ စခန်းချကြပြီးနောက်လျှင် ကောင်းသားဗျာ'

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က ကျွန်တော့်ကို ပြုံး၍ကြည့်လာချေပြီး…

'ဟင်း… ဟင်း… ဟင်း… ဟင်း… ကိုပိုက်၊ အဲဒီလောက်ထိ ဘယ်လျှောက်နိုင်မှာတုန်းဗျာ၊ မဟုတ်ဘူးလား၊ နို့ကြောင့် သည်မှာ စခန်းတဲဆောက်ပြီး ကျားသစ်ကောင်ကို မီးကင်စားဖို့ ဆုံးဖြတ်လိုက်တာပေါ့'

'အင်…'

ကျွန်တော် လင်းမြင့်လှိုင်ကို ပြုံးပြလိုက်လေ၏။ သူပြောသလို ကျွန်တော် လွန်မင်းစွာ ဆာနေလေပြီပဲ။

'ကျေးဇူးတင်တယ်ဗျာ' လို့ ပြောလိုက်၏။

'ရပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



သို့ လင်းမြင့်လှိုင်က ပြောပြီး သူ့အင်္ကျီအိတ်ကပ်အတွင်းမှ ဆားဖြူသီးတို့ကို ထုတ်ပေးလာချေတော့၏။

ဆားဖြူသီးသည် အရည်ရွှမ်း၏။ သို့ကြောင့် ရေမသောက်ရသော်လည်း ဆားဖြူသီးကိုင်၍ကိုက်၊ အရည်စုပ်ပါလေလျှင် ရေငတ်ပြေလေ၏။ အမောလုံချေ၏။

'ကဲ… ကိုပိုက်၊ ချဗျာ၊ ကျွန်တော်တော့ အသားကင်အကျက် မစောင့်နိုင်တော့ဘူး'

သို့ပြောပြီး လင်းမြင့်လှိုင်သည် ဝီစကီကို တစ်ငုံမော့သောက်လိုက်လေတော့၏။

'ဟင်း…'

ပြီးနောက် သစ်ပင်ကို ကျောမှီလိုက်ချေ၏။

ကျွန်တော်သည် လင်းမြင့်လှိုင်ထံမှ ဝီစကီပုလင်းပြားလေးကို လှမ်းယူလိုက်ကာ တစ်ငုံမော့လိုက်လေ၏။

'အား…'

ရေရောထားခြင်းမရှိသည့် ပုလင်းပါကလား။

သို့ကြောင့် ကမ္ဘာကသီ ဆားဖြူသီးတစ်လုံးကို ပါးစပ်တွင်း ဖမ်းထည့်လိုက်၏။ သွားဖြင့်ဖိကိုက်၍ အရည်စုပ်သွင်းလိုက်၏။ ဖန်၏။ ချဉ်၏။ ချို၏။ ရင်တွင်း အေးသွားတော့၏။

'ဟား… ဟား… ဟား… ဟား'

လင်းမြင့်လှိုင်က သဘောကျစွာ ရယ်မောလာချေတော့၏။

'ကျွန်တော်တော့ အသားကင်ကျက်မှပဲ သောက်တော့မယ်ဗျာ'





သို့ပြောပြီး သူ့ထံ ဝီစကီပုလင်းပြားလေးကို လှမ်းပေးလိုက်၏။ လင်းမြင့်လှိုင်က လှမ်းယူပြီး သူ့နံဘေးတွင် အကျအန ထောင်ထားလိုက်ချေ၏။

မီးတောက်မီးလျှံဘက်မှ ကျားသစ်ကောင်ကို စူးစိုက်ကြည့်နေမိ၍ တဖျစ်ဖျစ်နှင့် မြည်နေ၏။

ကျားသစ်ခန္ဓာကိုယ် အဆီများ မီးရှိန်ကြောင့် တောက်နေခြင်းဖြစ်၏။

အတန်ကြာတွင် ကျားသစ်ကောင်၏ ခန္ဓာကိုယ်ဖြူဖြူကြီးသည် ရဲလာချေ၏။

ရဲလာသည်နှင့်အမျှ ရနံ့တစ်မျိုး ထွက်လာချေ၏။

မွှေးပျံ့သောရနံ့ဟု ပြောရချိမ့်မည်။ နီရာမှ ရဲလာချေ၏။

အကင်နံ့ မွှေးကြိုင်ထွက်ပေါ်လာ၏။

'လာဗျာ… ကိုပိုက်'

လင်းမြင့်လှိုင်က ထိုင်နေရာမှ ထလိုက်၏။ ကျားသစ်ကောင်အသားကို ဓားဖြင့်ထိုးကော် ဖြတ်ထုတ်လိုက်၏။

အသားပွလောင်လောင်ကို မြည်းစမ်းကြည့်လေပြီး…

'ရော့… ကိုပိုက်၊ စားလို့ရပြီ' ဆိုလျက် ကျွန်တော့်ထံ ကမ်းပေးလေ၏။

ဆာလောင်နေသည့်လည်းဖြစ် စောစောက ဝီစကီတစ်ငုံစာခန့် ဝင်သွားသောကြောင့် ရင်ပူနေသော ကျွန်တော်သည် ကျားသစ်ကောင်သား မီးကင်ပူပူကိုပင် အငမ်းမရ ကိုက်ဝါးလိုက်၏။

သွားတို့ ပူကျက်သွား၏။

သွားတို့ ပူလောင်သွား၏။ သို့ြငား တံတွေးတို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခဏချင်းပင် အေးသွားပြီး ချိုသည့်အရသာ ခံစားလိုက်ရ၏။

'ဟာ… ကောင်းလိုက်လေ'

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ကျားသစ်ကောင်ကင်ကို ဆားဆားနှင့် မြိန်ရည်ရှက်ရည် တဝစားလိုက်ကြ၏။

ကျွန်တော်တို့ စားလိုက်ခြင်းသည် တဝဟုဆိုရပေပြား ကျားသစ်ကောင်၏ လက်တစ်ချောင်းပင် မကုန်ပါချေ။

'သောက်လို့ပြီး၊ စားလို့၊ ခဏနားချေဦးမယ်ဗျာ' ဆိုလျက် လင်းမြင့်လှိုင်သည် သစ်ပင်အောက်တွင် ပင်စည်ကို ကျောမှီလိုက်ချေတော့၏။

ကျွန်တော်သည်လည်း သို့နှယ်ပြုလိုက်ချေ၏။

'အိပ်ပျော်လို့တော့ မဖြစ်ဘူးနော်'

လင်းမြင့်လှိုင်က မျက်လုံးမှိတ်လျက်မှ ပြောလာချေ၏။

'ဘာလို့တုန်း'

'အချိန်ရှိတုန်း ဆက်ထွက်မှဖြစ်မှာ'

'ဘာလို့လဲဗျ၊ စောစောကပဲ ကိုလင်းက သည်မယ်ညအိပ် စခန်းချမယ်ဆို၊ ကျွန်တော်တို့မယ် ဘာမှ မည်မည်ရရ လုပ်စရာရှိတာမှ မဟုတ်တာချည်း'

သို့ ကျွန်တော်က နားလို၍ ပြောလိုက်ပေပြား…

'ကျွန်တော်တို့ အပျော်ခရီး အမဲပစ်ထွက်လာတာသက်သက် မဟုတ်ဘူးလေ၊ ကျွန်တော်တို့က မန်းကလီဝါးတောအရှုပ်အရှင်းကို ဖြေဖို့လာကြတာလေ'

သို့ဆိုတော့ ကျွန်တော် လင်းမြင့်လှိုင်ကို မည်သို့မျှ မပြောလိုတော့ပြီ။ သူ့သဘောသူ ဆောင်နေခြင်းပါကလား။





သို့ကြောင့် ကျွန်တော်သည် အိပ်ပျော်သွားမည်စိုးလေသဖြင့် သစ်ပင်ကျောမှီ မှိန်းခြင်းမလုပ်ပါတော့ချေ။ သို့ကြောင့် လင်းမြင့်လှိုင် မျက်စိမှိတ်နေသော်လည်း ကျွန်တော်သည် လက်တွင်းရှိသေနတ်ကို တိုက်ချွတ်နေမိပြီး ကျည်အိမ်အတွင်းမှ ကျည်တို့ကိုလည်း ထုတ်၍စစ်ဆေးနေလိုက်၏။

ကိုယ့်အလုပ်နှင့်ကိုယ်ဆိုတော့ အချိန်ကုန်လို့ ကုန်မှန်းမသိဖြစ်သွား၏။

'လာဗျာ… ကိုပိုက် သွားတော့မယ်'

အစာန်ကြာတွင် လင်းမြင့်လှိုင်သည် သို့ပြောပြီး နေရာမှထလိုက်၏။

'သည်ဟာကြီးကို ဘယ်လိုလုပ်ခဲ့မလဲ'

'သည်အတိုင်းထားခဲ့မယ်'

အလိုလေးဗျာ… ဘယ်လိုသဘောပါလိမ့်လို့သာ တွက်၍ လင်းမြင့်လှိုင်နှင့်အတူ ထိုကသစ်ပင်စခန်းမှ ထွက်ခဲ့ကြတော့၏။

သို့ ထွက်ခဲ့ကြသည်ဆိုရာ၌ ကျွန်တော်တို့သည် ဆင်လမ်းအတိုင်း လျှောက်ခဲ့ကြခြင်းဖြစ်၏။

'ကျွန်တော်တို့ ခုသွားနေတာ ဘယ်ဘက်တုန်း'

'မြောက်ဦးတည့်ရာ'

အလိုလေးဗျာ… ဘာမှမပြောလိုတော့ပြီ။

သို့ကြောင့် လင်းမြင့်လှိုင်နောက်မှသာ ကပ်လိုက်သွားတော့၏။

သို့လျှောက်ခဲ့ရာမှ တောင်ကြောတစ်ခုပေါ်သို့ ရောက်ခဲ့၏။ တောင်ကြောပေါ်တွင် ဝါးသုန်းတို့ ပေါက်လျက်ရှိချေ၏



www.burmeseclassic.com

www.burmeseclassic.com



ဝါးသုန်းများအစပ်တွင် လူတစ်ရပ်အမြင့်ရှိ မျှင်ဝါးတောများ ရှိချေ၏။ ကျိုးတိုးကျဲတဲ ဖြစ်ချေ၏။

"ကိုပိုက်ရေ… ကျွန်တော်တို့တွေ မျှင်ဝါးတောထဲဝင်ကြစို့"

"ကြံကြံဖန်ဖန် ကိုလင်းရယ်၊ ဘာလဲ မျှင်ဝါးတောထဲ ငှက်ဝင်ပစ်မလို့လား"

"ဟုတ်ဘူးဗျ၊ အဲဒီ မျှင်ဝါးတောထဲမယ် အေးနေမှာပဲဗျ၊ အအေးခေတ်ကလေး ခဏလောက်လိုချင်လို့ပါ"

"ကိုလင်းသဘောဗျာ"

လင်းမြင့်လှိုင် ဘာတွေဖြစ်နေပါလိမ့်။ ကျွန်တော် စဉ်းစားမရ ဖြစ်နေလေ၏။ သို့ဖြင့် ကျွန်တော်တို့သည် ဝါးသုန်းတောကို လွန်သည်တွင် မျှင်ဝါးပင်ကြီးတောသို့ ရောက်လာချေ၏။

မျှင်ဝါးသုန်း ကျိုးတိုးကျဲတဲ ရှိခြင်းကြောင့် ဝါးပင်တို့ကြားမှ တိုးဝင်ခဲ့ကြ၏။ မျှင်ဝါးပင်တို့ လူတစ်ရပ်မရှိတရှိဖြစ်ခြင်းကြောင့် တော်ပေသေး၏။

သို့ဖြင့် မျှင်ဝါးတောအလယ်သို့ ရောက်လာကြ၏။

"ဟင်…"

"ကိုပိုက် အံ့သြသွားပြီလား"

ကျွန်တော် နားမလည်နိုင်သလို ဖြစ်ရ၏။

"ကိုလင်း ဘယ်လိုလုပ်သိလဲ"

ကျွန်တော်က မေးလိုက်၏။ မျှင်ဝါးတောဘက်ရောက်သည်တွင် လူသွားလမ်းလေးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့် ဖြစ်ချေ၏။





"ရှင်းရှင်းလေးပါ ကိုပိုက်ရယ်၊ မျှင်ဝါးတောအစပ်မှာ ကျိုးတိုးကျဲတဲဖြစ်နေကတည်းက သည်ဝါးတောကြား လူတွေခိုဝင်နိုင်ဖို့ လုပ်ထားတာဆိုတာ အတပ်သိလိုက်တယ်လေ၊ ဒါဟာ ဘာကိုတွက်မိလဲဆိုတာ လျှို့ဝှက်သွားလာတတ်တဲ့လူတွေ လုပ်ထားတာလို့ တွက်မိလို့ပေပဲဗျာ"

"ဗျာ"

"ဘာရယ်"

"သည်လိုပါ ကိုပိုက်၊ သည်ဝါးတောအတွင်းမှာ လူသွားလမ်း တွေ့တယ်နော်"

"ဟုတ်တယ်လေ"

"ဒါ လျှို့ဝှက်တဲ့လူတစ်စု သွားဖို့လုပ်ထားတာဗျ၊ အမှတ်တမဲ့ဆိုလျှင် လူအတော်များများက မျှင်ဝါးတောထဲ လမ်းရှိတာ သိနိုင်ကြမှာမဟုတ်ဘူး၊ မျှင်ဝါးတောမြင်တာနဲ့ ဘယ်သူမှ အထဲတိုးဝင်ဖို့ စဉ်းစားကြမှာ မဟုတ်ဘူး၊ ပြီးတော့ မျှင်ဝါးတောအစပ်မယ် ဝါးသုန်းတွေရှိတယ်လေ"

"ဟုတ်ပါ့ဗျာ"

"စဉ်းစားကြည့်လေ၊ ဝါးသုန်းတောလည်းရှိ၊ မျှင်ဝါးတောလည်းရှိဆိုတော့ ဝါးသုန်းတောအတွင်းကပဲ ကွေ့ပတ်သွားကြတဲ့သူချည်းဗျ"

"ကိုလင်းဆိုလိုချင်တာက"

"ကျွန်တော့်အထင် ဝါးခုတ်သူတစ်စုရဲ့ လက်ချက်ဖြစ်မယ်ဗျ၊ သည်ပုံကြည့်ရခြင်းအားဖြင့် သည်လမ်းကြောင်းအတိုင်း လိုက်သွားမယ်ဆိုလျှင်ဖြင့် ကျွန်တော်တို့ ဝါးခုတ်သမားတွေကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



တော်နဲ့ တွေ့ကိုတွေ့လိမ့်မယ်၊ အဲ… တစ်ခုပဲရှိတယ်'

'ဘယ်လိုဖြစ်သွားရပြန်တာတုန်း'

'ဩော်… သည်လိုပါ၊ ခရီးဝေးတာ နီးတာကိုမပြော တတ်သေးတာပါ'

'ဘာဖြစ်လဲဗျာ… လာလေ သည်လမ်းအတိုင်း လိုက်သွားကြမယ်'

'မဖြစ်သေးဘူးဗျ'

'ဟင်… ဘာဖြစ်လို့တုန်း'

'သည်လမ်းကို အသုံးပြုသွားလိမ့်မယ့် လူတစ်ယောက်သို့မဟုတ် နှစ်ယောက်ကို စောင့်ပြီးမှ သွားကြတာပေါ့'

'ဗျာ… ဘယ်လို၊ ကျွန်တော် မရှင်းဘူးဗျာ'

'ရှင်းမနေတော့ပါဘူး၊ ကိုပိုက်သာ စကားကျယ်လောင်လောင် မပြောပါနဲ့၊ နားနေပါ၊ အိပ်ချင်လည်း အိပ်၊ အချိန်တန်တော့ ကျွန်တော်နှိုးမယ်'

'အလိုလေးဗျာ… ဘာလဲ ကျွန်တော်က သည်လူသွားလမ်းပေါ်မှာ အိပ်ရမှာလား'

'အဲလိုတော့ ဘယ်ဟုတ်ပါ့မလဲ၊ လာ ဟိုရှေ့နားမှာ ကျွန်းပင်ကြီးရှိတယ်၊ အဲဒီမှာ သွားနားကြမယ်'

သို့ဖြင့် ကျွန်တော်တို့သည် မျှင်ဝါးတောအတွင်းရှိ လူသွားလမ်းလေးဘေး အတော်လှမ်းလှမ်းရှိ ကျွန်းပင်တစ်ပင်ရှိရာသို့ သွားလိုက်ကြ၏။

ကျွန်တော်သည် ထိုကျွန်းပင်နားသို့ ရောက်သည်တွင် ထိုင်ချလိုက်ပြီးသည်တွင်…





'သည်မှာ မထိုင်နဲ့ဗျ၊ လာ နောက်ကျောဘက်မှာထိုင်'

'ဘာလို့တုန်း'

'ဩော်… သည်နောက် အပင်အောက်ခြေမှာ အောက်ပေါင်းရှင်းတယ်လေ'

လင်းမြင့်လှိုင်ပြောသလို ကျွန်းပင်နောက်ကျောဘက်တွင် နေရာထိုင်ခင်းချရန် အဆင်ပြေလေ၏။

'ကိုလင်း ဘယ်လိုလုပ်သိလဲ'

ကျွန်တော်က မေးလိုက်၏။

'အမှန်ဝန်ခံရလျှင် မသိပါဘူးဗျာ၊ ဖြစ်နိုင်ချေရှိတာကို မှန်းပြီးပြောရတာပါ'

မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် ကျွန်းပင်နောက်ကွယ်တွင် ထိုင်ချလိုက်၏။ ကျောမှီထိုင်လိုက်၏။ စောစောကတည်းက အိပ်ချင်နေသည် မဟုတ်ပါကလား။

သို့ဖြင့် ကျွန်တော်တို့သည် ကျွန်းပင်နောက်ကွယ်တွင် ထိုင်နေကြပေမင့် တစ်ဦးကိုတစ်ဦး စကားပြောခြင်း အလျဉ်းမရှိကြချေ။ လင်းမြင့်လှိုင် ဘာတွေဘယ်လိုသိလို့ ဘယ်လိုတွေလုပ်နေလေသည်မသိ။ အချိန်တန်တော့ သိရပေမပေါ့လို့ တွက်လိုက်၏။ သို့ပြား အချိန်အတော်စောင့်သည့်တိုင် ထူးခြားမှုမရှိသဖြင့်…

'ကိုလင်း ဘယ်လိုတုန်းဗျ၊ သည်လိုပဲ ထိုင်နေရတော့မှာလား၊ အိပ်လို့ကလည်းမပျော်'

'ကဲဗျာ… ကိုပိုက် ဆန္ဒစောနေလျှင်လည်း နောက်တစ်မျိုး စဉ်းစားတာပေါ့၊ ကဲ… လာ ထချေဗျာ'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ထိုင်နေရာမှ ထလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကာ ရှေ့လမ်းမြောင်လေးသို့ လှမ်းကဲကြည့်နေလေ၏။

ကျွန်တော်သည်လည်း လိုက်ထလေ၏။ သည်တွင်…

'ဟာ… ကိုပိုက်၊ အသာထိုင်နေ၊ ထိုင်နေ'

သို့ဆိုလျက် ကပျာကသီ ကျွန်တော့်လက်ကိုဆွဲ၍ သူ့ပါ ထိုင်ချလိုက်၏။

'ဘာတုန်းဗျ'

ကျွန်တော်က လေသံသဲ့သဲ့ဖြင့် မေးလိုက်၏။

'ရှေ့လမ်းမြောင် နောက်ဘက်လောက်က စကားပြောသံကြားသဗျ'

သို့ကြောင့် ကျွန်တော်သည်လည်း နားစိုက်ထောင်လိုက်၏။

အလိုလေးဗျာ… ဟုတ်ပါရဲ့။ လူနှစ်ယောက် စကားပြောသံဖြစ်၏။

'ကိုပိုက် ငြိမ်ငြိမ်နေနော်'

သို့ကြောင့် ကျွန်တော်သည် ငြိမ်သက်စွာနေလိုက်လေပြီး စကားသံကြားရာသို့ လှမ်းကဲကြည့်နေလေ၏။

စကားသံသည် တဖြည်းဖြည်း ကျယ်လောင်လာသလို လူသုံးယောက်ကိုလည်း လှမ်းမြင်လိုက်ရ၏။

'ဝါးခုတ်သမားတွေဖြစ်မယ်'

ကျွန်တော်က တီးတိုးပြောလိုက်၏။

'အသာနေဗျ… သည်လူတွေက ကျွန်တော်တွေ့ချင်တဲ့ သူတွေပေပဲ'

'နို့ဖြင့် ထွက်တွေ့တာပေါ့'





'အဲလိုလည်း မဖြစ်ပေဘူး'

'ဘာလို့တုန်း'

'နောက်တော့ သိရမှာပေါ့'

သို့ပြောပြီး လင်းမြင့်လှိုင်သည် ထိုလူသုံးယောက်ကိုသာ လျှင် စူးစိုက်ကြည့်နေလေ၏။

ထိုလူသုံးယောက်တွင် တစ်ယောက်သောသူသည် သျှောင်ထုံးနှင့် ဖြစ်ချေ၏။ အသက်အားဖြင့် ၆၀ ကျော်လိမ့်မည်။ နှုတ်ခမ်းမွေးကားကား ပါးစပ်ပေါက်ကျဉ်းကျဉ်းဖြစ်၏။ သန်မာပုံ တော့ရ၏။

နောက်နှစ်ယောက်သည် သူ၏နောက်လိုက်များ ဖြစ်ပုံရ၏။ ဘယ်တွက်မှ သူ့နံဘေးတစ်ဖက်တစ်ချက်မှ ခြံရံလိုက်နေသော်လည်း နှစ်ယောက်စလုံးသည် ထိုသျှောင်ဆံထုံးနှင့်လူကိုသာ လှည့်ကြည့်ကာ စကားပြောနေလေခြင်းဖြစ်၏။ သျှောင်ဆံထုံးနှင့်လူကတော့ ရှေ့သို့သာ ကြည့်နေလေ၏။ သူ၏အကြည့်သည် စူးရဲလွန်းလှချေ၏။ သိမ်းငှက်တစ်ကောင်၏ မျက်လုံးနှင့် တူချေ၏။

ထိုသူသည် ရှေ့သို့သာ စူးစိုက်ကြည့် လျှောက်နေလေသည်ဆိုပေမင့် တစ်စုံတစ်ရာကို ရှာဖွေကြည့်ရင်း လျှောက်နေခြင်းဖြစ်၏။

'ကိုလင်း သူ ဘာကိုရှာနေတာများလဲ'

သို့ ကျွန်တော်က နှစ်ကိုယ်ကြား မေးလိုက်ပေမင့် ထိုလူသည် ကြားသွားဟန်တူချေ၏။ လျှောက်လှမ်းနေသော ခြေလှမ်းကို တွန့်ခနဲရပ်လိုက်ကာ ကပျာကသီဖြင့် ဘေးဘီတစ်ဝိုက် လှည့်ပတ်ကြည့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူ သို့ ရုတ်တရက်ပြောင်းလဲသွားသလို လင်းမြင့်လှိုင်၏ လက်ဖဝါးကလည်း ကျွန်တော်၏ပါးစပ်ကို ပိတ်ကာပြီးဖြစ်တော့၏။

အတော်နှားပါးသည့် လူပါကလား။ လင်းမြင့်လှိုင်၏ အပြုအမူကြောင့် ကျွန်တော်လည်း ငြိမ်ကုပ်၍နေလိုက်ရ၏။

အတန်ကြာတွင် ထိုသူသည် ဘာမှမမြင်မတွေ့လေသည့်ကြောင့် ဆက်လျှောက်သွားပြန်လေ၏။

သူ သက်ာမကင်းဖြစ်ခြင်းကို စွန့်လွှတ်လိုက်ပုံရ၏။

သို့ရှိစဉ်...

'ဟာ...'

'ဟင်...'

ကျွန်တော်တို့ရှေ့ အတန်ကြာမျှ ခရီးလှမ်းသွားသည့်တွင် ရုတ်တရက် တစ်ဖက်သို့လှည့်ကာ သူ့လက်တွင်းရှိ တစ်စုံတစ်ရာနှင့် လှမ်းပစ်လိုက်လေ၏။ မြန်လိုက်သည်ဖြစ်ခြင်း။ ကျွန်တော်တို့သည်ပင် သူ၏ဘယ်ဘက်ခပ်ယွန်းယွန်းမှ ဂျီ(ချေ)တစ်ကောင် တိုးထွက်လာသည်ကို မမြင်မတွေ့လိုက်ပေ။ ကျွန်တော်တို့က သူတို့ကိုသာ အာရုံစိုက်နေ၍ ဖြစ်ချိမ့်မည်။ ထိုလူကတော့ အမြဲသတိရှိသူ ဖျတ်လတ်သူ ဖြစ်ချိမ့်မည်။ ထိုသူ၏ လက်ချက်ဖြင့် ဂျီ(ချေ)ကောင်လေး မြေပေါ်သို့ လဲပြိုသွားတော့၏။ သူပစ်လိုက်သော ဓားမြောင်က ဂျီ(ချေ)ကောင်လေး၏ ရှေ့လက်ပြင်သို့ အရှိန်အဟုန်ပြင်းပြင်းဖြင့် စူးနစ်ဝင်သွားလေသည်ကိုး။ သူ့နံဘေးမှ လူနှစ်ယောက်သည် ကပျာကသီပြေးသွားကာ မြေတွင် လဲပြိုနေသော ဂျီ(ချေ)ကောင်လေးကို လက်တွင်းရှိဓားဖြင့် ပိုင်းခုတ်လေတော့၏။





သည်သို့ဖြင့် ထိုသူသည် ဂျီ(ချေ)တစ်ကောင်ကို သတ်ဖြတ်လိုက်နိုင်၏။

အတော်လျှင်မြန်ဖျတ်လတ်သည့် လူတွေပါကလား။

ကျွန်တော်သည် လင်းမြင့်လှိုင်၏ အသံတိတ် မျက်လုံးအကြည့် သတိပေးချက်အရ ငြိမ်သက်လျက်ရှိလေရာမှ ထိုသူတို့ လုပ်ရပ်ကို ကြည့်နေလေ၏။

ထိုသူတို့သည် ဂျီ(ချေ)ကောင်လေးကို သတ်၍ ကျွန်တော်တို့ရှေ့မှ ထွက်သွားကြလေ၏။ အတန်ဝေးဝေးရောက်သည့်တွင်...

'ကိုလင်း သူတို့နောက်လိုက်သွားမယ်လား'

ကျွန်တော်က မေးလိုက်၏။

'အင်း...'

'နို့ဖြင့် သွားကြမယ်လေ၊ အတော်ဝေးဝေးရောက်သွားပြီပဲ၊ နို့မဟုတ် မျက်ခြည်ပြတ်သွားလိမ့်မယ်'

'မဖြစ်သေးဘူးဗျ'

'အလိုလေးဗျာ၊ ဘယ်လိုကြောင့်တုန်း'

'သည်လူ လူလည်ဗျ'

'ဘယ်လိုသိတုန်း'

'မယုံ ကြည့်လိုက်လေ'

အလိုလေးဗျာ... ခပ်လှမ်းလှမ်း ရောက်သွားပြီထင်ရသော ထိုလူသည် ရုတ်ခြည်းဆိုသလို ပြန်လှည့်ပြေးလာပြန်၏။

ကျွန်တော်တို့နေရာ ရောက်သည့်တွင် ရပ်လိုက်လေပြီး ဝတ်ဝန်းကျင်ကို လှည့်လာကြည့်နေလေ၏။ သူ၏ဟန်ပန်သည် သူ့နောက် ခြေရာခံလိုက်နေသူရှိသဖြင့် သက်ာမကင်းဖြစ်နေပုံပင်



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင် တော်လှချည်ကလား။

အတော်ကြာ အကဲခတ်ကြည့်နေလေပြီးမှ လုံးဝ စိတ်ချသွားပုံရချေဟန်ဖြင့် ထိုသူသည် ကျေနပ်ပြုံး ပြုံးကာ လှည့်ထွက်သွားလေတော့၏။ သည်တစ်ခါ သူသွားပုံသည် အနှောင်အဖွဲ့ကင်းပုံရချေ၏။

'ကဲ... ကိုလင်း ကျွန်တော် သဘောပေါက်ပြီ၊ သွားကြစို့'

ကျွန်တော်သည် ဝါးတောလမ်းမြောင်လေးရှိရာ ထွက်လိုက်မည်အပြုတွင်...

'ဆန္ဒမစောနဲ့ ကိုပိုက်ရဲ့၊ ဆက်သည်းခံလိုက်ပါဦး'

အလိုလေးဗျာ... လင်းမြင့်လှိုင်ကို ကျွန်တော် နားမလည်နိုင်ပါတော့ချေ။ ထိုသျှောင်ဆံထုံးနှင့်လူ အမြင်မှပျောက်သွားသော်ငြား လင်းမြင့်လှိုင်သည် အေးတိအေးစက်ပင်။ သို့ကြောင့် 'ကျွန်တော်တို့ သျှောင်ဆံထုံးကို မျက်ခြည်ပြတ်သွားလိမ့်မယ်' လို့ စိုးရိမ်စွာဖြင့် သတိပေးပြောလိုက်၏။

'သည့်တွက်တော့ စိတ်ချပါဗျာ၊ အဲဒီလူ ဘယ်လောက်ဝေးဝေးရောက်ရောက် ဘယ်ဆီကိုသွားသွား ကျွန်တော်တို့ သည်ကနေ့ပဲ တွေ့ကိုတွေ့မှာပါ'

သို့ ပြောလာသဖြင့် ကျွန်တော် ဆိတ်ငြိမ်စွာ နေလိုက်တော့၏။

မည်သို့မျှ မပြောလိုတော့ပြီ။

လင်းမြင့်လှိုင် သူ့သဘောသူဆောင်နေလေသည်ပဲ။

သို့ရှိစဉ်...





'ဟာ...'

ကျွန်တော် လွန်မင်းစွာ အံ့အားသင့်သွားရ၏။

ကျွန်တော်တို့ရှေ့ ဝါးရုံတောလမ်းကြောင်းလေးပေါ်သို့ လူနှစ်ယောက် ရောက်နေပြန်တာကလား။ သူတို့နှစ်ယောက်ကတော့ အသက်အားဖြင့် (၃၀)ဝန်းကျင်ခန့်သာ ရှိချိမ့်မည်။ ကျွန်တော်တို့ထားခဲ့သည့် ကျားသစ်ကောင်မီးကင်ကို ထမ်းလာကြခြင်းဖြစ်၏။

'လာဗျာ... ကိုပိုက်'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် နေရာမှထွက်သွားတော့၏။ သူတို့နှစ်ယောက်နောက်သို့ ခြေရာခံလိုက်သွားလိုဟန် ဖြစ်ချေ၏။

'ဟိုသျှောင်ဆံထုံးလိုလူနောက် မလိုက်တော့ဘူးလား'

ကျွန်တော်က မေးလိုက်၏။

'သူတို့ တူတူပဲဗျ'

'ဟင်... ဘယ်လိုကြောင့် တစ်ယောက်နဲ့တစ်ယောက် သည်လောက်ဝေးဝေးလံလံ ခွာပြီးသွားကြတာလဲ'

ကျွန်တော် နားမလည်သဖြင့် လင်းမြင့်လှိုင်ကို မေးလိုက်ခြင်းဖြစ်၏။

'တမင် ခွာလျှောက်ကြတာဗျ'

'ရှင်းအောင်ပြောပါလား'

'သူတို့နောက် နောက်ယောင်ခံမလိုက်ရလေအောင်'

'ဘာဗျ... ကိုလင်းပြောသလိုဆိုလျှင်ဖြင့် ကျွန်တော်တို့ သူတို့နောက် လိုက်လံချောင်းမြောင်းမှာကို သိနေလို့လား'

'ဟုတ်တယ်'

'နို့ဖြင့်...'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဟာ သူတို့ရဲ့ သံသယပဲ၊ ဟော… ခုလို ကျွန်တော်တို့ကလည်း သူ့ကို ပြန်တစ်ပတ်ရိုက်လိုက်တော့ သူတို့ ခံသွားရပြီလေ'

ကျွန်တော် ခုမှ ရှင်းသွားတော့၏။

လင်းမြင့်လှိုင်က တမင် ဩျာင်ဆံထုံးနောက် တိုက်ရိုက်ခြေရာခံမလိုက်လိုခြင်းပါကလား။ တစ်ဆင့် နောက်ယောင်ခံလိုက်လိုခြင်းပါကလား။

'ကိုလင်း ဘယ်လိုတွေစဉ်းစားထားတုန်း'

'သူတို့တွေ ကျွန်တော်တို့ သည်ဝါးတောဝန်းကျင်မှာရှိတာကို သိတယ်လေ၊ နို့ကြောင့် ခြေရာဖျောက်နေကြတာပေါ့၊ ဟော… ကျွန်တော်တို့က ကျားသစ်ကောင်ကိုရတော့ မီးကင်စားကြတယ်၊ ပြီး ပေါင်ချန်ထားခဲ့တယ်၊ ဒါကို သူတို့က တွက်မှာပေါ့၊ အမဲလိုက်မုဆိုးတွေပဲ၊ ရှေ့လျှောက် သားကောင်တွေ ပစ်စရာရှိတယ်လို့၊ ကျန်တာတွေထားခဲ့တာပဲဆိုပြီး ကျွန်တော်တို့တွက်အသွားမှာ ဝင်ယူသွားကြတာလေ၊ နို့ပေမင့်လို့ ဩျာင်ဆံထုံးက လူလည်ဗျ၊ သတ်ာမကင်းရှိနေသေးပုံရတော့ကာ သူတို့နောက်ယောင်ခံလိုက်မှာစိုးပြီး ခုလို တစ်ခေါက်ပြန်လှည့်သွားတာလေ၊ အကယ်၍ သူတို့ကို နောက်ယောင်ခံလိုက်တဲ့သူရှိလျှင် နောက်မှလိုက်လာတဲ့ ကျားသစ်ကောင်မီးကင်ထမ်းတဲ့ လူတွေနဲ့ သူကြားမှာ ကျွန်တော်တို့ ရောက်နေမှာလေ၊ သည်အခါ ကျွန်တော်တို့က ဩျာင်ဆံထုံးကို နောက်မှလိုက်၊ နောက်ကလူတွေက ကျွန်တော်တို့နှစ်ယောက်ကို ပြန်နောက်ယောင်ခံလိုက်ပေါ့ဗျာ၊ သူတို့နှစ်ဦးကြား ကျွန်တော်တို့ရောက်နေတာဆိုတော့ ကျွန်တော်တို့အတွက်





အချိန်မရွေး အန္တရာယ်ဖြစ်လာနိုင်တယ်လေ၊ ဟဲ… ဟဲ… ဟဲ…'

အင်း… ပိုင်လိုက်ပါပေ့ လင်းမြင့်လှိုင်ရယ်။ သို့ကြောင့်လည်း လင်းမြင့်လှိုင် နာမည်ကျော် မုဆိုးကောင်းတစ်ယောက်ဖြစ်နေတာကိုး။

'ရှင်းပြီလား'

'အင်း'

သို့သာပြောပြီး ကျွန်တော်သည် လင်းမြင့်လှိုင်နောက်ကပ်လိုက်သွားချေတော့၏။

လင်းမြင့်လှိုင်သည် ဩျာင်ဆံထုံးကို အလွတ်မပေးလိုဟန်ဖြစ်ချေ၏။

ရှေ့မှ ဂျီ(ချေ)ကောင်မီးကင်ကို ထမ်း၍လျှောက်သွားသော သူတို့သည် အလေးပင်မထားကြသော်လည်း ခြေသွက်ကြပေ၏။ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မျက်ခြည်ပြတ်မသွားအောင် ခြေလှမ်းသွက်သွက်လှမ်း၍ လိုက်သွားရချေ၏။

ဝါးတောကိုလွန်၍ မြောင်ကြပ်တစ်ခုသို့ ရောက်လာ၏။

မြောင်ကြပ်တွင်း သူတို့ဝင်သွားကြသည်တွင်…

'ကိုပိုက်ရေ… မြောင်ကြပ်ထဲဆိုတော့ သတိထားချေဗျ'

သို့ လင်းမြင့်လှိုင်က သတိပေးလေသဖြင့် ကျွန်တော့်လက်တွင်းရှိ သေနတ်ကို အရံသင့်ပစ်ခတ်နိုင်ရန်အလို့ငှာ ကိုင်ထားလိုက်၏။

'အဲလောက်ကြီးတော့ မလိုပါဘူး ကိုပိုက်ရဲ့၊ သူတို့နောက်ကို လိုက်နေတာကို မရိပ်မိအောင်လောက်ပါဗျာ၊ ဟင်း… ဟင်း… ဟင်း…'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပေသားကလား၊ ကျွန်တော် ဘာကိုများ အစိုးရိမ် လွန်နေပါလိမ့်'

'ဟီး… ဟီး… ဟီး'

ကျွန်တော် ရှက်ရက်နှင့် ရယ်လိုက်မိတော့၏။

မြောင်ကြပ်တွင်း ဝင်သွားလိုက်သည်တွင်မတော့ လင်းမြင့်လှိုင်သည် သူတို့နှင့် အတော်လှမ်းလှမ်းမှ ခွာလိုက်လေခြင်း ဖြစ်၏။

'မျက်ခြည်ပြတ်သွားလိမ့်မယ်ဗျ'

သို့ ကျွန်တော်က စိုးရိမ်စိတ်ဖြင့် ပြောလိုက်၏။

'သည်မြောင်ကြပ်အတိုင်းပဲ သူတို့သွားရမှာပါဗျာ၊ ဘေးတစ်ဖက်တစ်ချက်လည်း ကြည့်ပါဦး၊ လမ်းလွဲတက်စရာမှမရှိတာ'

လင်းမြင့်လှိုင် ပြောလေမှ သတိထားမိချေ၏။

မြောင်ကြပ်တစ်ဖက်တစ်ချက် ကမ်းပါးယံတို့သည် မတ်စောက်ကြ၏။ သည့်ပြင် ဆေးမြင်းခွာပင်နှင့် ကြက်ခြမ်းပင်တို့ ပေါက်လျက်ရှိချေ၏။ ဆေးမြင်းခွာပင်အုံတို့သည် လူတစ်ယောက် တွဲခိုရန်ဒဏ်ကို မနိုင်ပါချေ။ သို့ကြောင့် မြောင်ကြပ်အတိုင်း သွားကြရမည်သာဖြစ်၏။

တစ်ခုတော့ရှိသည်။ မြောင်ကြပ်ဆုံးလျှင်ဖြင့် အတက်လမ်းရှိနိုင်ပေ၏။ သို့မဟုတ် တစ်နေရာလောက်တွင် ရှိနိုင်ချေ၏။

ကျွန်တော်တို့သည် မြောင်ကြပ်အတွင်း ဝင်လိုက်ကြသည်တွင် ရှေ့ကလူ နောက်ယောင်ခံလိုက်သည်ဟုပင် မမှတ်ရလေအောင် အေးအေးလူလူ လျှောက်လိုက်ဝင်သွားခြင်းဖြစ်၏။

မြောင်ကြပ်တွင်း မည်သည့်သတ္တဝါကောင်နှင့်မျှ မဆုံနိုင်





လောက်သည်ကို သိထားလေခြင်းကြောင့်လည်း ဖြစ်၏။ ဘယ့်တွက်မူ ကျွန်တော်တို့ရှေ့မှ သွားနေသူ နှစ်ယောက်ရှိသည်ကိုး။ သတ္တဝါနှင့်တွေ့လျှင် ထိုလူနှစ်ယောက်နှင့်သာ ထိပ်တိုက်အလျှင် တွေ့ပေလိမ့်မည်။

ကျွန်တော်တို့ဝင်လာသော မြောင်ကြပ်သည် ရေခန်းခြောက်နေပြီဖြစ်၏။

မြောင်ကမ်းပါးယံ တောင်ကြောပေါ်တွင် ပေါက်ရောက်နေသည့် သစ်ဝါးပင်တို့၏ ရွက်ကြွေများသာလျှင် မြောင်အတွင်းရှိကြလေ၏။ သို့ပေမင့်လို့ ရွက်ခြောက်မှာ နင်းလျှောက်သံကိုတော့ဖြင့် အတတ်နိုင်ဆုံးထိန်း၍ လျှောက်ခဲ့ကြခြင်းဖြစ်၏။

သို့ဖြင့် ကျွန်တော်တို့သည် မြောင်ကြပ်အဆုံးသို့ ရောက်လုတွင် ကမ်းပါးနံရံ အတက်တိရစ္ဆာန်သွားလမ်းလေးကို တွေ့ရသဖြင့် လင်းမြင့်လှိုင်က ထိုတိရစ္ဆာန်အသွားလမ်းလေးကို စေ့စေ့ကြည့်လိုက်လေပြီး…

'သည်အပေါ် တက်သွားကြတာဗျ'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် တိရစ္ဆာန်သွားလမ်းကို ခိုတွယ်တက်သွားလေတော့၏။ ထိုတိရစ္ဆာန် အတက်လမ်းတစ်ဖက်တည်းတွင် တောလျှောက်ပင်များ ပေါက်ရောက်နေ၏။ တောလျှောက်ပင်တို့၏ အမြစ်ပြားပြားတို့သည် မြေပေါ်ပေါ်နေကြသဖြင့် လှေကားထစ်ကဲ့သို့ အသုံးပြုနိုင်ပေ၏။

သို့ဖြင့် ကျွန်တော်တို့သည် မြောင်ကြပ်ကမ်းပါးပေါ်သို့ ရောက်လာကြ၏။

အလိုလေးဗျာ… တောင်ကြောပေါ်တွင် မြက်ရိုင်းများ



www.burmeseclassic.com

www.burmeseclassic.com



သာလျှင် ရှိချေ၏။ သစ်ပင်ကြီးတို့လို ကျိုးတိုးကျဲတဲပေါက်နေသည်။ ဆားဖြူသီးပင်နှင့် မှန်ပင်၊ ကြခတ်ဝါးရုံပင်တို့လည်း ရှိချေ၏။

ခပ်လှမ်းလှမ်း ကြခတ်ဝါးရုံပင်အောက်တွင် ကျွန်တော်တို့နောက်ယောင်ခံလိုက်နေသည့် လူနှစ်ယောက် ကျားသစ်မီးကင်ကောင် ရှိနေချေ၏။ သို့ကြောင့် ကျွန်တော်တို့သည် နီးစပ်ရာ သစ်တစ်ပင်နောက် အသာကပ် ပုန်းကွယ်နေလိုက်၏။

'သူတို့သွားမယ့်ခရီးက ဝေးပုံရသဗျ'

လင်းမြင့်လှိုင်က ပြော၏။

'နို့ဖြင့် သူတို့က သတ်သတ်ထင်တယ်၊ သျှောင်ဆံထုံးနဲ့ ဘာမှပတ်သက်ပုံမပေါ်ပေလောက်ဘူးဗျ'

ကျွန်တော်က သို့ တွက်ဆပြောလိုက်၏။

'သိပ်ပတ်သက်တာပေါ့ဗျာ'

'ဟင်...' 'ဟာ...'

ကျွန်တော်တို့ ခံလိုက်ရပြီပဲ။ ကျွန်တော်တို့ ပုန်းကွယ်နေသည့် သစ်ပင်အထက်တွင် လူတစ်ယောက်ရှိချေ၏။

ထိုသူကို မြင်လိုက်သည်နှင့် လွန်မင်းစွာ အံ့ဩသွားမိ၏။

ထိုသူကို ကျွန်တော်တို့ ကောင်းကောင်းသိတာပေါ့။

မန်းကလီရှာက အရှုးဖိုးတင်အောင် ဖြစ်ချေ၏။

ကျွန်တော်သည် လက်တွင်းရှိသေနတ်ဖြင့် ကပျာကသီ လှမ်းချိန်လိုက်ပြီး...

'ဟင်... မန်းကလီရှာပါး ဖိုးတင်အောင် မဟုတ်လား၊ မင်း အပင်ပေါ်က ဆင်းလာခဲ့စမ်း၊ မင်း ရှူးချင်ယောင်မဆောင်နဲ့'





'ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဘာတဲ့ဗျ၊ ရှူးချင်ယောင်မဆောင်နဲ့တဲ့၊ ဟုတ်လား၊ ဘယ်သူရှူးချင်ယောင်ဆောင်တာတုန်း'

'မင်းလေကွာ'

'သေလိုက်'

'အောင်မယ်၊ အောင်မယ်၊ ဘာစကားပြောတာလဲ'

ဖိုးတင်အောင်ဆိုသူကို အနီးကပ် ယခုမှ မြင်ဖူးခြင်းဖြစ်၏။

မျက်လုံးမှေးမှေး၊ မျက်နှာပြဲပြဲ၊ မေးရိုးကားကားဖြစ်၏။ ကရင်တစ်ယောက် မျက်နှာမျိုး။ သို့ပေမင့် မြန်မာတစ်ယောက်သာလျှင် ဖြစ်ဖို့များချေ၏။

ဖိုးတင့်အောင်သည် အပင်ပေါ်မှ ဆင်းလာချေပြီ...

'သျှောင်ကြီးဖွေကို တွေ့ချင်လား'

'ဟင်...' 'အာ...'

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် တစ်ယောက်မျက်နှာတစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်လိုက်ကြ၏။ ကျွန်တော်တို့ သျှောင်ကြီးဖွေနောက် လိုက်လာခြင်းကို သိနေလို့များလေလား။

သို့ကြောင့်...

'ဘယ်ကသျှောင်ကြီးဖွေတုန်း'

လင်းမြင့်လှိုင်က သို့ ပြောလိုက်၏။

'လုပ်မနေစမ်းပါနဲ့၊ သျှောင်ကြီးဖွေနောက် လိုက်လာကြတာပါဗျာ၊ သွားစမ်းပါ၊ ကျုပ် ခင်ဗျားတို့ထင်သလို မရှူးဘူးဗျ ကျုပ်လည်း သျှောင်ကြီးဖွေနောက် လိုက်နေတာ'



www.burmeseclassic.com

www.burmeseclassic.com



‘ဟင်…’

ဘယ်လိုကြောင့်များပါလိမ့်။ သို့ကြောင့်…

‘မင်းနဲ့ သျှောင်ကြီးဖွေ ဘယ်လိုပတ်သက်လို့တုန်း’

‘ကျုပ်သူငယ်ချင်း စောပန်းအောင်ကိုသတ်တာ သျှောင်ကြီးဖွေ’

‘ဟော…’ ‘ဟင်…’

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဖိုးတင်အောင်ကို စေ့စေ့ကြည့်လိုက်ကြ၏။ သူ ဘယ်လောက်သိနေတာပါလိမ့်။

‘နို့ နေပါဦး၊ ငါတို့ သျှောင်ကြီးဖွေနောက် လိုက်တယ်ဆိုတာ ဘယ်လိုသိတုန်း’

‘ဟင်း… ဟင်း… ခင်ဗျားတို့ မုဆိုးလုပ်မနေကြပါနဲ့တော့ဗျာ၊ အင်မတန် ညံ့ဖျင်းကြတာကလား’

‘ဘာ… ဘယ်လိုပြောလိုက်တယ်’

ကျွန်တော်က ဒေါသထွက်ပြောလိုက်၏။

‘သည်လိုပဲ ပြောလိုက်တယ်လေ၊ အရှိအရှိအတိုင်း အသိအသိအတိုင်း ပြောတော့လည်း လူတွေက မကြိုက်ကြဘူး’

သို့ သူပြောလိုက်ချိန်တွင် လင်းမြင့်လှိုင်က ကျွန်တော့်ကို ဘာမှမပြောရန် လက်ကုပ်လာချေသဖြင့် ကျွန်တော် ဆိတ်ဆိတ်နေလိုက်တော့၏။

မန်းကလီကို ရောက်လာကြကတည်းက တစ်ရွာလုံးသိတယ်၊ ခင်ဗျားတို့ကို သူကြီးက အကူအညီတောင်းခေါ်လာကြတယ်ဆိုတာ၊ ရွာထဲမလဲ သူကြီးရွာသားချည်း မဟုတ်ဘူးလေ၊ ဟဲ… ဟဲ… ဒါကို သဘောပေါက်-





‘ရှင်းအောင်ပြောလေကွာ’

ကျွန်တော်က အမှန်ဝန်ခံမေးလိုက်ခြင်းဖြစ်၏။

‘ဟ… သူကြီးဆိုတိုင်း ရွာသားတွေက သူ့စကားနားထောင်ရမယ်လို့ တွက်ထားလို့မရဘူးလေ၊ လိုသူရှိသလို မလိုသူရှိတယ်၊ ဒါ သဘာဝပေပဲဗျ’

ဖိုးတင်အောင်ကတော့ အလာကြီးပါကလား။

သို့ပေမင့်…

‘အေးလေ… နို့ပေမင့်လို့ မင်း အစက ဘာပြောချင်တာတုန်း’

သူကြည့်ရသည်မှာ သူ့ကို ဖိုးလှိုင်ညွှန့်တို့ပြောသလို စိတ်မူမမှန်ပုံ တွေ့ရသည်ကြောင့် သို့ ကျွန်တော်က မေးလိုက်၏။ သည်တွင် သူက တစ်ချက်စဉ်းစားဟန်ပြုလေပြီး…

‘ဆရာတို့နှစ်ယောက်ကို ကျွန်တော် အမှန်အတိုင်းပြောမယ်နော်’

‘ပြောပါ’

‘ဆရာတို့ သည်လာတဲ့ အစက အကြောင်းရင်းက ကျွန်တော့်သူငယ်ချင်း ‘စောပန်းအောင်’ သေတဲ့ကိစ္စမဟုတ်လား’

‘ဟုတ်တယ်လေ… နို့ဖြင့် မေးပါရစေဦး၊ ကြားဖြတ်ပေါ့လေ’

‘အေးပေါ့ဗျာ… သိတာဆို မချွင်းမချန်ပြောမယ်’

‘ဟုတ်ပြီ… စောပန်းအောင် သေရတာ သွေးရိုးသားရိုးသေတာ ဟုတ်ရဲ့လား’

သို့ဆိုသလို လင်းမြင့်လှိုင်က ကျွန်တော့်ကို မျက်စိမှိတ်၍ သူ့ကို မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သည်တွင် ဖိုးတင်အောင်က နှုတ်ခမ်းလေးကို ရွဲ့ပြုံးလိုက်ချေပြီး…

'ကျုပ် အမှန်အတိုင်းပြောမယ်၊ စောပန်းအောင် သေရတာ လူသတ်ခံရတာပဲ'

သို့ သူပြောလိုက်သည်တွင် လင်းမြင့်လှိုင်တစ်ယောက် မျက်လုံးမြင့်တက်သွားချေပြီ။

'မင်း ဘယ်လိုလုပ်သိလဲ'

'အရှင်းကြီးပါဗျာ၊ လည်ပင်းညှစ်သတ်ခံရတာ၊ ဟင်း… ဟင်း…'

သို့ သူပြောလေသည်တွင် လင်းမြင့်လှိုင်သည် ပြုံးလိုက်ပြန်ကာ…

'လည်ပင်းမှာ အညိုရစ်ကြီး မြင်ရတယ်လေ'

'ဒါဆို မင်းက ဘာလို့ သူကြီးကို မပြောတာတုန်း၊ သူကြီးကလည်း သေသေချာချာ မစုံစမ်းဘဲနဲ့ ချွေးရိုးသားရိုး သေတယ်ဆိုပြီး မြေမြှုပ်လိုက်ရသတဲ့လားကွာ'

လင်းမြင့်လှိုင် သို့ပြောပြီး သူ့မျက်နှာကို တစေ့တစောင်း အကဲခတ်ကြည့်နေလိုက်ပြန်၏။

'ကျုပ်ပြောသေးတယ်ဗျ၊ သူကြီးက လက်မခံဘူး'

သူပြောသည်မှာ ဟုတ်မဟုတ်တော့ မသိ။ သူ့မျက်နှာ တစ်ချက်တော့ ပျက်သွား၏။

ထိုသည်ကို ကျွန်တော် ရိပ်မိသလို လင်းမြင့်လှိုင်လည်း ရိပ်မိပုံပေါ်ချေ၏။

သို့ပေမင့်လို့ လင်းမြင့်လှိုင်က…





'အေးကွာ… သည်လိုမှန်းသိ အဲဒီအလောင်းကို ငါတို့ ပြန်ဖော်ကြည့်ခဲ့ပါရဲ့'

လို့ ခပ်တည်တည်နှင့်ပြောကာ သူ့ကို စေ့စေ့ကြည့်လိုက်ပြန်၏။ သည်တွင် သူသည် ကျေနပ်ပြုံး ပြုံးလိုက်၏။ ပြီး…

'ကျုပ်လည်း ဆရာတို့ကို ကူညီနိုင်တာရှိတယ်'

'ဘာ… ဘယ်လို'

သူ့စကားကြောင့် ကျွန်တော်တို့နှစ်ယောက်လုံး အံ့အား သင့်သွားရချေ၏။

'ဟုတ်တယ်… ခု ကျုပ်သူငယ်ချင်းအတွက် ကျုပ် လက်စားချေချင်လို့ ရွာမှာ ရှူးဟန်ဆောင်ပြီး သည်တောထဲလိုက် လာတာ'

'ဟင်… သည်တောထဲ လိုက်လာတာဆိုတော့ မင်း ပြောပုံက ငါတို့ကို ခြေရာခံလိုက်လာတဲ့သဘောပေါ့'

လင်းမြင့်လှိုင်က ဒွဲမေးလိုက်ချေ၏။

'အမှန်ပြောရလျှင် သူကြီးကိုပြောလျှင် သူကြီးက ကျုပ် စကားကို ယုံမယ်မဟုတ်ဘူး၊ ကျုပ်တစ်ယောက်တည်းနဲ့လည်း တရားခံကို ဖမ်းဖို့ဆိုတာ မလွယ်ဘူး'

'ဘာလို့တုန်း'

'တရားခံဘယ်သူလဲဆိုတာ သိရပေမင့် အဲဒီ တရားခံက လက်ရဲဇက်ရဲရှိတာကလား၊ ကျုပ်တစ်ယောက်တည်းနဲ့ နိုင်မယ် မဟုတ်ဘူး၊ သည်တော့ ဆရာလေးတို့ကလည်း တရားခံလာရှာတာ ဆိုတော့ ကျုပ် ဆရာလေးတို့နဲ့ ပူးပေါင်းလို့ရတဲ့ သဘောပေါ့'

'ဟေ…'



www.burmeseclassic.com

www.burmeseclassic.com



အံ့ဖွယ်ပင်ကောင်းသေးတော့၏။ တရားခံ ဘယ်သူဆိုတာ အထွေအထူး စုံစမ်းစရာမလိုပေဘူးပေါ့။ တရားခံသိသူနှင့်ဆုံလေပြီပဲ။

'နို့ဖြင့် ပြောကြည့်လေ'

ကျွန်တော်က အကဲခတ်မေးလိုက်၏။

'သျှောင်ကြီးဖွေ'

'ဟေ…' 'ဟင်…'

ကျွန်တော်တို့ သျှောင်ကြီးဖွေကို ခြေရာခံလိုက်မည်သိ၍ ပြေးလေခြင်းများလား။ မည်သို့ပင်ဆိုစေ သူနှင့် ပတ်သက်၍ ကျွန်တော်တို့ သျှောင်ကြီးဖွေရှိရာ လွယ်လင့်တကူရောက်နိုင်တော့မည် သိလေသဖြင့်…

'နို့… ပြောပါဦး၊ သျှောင်ကြီးဖွေက ဘယ်မှာနေတုန်း'

ကျွန်တော်က မေးလိုက်၏။

'ကျုပ်ပြောတာလည်း မယုံနဲ့ဦး၊ သက်သေသာဓကနဲ့ ပြပြီးလေမှ ကျုပ်စကားယုံ'

အလို… တယ်ဟုတ်ပါကလား။

'ကဲ… ပြောကြည့်ပါဦး'

'ပြောတာထက် လက်တွေ့ပြဖို့ကောင်းသပေါ့'

သည်တော့…

'လာကြချေ'

သို့ဆိုလျက် ဖိုးတင်အောင်သည် သူ၏လက်ဝါးအစုံကို အပေါ်သို့ မြှောက်လိုက်လေ၏။ ကျွန်တော် သဘောပေါက်သွားသည်ကြောင့် လက်နှစ်ဖက်ကို သူ့လို မိုးပေါ်မြှောက်လိုက်လေ၏။





လက်ဝါးချင်းရိုက်ခတ်လိုက်တော့၏။

'ဖြောင်း…'

ပြီးပြီဆိုပေမင့်လို့ သူကစပြီး လင်းမြင့်လှိုင်ဘက် လှည့်သွားပြန်သဖြင့် လင်းမြင့်လှိုင်သည်လည်း သူနှင့် လက်ဝါးချင်းရိုက်ခတ်လိုက်တော့၏။

'ဖြောင်း…'

'သူတို့နေတာ ဝေးတော့ဝေးသေးတယ်'

သူက ပြော၏။

'ဟုတ်ပြီ… ဘယ်မတုန်း ဘယ်လောက်ဝေးတုန်း'

'မျောက်ရွာသွားမယ်'

'ဟင်… မျောက်ရွာလား၊ နောက်မယ်ကျွန်ခဲ့ပြီမဟုတ်လား'

ကျွန်တော်က ပြောလိုက်၏။

ဖိုးတင်အောင်က ကျွန်တော့်ကို ပြုံးပြလာချေပြီး…

'ဆရာက မျောက်အုပ်တွေ့ခဲ့တဲ့နေရာက မျောက်ရွာမဟုတ်သေးဘူး၊ သွားလာနေတဲ့ မျောက်အုပ်နဲ့တွေ့ခဲ့တာ မျောက်ရွာဆိုတာ သည်မြောင်အတိုင်း တည့်တည့်ဆက်သွားရဦးမှာ'

သို့ဆိုသလို ဖိုးတင်အောင်က ကျွန်တော်တို့နှင့်မှ ဒလွယ်ခုတ်လောက်ရှိ နေရာကို လက်ညှိုးညွှန်ပြပြောလေသဖြင့်…

'အဲဒီနေရာမယ် မြောင်ရှိလား'

ကျွန်တော်က မေးလိုက်၏။

'ရှိပါ့'

သို့ဆိုလျက် ဖိုးတင်အောင်သည် သူညွှန်ပြသည့်နေရာသို့ သူဦးဆောင်၍သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို လင်းမြင့်လှိုင်က မျက်ရိပ်ပြ သူ့နောက် လိုက်သွားလေတော့၏။

'နို့ကြောင့်ပေပဲပေါ့'

အလိုလေးဗျာ… ဟုတ်ပါ့။ ကျွန်တော်တို့သည် မြောင်းစပ်တွင် ချုံပုတ်နွယ်ပင်တို့ ကာဆီးနေလေဖြင့် မမြင်ရလေခြင်းပါကလား။

မြောင်းသည် သဲမြောင်းဖြစ်ချေ၏။

မြောင်းသည် အတန်အသင့်ကျယ်လေ၏။

မြောင်းသည် ရေစပ်စပ်ရှိချေ၏။

'ဟင်…'

မြောင်းတွင်း ဆင်းလိုက်သည်နှင့် လူခြေရာတို့ကို တွေ့လေသဖြင့် ကျွန်တော်က လင်းမြင့်လှိုင်ကို မေးငေါ့ပြလိုက်၏။

'သည်ခြေရာတွေက သျှောင်ကြီးဖွေတို့အဖွဲ့ ခြေရာတွေပဲ'

ဖိုးတင်အောင် ကြည့်ရသည်မှာ သျှောင်ကြီးဖွေတို့နေရာ ရောက်ခဲ့ပြီးဖြစ်ချိမ့်မည်။ သူပြောပုံအရ အမှန်ချည်းဖြစ်နိုင်၏။

သူတစ်ယောက်တည်း သျှောင်ကြီးဖွေတို့အုပ်စုကို မယှဉ်နိုင်၍ ကျွန်တော်တို့နှင့် ပူးပေါင်းလာခြင်းဖြစ်မည်။

သူငယ်ချင်းဖြစ်သူ စောပန်းအောင်အတွက် ကလဲ့စားချေလိုသည်မှာ ဖြစ်နိုင်ပေ၏။

'မင်းနဲ့ စောပန်းအောင် ဘယ်လိုဖြစ်ကြတာတုန်း၊ နောက်ဆုံးအခြေအနေကော ပြောမပြနိုင်ပေဘူးလား'

လင်းမြင့်လှိုင်က မေးလိုက်၏။

သည်တွင် ဖိုးတင်အောင်က…





'ဒါတွေ နောက်တော့ အလျှဉ်းသင့်ပြောကြတာပေါ့၊ ခုတော့ သျှောင်ကြီးဖွေတို့ စခန်းသွားကြစို့'

'နို့ဖြင့်လဲ့ည်း သွားရင်းလာရင်း ပြောပါလား'

ကျွန်တော်က ပြောလိုက်၏။

သည်တွင် ဖိုးတင်အောင်က ကျွန်တော့်ကို စိန်းစိန်းကြည့်လာချေပြီး…

'သျှောင်ကြီးဖွေကို ဖမ်းချင်လား၊ ကျုပ်နဲ့ ပန်းအောင်အကြောင်းကို သိချင်လား'

'အေး… မင်းနဲ့ ဟိုကောင့်အကြောင်းပဲ သိချင်တယ်'

ကျွန်တော်က ပြောလိုက်၏။ ဘယ့်နှယ့်ဗျာ… သျှောင်ကြီးဖွေက ပန်းအောင်ကို သတ်ပါတယ်ဆိုတာ သူ့အပြောလေ၊ ဟုတ်ချင်မှဟုတ်မှာ၊ တကယ်လို့ သူက ချွန်တွန်းလုပ်တာကော မဖြစ်နိုင်ပေဘူးလား။

'ဟုတ်ပြီလေ၊ ကျုပ်နဲ့ ပန်းအောင်အကြောင်း ပြောပြီးလေမှ သျှောင်ကြီးဖွေနေရာ ပြောပါဆိုလို့ကတော့ မပြောနိုင်ဘူး၊ ဟောဟိုရှေ့က ကညင်ပင်ကြီးအောက်မယ် ထိုင်နားကြမယ်၊ ကျုပ်ပြောပြမယ်'

သို့ ပြောလည်းပြော။ သူသည် မြောင်းအတိုင်း လျှောက်သွားလေပြီး ခပ်လှမ်းလှမ်းမြောင်းစပ်ရှိ ကညင်ပင်ကြီးအောက်သို့ သွားလေ၏။ သည်တွင် လင်းမြင့်လှိုင်က…

'ဖိုးတင်အောင်ရာ ကိုပိုက်ကို ဗွေမယူပါနဲ့၊ ငါက မင်းစကားယုံတယ်ကွ၊ သျှောင်ကြီးဖွေတို့စခန်းပဲ သွားမယ်၊ အရေးကြီးတာ လူသတ်တရားခံမိဖို့ပဲ၊ မင်းနဲ့ ပန်းအောင်အကြောင်းသိရလို့



www.burmeseclassic.com

www.burmeseclassic.com



က ဘာအကြောင်းထူးမှာလဲ၊ ဟုတ်ဘူးလား'

သို့ လင်းမြင့်လှိုင်က ပြောလေသည်တွင် သူသည် ကျွန်တော့်ကို မကျေမနပ် မျက်စောင်းခဲကြည့်လာချေပြီး…

'ဘယ်လိုလဲ' မေးလေ၏။

ကျွန်တော် လင်းမြင့်လှိုင်ကိုကြည့်လိုက်၏။ လင်းမြင့်လှိုင်က နှုတ်ခမ်းလေး ရွဲ့ပြ၏။ ကျွန်တော် သဘောပေါက်လိုက်လေပြီ ဖြစ်သည်ကြောင့်…

'အင်းလေ… ငါ မင်းနဲ့ စောပန်းအောင်အကြောင်း မသိချင်တော့ဘူး၊ သျှောင်ကြီးဖွေကိုပဲ တွေ့ချင်တယ်'လို့ ပြောလိုက်ရချေ၏။

သည်တွင် ဖိုးတင်အောင်သည် ပါးစပ်နှုတ်ခမ်းစောင်းလေး ရွဲ့ရုံပြုံးပြလာချေပြီး…

'ကျုပ်နောက် စကားမပြောဘဲ လိုက်ခဲ့ကြချေ'ဆိုလေသဖြင့် လင်းမြင့်လှိုင်ကို ကျွန်တော် ကြည့်လိုက်၏။

ဖိုးတင်အောင်ပုံစံကို ကျွန်တော် လုံးဝ သဘောမကျပါချေ။ လင်းမြင့်လှိုင်ကြောင့် သည်းညည်းခံနေရခြင်းဖြစ်၏။

လင်းမြင့်လှိုင်က ပြုံးပြလာ၏။ သူ့အပြုံးကို ကျွန်တော် သဘော ပေါက်သောကြောင့် ခေါင်းကို ညင်သာစွာခါယမ်းလိုက်တော့၏။ သို့ပေမင့်လို့ လင်းမြင့်လှိုင်နှင့်အတူ ဖိုးတင်အောင်နောက် လိုက်သွားလေတော့၏။

'သျှောင်ကြီးဖွေက တောင်ထွက်ဗျ၊ လူသတ်မှုသုံးမှုလောက်နဲ့ ထောင်ထဲဝင်ရတာ၊ ထောင်ကလွတ်တာ မကြာသေးဘူး၊ သူက အင်မတန် ကြောက်စရာကောင်းတာကလား၊ ဗလ





အားကိုးအပြင် ဓားပစ်သိပ်ကောင်းတယ်'

ကျွန်တော်တို့ကို စကားမပြောနှင့်ဆိုကာ သူ့ကျ တတွတ်တွတ်ပြောနေလေတော့၏။ ဘာသဘောလဲ။

သူပြောသည့် သျှောင်ကြီးဖွေကို ကျွန်တော်တို့ မြင်ခဲ့ပြီ ဖြစ်၍ သူပြောလာသည်ကိုလည်း လက်ခံရချေ၏။

'ပါးရည်နပ်ရည်လည်းရှိတယ်၊ ဆရာလေးတို့ လွယ်လွယ်နဲ့ သူ့ကို ယှဉ်နိုင်လိမ့်မယ်မထင်ဘူး'

'ဘာ…'

ကျွန်တော်က မကျေမနပ် ဖြစ်လိုက်လေခြင်းကြောင့် သို့ အသံကျယ်ကျယ်ပြောလိုက်၏။ သည်တွင် ဖိုးတင်အောင်က လှည့်ကြည့်လေပြီး ပြုံးတွေ့တွေ့လုပ်လိုက်ကာ…

'ဘာတွေ ညာတွေ လုပ်မနေနဲ့'

'ကျုပ်ပြောတာ နားထောင်ချေ'

လင်းမြင့်လှိုင်ကလည်း ကျွန်တော့်ကို အသာလက်ကုပ်လေသဖြင့် ဆိတ်ဆိတ်နေလိုက်ရပြန်၏။

'ကျုပ်နဲ့ ပန်းအောင် မန်းကလိဝါးတောလေးထဲ ရောက်တော့လေ ဘာတွေ့တယ်မှတ်လဲ'

သို့ သူက စကားစချီပြောလေသဖြင့်…

'ဘယ်သိမှာတုန်း၊ မင်းပြောမှ သိမှာပေါ့'လို့ ခပ်ထန်ထန် ပြောလိုက်၏။

'ဒါပေါ့ဗျာ… နို့ကြောင့် ကျုပ်ပြောတာပဲ နားထောင်ကြစမ်းပါ'

'ဟုတ်ပါပြီဗျာ၊ ပြောမှာပြောစမ်းပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဪ… ကျုပ်နဲ့ ပန်းအောင် မန်းကလိဝါးတောထဲ ရောက်တော့လေ ဝါးခုတ်နေတဲ့သူတွေတွေ့တယ်'

'ဘာကွ… မင်းက ငါတို့ကို နောက်စရာလား၊ ဝါးတောမှာ ဝါးခုတ်သူတွေတွေ့တာ ဘာဆန်းလို့တုန်း'

ဖိုးတင်အောင်ကို ကျွန်တော် လုံးဝ ကြည့်မရဖြစ်သွားရချေ၏။ ဘယ့်နှယ် ဝါးတောထဲ ဝါးခုတ်သူတွေတွေ့တော့လည်း ရေးကြီးခွင်ကျယ် ပြောရတယ်လို့။

'ဟင်း… ဟင်း… ဟင်း… ခင်ဗျားကလေ စကားကို ဆုံးအောင်နားမထောင်ဘူး၊ ကျုပ်ကို အပြစ်ပြောဖို့ပဲ၊ အပြစ်မြင်ဖို့ပဲသိတယ်၊ သည်မယ် ဆရာလေး၊ မန်းကလိဝါးတောမှာ အိကြာကွေးတို့ သေသွားပြီးကတည်းက ဘယ်သူမှ ဝါးတက်မခုတ်ရဲကြဘူးဆိုတာ သူကြီးက ပြောမပြလိုက်ဘူးလား၊ သည်တော့ မန်းကလိဝါးတောမှာ ဝါးခုတ်သူတွေ့တာ ဆန်းတာပေါ့ဗျ'

'ဟုတ်တာပေါ့ ကိုပိုက်ရဲ့'

လင်းမြင့်လှိုင်က သို့ပြောပြီး ကျွန်တော့်ကို မျက်စိမှိတ်ပြလာ၏။ သို့ကြောင့် သူ့ကို မကျေမနပ်ဖြစ်ငြား ငြိမ်နေလိုက်ရပြန်၏။

'အဲဒီ ဝါးခုတ်သူတွေက ကျုပ်တို့ကိုမြင်တော့ ပြေးတယ်ဗျာ'

'ဘာလို့တုန်း'

လင်းမြင့်လှိုင်က မေးလိုက်၏။

'အစကတော့ သိဘူးပေါ့ဗျာ၊ ဘာလို့ ထွက်ပြေးတာတုန်းပေါ့၊ ကျုပ်တို့နှစ်ယောက်ကလည်း ထွက်ပြေးသွားတဲ့ ဝါးခုတ်





သမားတွေကိုကြည့်ပြီး ဘယ်လိုဖြစ်သလဲပေါ့'

'သည်ကောင်တွေမှာ လျှို့ဝှက်ချက်ရှိမယ်၊ လိုက်ကြမယ်ကွာလို့ စောပန်းအောင်က ပြောလာတယ်၊ ဒါနဲ့ ကျုပ်တို့လည်း သူတို့နောက် လိုက်သွားကြတာပေါ့၊ ခပ်လှမ်းလှမ်းရောက်တော့ အဲဒီလူစုကို တွေ့တယ်ဗျာ'

'တွေ့တော့'

'တွေ့တော့ သူတို့က ကျုပ်တို့နှစ်ယောက်ကို ပြူးကြည့်လာကြပြီး လယ်ထဲက ဓားတွေနဲ့ မပြောမဆို ဝင်ခုတ်တော့တာပဲဗျ၊ ကျုပ်တို့ကလည်း ထင်မထားဘူးလေ၊ အများနဲ့နှစ်ယောက်ဆိုတော့ နောက်ပြန်လှည့်ပြေးခဲ့ကြရတာပေါ့ဗျာ'

'သည်တော့ ခင်ဗျားကလွတ်ပြီး စောပန်းအောင်က သူတို့ဝိုင်းခုတ်ကြတာ ခံလိုက်ရတယ်ပေါ့'

သို့ ကျွန်တော်က ဝင်ပြောလိုက်သည်တွင် ဖိုးတင်အောင်သည် ကျွန်တော့်ကို အထင်သေးစွာ ကြည့်လာချေပြီး…

'ခင်ဗျားက ငတုံးပဲဗျ'

'ဘာကွ…' ကျွန်တော်က ဒေါသထွက်ပြောလိုက်၏။

'ငတုံးမို့ ငတုံးလို့ ပြောတာ နာသလား'

'တောက်… သည်ကောင်တော့လား'

'ကိုပိုက်ရယ် ဒေါသထိန်းပါဗျာ'

လင်းမြင့်လှိုင်က ကြားဝင်တောင်းပန်သဖြင့် ငြိမ်နေလိုက်ရပြန်၏။

'ဆရာ့လူကို ဆရာသာ ထိန်းပါဗျာ၊ ကျုပ်က အမှန်ပြောတတ်လွန်းလို့ သူက မကျေမနပ်ဖြစ်နေတာ'



www.burmeseclassic.com

www.burmeseclassic.com



ပြောလေကဲလေ ဆိုသလိုပင် လင်းမြင့်လှိုင်က ဟန့်ဟန့်နေခြင်းကို အခွင့်ကောင်းယူ၍ ကျွန်တော့်ကို မခံချိမခံသာ ပြောနေခြင်းဖြစ်၏။

'ကဲ … ဆက်ပြောစမ်းပါ'

'ပြောမယ်၊ နို့ပေမင့်လို့ ဟိုဆရာလေးကို ပြောချင်တဲ့စကား ဆက်ပြောရဦးမယ်'

'နို့ဖြင့်လည်း ပြောစရာရှိ ပြောလိုက်လေ'

'ခင်ဗျားကို ကျုပ်က တော်းလို့ပြောရတာ၊ ခင်ဗျားပြောသလို ဓားနဲ့ပြေးခုတ်သူတွေရဲ့ လက်ချက်နဲ့ ပန်းအောင်သေမှဖြင့် သူ့တစ်ကိုယ်လုံး ဓားဒဏ်ရာတွေ့ရမှာပေါ့ဗျာ'

အလိုလေးဗျာ … ဟုတ်ပါ့။ ကျွန်တော် အမှတ်တမဲ့ ပြောလိုက်သည့်စကားအတွက် ကျွန်တော် ရှက်မိချေ၏။

'သူကြီးကို မေးကြည့်ကြဗျာ၊ သူ့အလောင်းမယ် ဘာဒဏ်ရာမှ မရှိဘူးလို့တောင် သူကြီးတို့က ထင်ကြတာ'

သူပြောတာလည်း ဟုတ်ချေ၏။ ကျွန်တော်တို့ စောပန်းအောင်အလောင်းကို ပြန်ဖော်ကြည့်ခဲ့ပြီးပြီပဲ။ နို့ကြောင့် သူပြောသည့်စကားကိုသာ နားစွင့်နေလိုက်တော့၏။

'နို့ဖြင့် မင်း အဖြစ်မှန်သိမပေါ့၊ ပြောစမ်းကွာ'

သို့ လင်းမြင့်လှိုင်က ပြောလိုက်သည်တွင် …

✢ ✢ ✢

ဖိုးတင်အောင်နှင့် စောပန်းအောင်သည် မန်းကလိဝါးတောအနီး ရောက်ကြသည်တွင် သူတို့ခုတ်ကွက်သည် အီကြာကွေးတို့





သေခံုးရသည့် ခုတ်ကွက်ကိုကျော်၍သွားကြ၏။ စခန်းချကြသည့်ကတော့ သူတို့ခုတ်ကွက်နှင့် သူတို့ ညအိပ်စခန်းကြားတွင်မတော့ အီကြာကွေးတို့ ကြီးစိုးနေသည်ဟု ထင်ကြပေသည့် ဝါးခုတ်ကွက်ရှိချေ၏။

တစ်နေ့ ဝါးခုတ်ကွက်တွင် သူနှင့် စောပန်းအောင် ဝါးခုတ်ပြီးအပြန် စောပန်းအောင်က အီကြာကွေးတို့ ကြီးစိုးသည့် ဝါးခုတ်ကွက်အတွင်း ငှက်အိပ်တန်းပစ်ရန် ပြောလေသဖြင့် သူက –

'ငါ နေခဲ့မယ်ကွာ၊ ငါ့သဘောနဲ့ ငါနေမယ်၊ ဘာဖြစ်လဲ၊ မင်း ငါနဲ့နေချင်နေ၊ မနေချင် ပြန်တော့'

သို့ဆိုလျက် အတင်းနေခဲ့၏။ သည်တော့ ဖိုးတင်အောင်တစ်ယောက်တည်း စခန်းသို့ ပြန်ခဲ့ချေ၏။ သို့ပေမင့်လို့ လမ်းတစ်ဝက်ရောက်သည်တွင် 'မဖြစ်ချေပြီ၊ သူတို့က ငယ်သူငယ်ချင်းတွေပဲ၊ ဆိုးတူကောင်းဖက်တွေပဲ၊ သူတစ်ယောက်တည်းတော့ မဖြစ်တော့ချေပြီ'တွက်လျက် စောပန်းအောင် ကျန်ရစ်ခဲ့သည့် 'အီကြာကွေး'တို့ခုတ်ကွက်သို့ ပြန်ခဲ့ချေ၏။ သူက ဝါးခုတ်ကွက်အစပ်မှ အတွင်းဝင်လိုက်သည်နှင့် ကြက်သီးများထသွားတော့၏။ အလိုလိုနေရင်း အီကြာကွေးတို့ကို သတိရလိုက်သဖြင့် လွန်မင်းစွာ ထိတ်လန့်သွားချေ၏။ သို့ပေမင့် သည်ဝါးတောအတွင်း သူတစ်ယောက်တည်းသာလျှင် မဟုတ်။ စောပန်းအောင် ရှိနေပါကလားအသိကြောင့် အနည်းငယ်တော့ဖြင့် သတ္တိရှိနေချေ၏။

'ပန်းအောင် … ပန်းအောင်'

'ဝူး … ဝူး … ဝူဝူ'

ဝါးတောအတွင်း ဝင်လိုက်သည်နှင့် သို့ဆိုသလို ချက်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရှာလေ၏။ သို့ရှာရင်းမှ နေအတော်ကျလာချေပြီဖြစ်၏။ ခုတိုင် စောပန်းအောင်နှင့်လည်း မတွေ့သေး။ မှောင်လာချေပြီ။ စခန်းပြန်ဖို့ရာ၌လည်း အချိန်မရှိချေ။ သို့ပြင် ဝါးတောအတွင်းရှိနေသည့် စောပန်းအောင်ကိုလည်း မတွေ့လေပါလျှင် အီကြာကွေးတို့ ကြီးစိုးသော ဤဝါးတောအတွင်း သူသည် တစ်ယောက်တည်း အထီးကျန်နေရပေရှာမည် မဟုတ်ပါကလား။ သို့ကြောင့် ဖိုးတင်အောင်သည် ဝါးတောအတွင်း ခြေသွက်သွက်လှမ်း 'ပန်းအောင်ရေ… ပန်းအောင်ရေ… ပန်းအောင်ရယ်လို့' နာမည်တပ် အော်ဟစ်ခေါ်လေ၏။ မည်သည့်တုံ့ပြန်မှုမျှ မရှိချေ။

မှောင်စပြင် ပျိုးလေပြီ။

သို့ ဝါးတောအတွင်း မပြေးရုံတမယ် ခြေသွက်သွက်လှမ်းထွက်နေသည့်ကြားမှ ဝါးပင်ပျိုတို့နား ရောက်သည်တွင်…

'ဟင်…'

ဝါးပင်ပျိုတို့အစပ် အတွင်းကျကျနေရာလောက်တွင် ငှက်ချေးပုံတို့ တွေ့လေသဖြင့် စောပန်းအောင်သည် ငှက်အိပ်တန်းလာသည်လေလား သိလိုသဖြင့် ထိုငှက်ချေးပုံတို့နား အလေးဂရုစိုက် ကြည့်နေလေ၏။

'ဟာ… ဟုတ်ပြီ၊ ခြေရာတွေ့ပြီ'

'ဟင်…'

လေးခွလည်းတွေ့၏။ သို့ဆိုလျှင်ဖြင့် စောပန်းအောင်သည်ရောက်နေပြီ။ သူ ရင်ထိတ်သွား၏။

စောပန်းအောင်စော့ တစ်ခုခုဖြစ်လေပြီလား။ သို့ဆိုလျှင် သူ သည်နေရာတွင် ကြာကြာနေ၍ မဖြစ်ချေတော့ပြီ။





သူ ထိုနေရာလေးမှ ထွက်ခွာရန် လှည့်လိုက်၏။

'အား…'

သူ ထိတ်လန့်သွား၏။ သူ့ရှေ့တွင် စောပန်းအောင် မားမားကြီးရပ်နေလေ၏။

'မင်းကွာ… ငါဖြင့် လန့်သွားတာပဲ'

စောပန်းအောင်ကို တွေ့လိုက်လေမှ ဖိုးတင်အောင် စိတ်အေးသွားရ၏။

'ငါ သည်နေရာမှာ ငှက်ပစ်မယ်ဆိုပေမင့် သည်အိပ်တန်းက ငှက်သိပ်များပုံမပေါ်ဘူးကွ၊ ဟောဟို ချောင်းဘက်က ဝါးတောအောက်မယ်နေတဲ့ ငှက်ချေးပုံတွေက အများကြီးကွ၊ အဲဒီ သွားပစ်မယ်ဆိုပြီး သွားတာ၊ ငါ့လေးခွ ကျန်ခဲ့မှန်းသိလို့ လာပြန်ယူတာ၊ မင်းကွာ ဘာလို့ ငါ့နာမည်တကြော်ကြော် အော်နေရတာတုန်း။ ကျတ်တွေသိသွားမှဖြင့် ငါ့ကို ကျတ်တွေ ကိုင်နေကြပါဦးမယ်'

(တောတောင်ထဲတွင် အယူရှိကြ၏။ တစ်ယောက်ကိုတစ်ယောက် လူချင်းမဆုံ၍ နာမည်ခေါ်ခြင်း မပြုကြရချေ။ ဥုး… ဖူး… အဂူး…လို့သာ အချက်ပေးခေါ်ကြခြင်းသာ ဖြစ်ကြရ၏။ သူတို့နားမှာ ခေါ်ကြလျှင် ကျတ်တို့က လိုက်ခေါ်ကြပါလျှင် ထိုအခေါ်ခံရသောသူ သေဆုံးတတ်၏ဟု အစွဲရှိကြခြင်းကြောင့် ဖြစ်ချေ၏။)

'ငါ ဒါတွေမယုံပါဘူးကွာ'

ဖိုးတင်အောင်က ပြောလေ၏။

'ကဲ… လာ၊ ဟိုရှေ့ဝါးတောမယ်ရှိတဲ့ ငှက်အိပ်တန်းကို သွားကြမယ်'



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် သူတို့နှစ်ယောက် ထွက်သွားကြ၏။

'သည့်နောက် မင်းတို့ သျှောင်ကြီးဖွေတို့နဲ့ တိုးတယ်ပေါ့'

'ဟုတ်တယ်'

'သူတို့နောက်ကလိုက်တော့ ပြေးကြတယ်'

'ဟုတ်တယ်'

'ကဲ… အဲဒီကနေ ဆက်ပြော'

'တိုတိုပြောရလျှင်ဖြင့်ဗျာ၊ ကျွန်တော် လွတ်လာတယ်၊ စောပန်းအောင်ကို သျှောင်ကြီးဖွေတို့ ဖမ်းမိသွားတယ်'

'ဟုတ်ပြီ ဆက်ပြော'

'ကျွန်တော့်သူငယ်ချင်းကို ပြန်ကယ်မယ်ဆိုပြီး ခပ်လှမ်းလှမ်းကနေ သူတို့အခြေအနေကြည့်ပြီး လိုက်သွားတယ်၊ ခု ကျွန်တော် လိုက်ပြမယ့်နေရာထိပေါ့'

'ဟုတ်ပြီ၊ ဆက်ပြော'

'စောပန်းအောင်ကို သူတို့ ဘာတွေပြောပြီး ဘာတွေ မေးနေခဲ့လဲမသိဘူး၊ ကျွန်တော်က ခပ်လှမ်းလှမ်းကနေ ချောင်းကြည့်ရတာဆိုတော့ မသဲကွဲဘူး'

'အဲ… ကျွန်တော်သိလိုက်တာ သျှောင်ကြီးဖွေက စောပန်းအောင်ကို လည်ပင်းညှစ်လိုက်တော့တာပဲ'

'အင်း… ဟုတ်ပြီ၊ သည့်နောက်ပိုင်း ဆက်ပြောစရာမလိုတော့ဘူး၊ ငါသဘောပေါက်လိုက်ပြီ၊ အေး… တစ်ခုပဲ မင်းကို ငါမေးချင်တယ်'

'မေးလေ… ကျုပ် အမှန်တွေပြောနေတာ'

'ငါတို့ကို သူကြီးကပြောတော့ မင်းပြန်ရောက်လာတယ်၊





ပန်းအောင် ငှက်ပစ်ရင်း အီကြာကွေးတို့ ဝါးတောထဲမှာ ကျန်ခဲ့တယ်၊ အေး… မင်း စောထွန်းရွှေဆိုတဲ့ ကရင်ကြီးကိုခေါ်ပြီး ရှာပြန်တော့ စောပန်းအောင်သေနေတာ တွေ့ရတယ်၊ အဲလိုပြောတာ ဟုတ်လား'

'ဟုတ်တယ်လေ'

'ဟင်… နို့ဖြင့် ဘာလို့ မင်း ခုပြောတဲ့အကြောင်းတွေကိုတော့ မပြောရတာတုန်း'

'ကျွန်တော့်ကို သူကြီးက မယုံသင်္ကာရှိလို့ အရှုပ်အရှင်ဖြစ်မှာစိုးလို့ အဲဒီလောက်ပဲပြောတာ'

'မင်းကွာ… အဲဒီကတည်းက သျှောင်ကြီးဖွေတို့ကိစ္စ ပြောလိုက်ပါကလား'

သို့ လင်းမြင့်လှိုင်က ဒေါသဖြင့် ပြောလိုက်၏။

'သိဘူးဗျာ… ကျုပ် ဆရာလေးတို့ကို အားကိုးရမယ် ထင်လို့ပြောတာ၊ နို့ မပြောပါဘူး၊ ခု ကျုပ်ပြောတာတွေကို မပြောဘူးလို့ပဲ မှတ်လိုက်ကြပါ'

ဖိုးတင်အောင်က သို့ပြောပြီး နေရာမှထွက်သွားလေသည် ကြောင့်…

'ဖိုးတင်အောင်… ဖိုးတင်အောင် နေစမ်းပါဦးကွာ၊ မင်းကလည်း ဒေါသကြီးပဲ၊ ငါက သဘောပြောတာပါ၊ အေးလေ မင်း ဘာဆိုလိုချင်တယ် ငါသိပါတယ်၊ သူကြီးကို မင်း မယုံဘူး ဟုတ်လား'

'ဒါပေါ့ဗျာ'

'သူကြီးက သူကြီးဆိုပေမင့် အားကိုးလို့ရချင်မှ ရတာလို့



www.burmeseclassic.com

www.burmeseclassic.com



မင်း ဆိုလိုချင်တာမဟုတ်လား'

'ဟုတ်တယ်'

လင်းမြင့်လှိုင်က ဖိုးတင်အောင်ကိုကြည့်၍ သဘောကျစွာ ရယ်ကျဲကျဲလုပ်နေပြန်ပြီး…

'ဟုတ်တယ်… သူကြီးဆိုတာ သူကြီးဆိုပေမင့် ဘက်လိုက်ကောင်းလည်း လိုက်မှာပဲကွ၊ ဟုတ်တယ်လေ'

'ဟုတ်တာပေါ့ဗျာ၊ သူကြီးကို ကျုပ် မကြိုက်တာတွေ အများကြီးပဲ၊ နောင်မှပြောပြမယ်'

'ဟုတ်ပြီ… မင်းသဘောပဲ၊ အေး… တစ်ခုတော့ရှိတယ်၊ မင်းပြောတာတွေအားလုံး ယုံတယ်၊ လက်ခံတယ်၊ မင်းသူငယ်ချင်းကိုသတ်တဲ့ သျှောင်ကြီးဖွေကို ငါ တိုက်တုံ့ပြန်မယ်၊ ကဲ… ဘယ်လိုလဲ'

လင်းမြင့်လှိုင်က သို့ ပြောလိုက်သည်တွင် ဖိုးတင်အောင် အတော်လွန်မင်းစွာ သဘောကျသွားချေတော့၏။

လင်းမြင့်လှိုင်က ကျွန်တော့်ဘက်လှည့်၍ ပြုံးပြလာ၏။

ကျွန်တော် သဘောပေါက်လိုက်လေပြီဖြစ်၏။

လင်းမြင့်လှိုင်က ဖိုးတင်အောင်ကို စိတ်သိပ်မှုမှန်ပုံမပေါ်ဟု သတ်မှတ်ထားပုံရ၏။ လတ်တလော ချော့မော့ သူ့အလိုကျပြောရင်း သူလိုချင်တာ နှိုက်ယူလိုသည့် မေးယူလိုသည့်သဘောဖြစ်ချေ၏။ သို့ကြောင့် ကျွန်တော်သည် ဆိတ်ငြိမ်စွာနေလိုက်တော့၏။

ကိစ္စအဝဝအားလုံး လင်းမြင့်လှိုင် ရှင်းသွားပေလိမ့်မည်ဟု စိတ်မှာ တေးမှတ်လိုက်တော့၏။

'ကဲ… ဖိုးတင်အောင်'





'ဆိုဗျာ'

'မင်း ငါတို့ကို သျှောင်ကြီးဖွေတို့နေရာ လိုက်ပို့ချေကွာ'

'ခု သွားနေတာပဲလေ'

'ဟုတ်ပါပြီ၊ မရောက်နိုင်တော့ဘူးလား'

'မှောင်စပျိုးမယ် သူတို့စခန်း ရောက်လိမ့်မယ်'

အင်း… တယ်ဟုတ်ပါကလား။

လင်းမြင့်လှိုင်က ကျွန်တော့်ကို မျက်စိမှိတ်ပြလာချေ၏။ ဖိုးတင်အောင်သည် ရှေ့မှ တောတိုးသွားနေလေ၏။ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် နောက်မှကပ်လိုက်သွားကြ၏။

လမ်းတစ်လျှောက် ဖိုးတင်အောင်သည် သျှောင်ကြီးဖွေအကြောင်းကိုချည်း ဓာချဲ့ပြောလေ၏။

'အလကားကောင်… လူသတ်သမား၊ ကျုပ်သူငယ်ချင်းကို သတ်တဲ့ကောင်၊ သေစားသေစေသင့်တယ်'

သို့သာ ပြော၏။ သို့ပြား…

'သူကြီးက ညစ်တာ၊ သူကြီးက ကျုပ်ကိုယုံကိုမယုံဘူး၊ သူကြီးက ကျုပ်ကို သူရူးတစ်ယောက်လို့ သတ်မှတ်ထားတာ၊ တကယ်တော့ သူကြီးက ရူးနေတာဗျ'

သို့လည်း သူကြီးကို သူ ကျေနပ်ပုံမပေါ်။

သူကြီးမကောင်းကြောင်း၊ မကြည်ကြောင်း၊ သူကြီးကို မကျေနပ်သည်ကိုတော့ အထက်ပါစကားများ ပြောခြင်းဖြင့် ကျွန်တော်တို့ကို အသိပေးပုံရချေ၏။

'မင်းပြောတဲ့ မျောက်ရွာ မရောက်နိုင်သေးဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'လမ်းဆုံးရွာတွေ့တဲ့'

ကျွန်တော်တော့ဖြင့် ဖိုးတင်အောင်ကိုကြည့်မရပါတော့ချေ။ သို့ကြောင့်…

'ကိုလင်းရယ်… သည်ကောင် စိတ်မနှံ့တာ သေချာပါတယ်၊ ဘာလို့ အရေးတယူ လု[illegible]နေရတာပေါ့'လို့ တိုးတိုးကပ်ပြောလိုက်၏။

'ကိုပိုက် ဘာမှမသိသေးပါဘူး၊ အသာနေပါ'လို့ လင်းမြင့်လှိုင်က ပြန်ပြောလာ၏။

'နို့ဖြင့် ကိုလင်း ဘာတွေသိထားတုန်း'

ကျွန်တော်က တိုးတိုးမေးလိုက်ပြန်၏။

'အနည်းလေးတော့ သိရပါတယ်၊ လောလောဆယ်ကျွန်တော်လည်း အတော်အတန် မသိသေးပါဘူးဗျာ၊ သူ့အခြေအနေကို ကြည့်ဆုံးဖြတ်ရမှာ'

သို့ဆိုတော့ ကျွန်တော် ဆိတ်ငြိမ်နေလိုက်ရပြန်၏။

'လာကြဗျာ မြန်မြန်'

ကျွန်တော်တို့နှစ်ယောက် သူနှင့် အတန်လှမ်းလှမ်း ကျန်ရစ်ခဲ့လေသဖြင့် ရပ်စောင့်ကာ သို့ ပြောလာချေ၏။

'လာဗျာ ကိုပိုက်'

လင်းမြင့်လှိုင်က ခပ်သွက်သွက် ခြေလှမ်းကာ သူ့ထံထွက်သွားတော့၏။ ကျွန်တော် နောက်မှ ဖြည်းဖြည်းသာလျှင်လိုက်သွားချေတော့၏။

သည်သို့ဖြင့် ကျွန်တော်တို့သည် ပျဉ်းမတောတစ်ခုသို့ရောက်လာကြပြန်၏။





သို့ ရောက်ချိန်တွင်မတော့ ပတ်ဝန်းကျင်တွင် မိုးမှောင်သကဲ့သို့ ဖြစ်လာချေ၏။ နေအတော်စောင်းသွားချေပြီဖြစ်၏။

ပျဉ်းမတောတွင်မတော့ အောက်ပေါင်းရှင်းချေ၏။

ခပ်လှမ်းလှမ်းတွင် ဆတ်တစ်ကောင် ခြေလှမ်းမှန်မှန်သွားနေသည်ကို တွေ့လိုက်သဖြင့် ကျွန်တော့်လက်တွင်းရှိ သေနတ်ဖြင့်လှမ်းပစ်မည်အပြုတွင်…

'မပစ်နဲ့လေဗျာ'

'ဘာလို့တုန်း'

'သျှောင်ကြီးဖွေတို့ စခန်းနီးပြီ'

'ဟင်း… ဟွန်း'

ကျွန်တော်က သို့ မထီမဲ့မြင်ပြုလိုက်ကာ…

'မင်းပြောတာ မျောက်ရွာနားမှာနေကြတယ်ဆို၊ မျောက်သံတွေလည်း မကြားရလေဘဲနဲ့ မျောက်ရွာနီးပြီ ပြောရတာတုန်း'လို့ ဘုဆတ်ဆတ် ပြောလိုက်၏။

'မျောက်ရွာနီးပြီဆိုတိုင်း မျောက်သံကြားရမှာတဲ့လားဗျ၊ ခင်ဗျားတို့ မသိသေးတာရှိတယ်၊ မျောက်တွေက တစ်နေကုန်လျှောက်သွားနေကြတာ၊ ခင်ဗျားတို့တွေ့ခဲ့တယ်ဆိုတဲ့နေရာတွေမှာ အနေများကြတယ်၊ သည် မျောက်ရွာမှာတော့ ညဘက်မှ မျောက်တွေပြန်ရောက်လာတတ်ကြတယ်၊ ခု သူတို့ပြန်မရောက်သေးလို့ ဘာသံမှ မကြားရတာပေါ့၊ နို့ကြောင့် ကျွန်တော်-သည်ကို ခုလိုအချိန် အရောက်လာရတာ၊ သည့်ထက် နောက်ကျလို့ကတော့ မျောက်တွေရှိနေတော့ကာ ကျုပ်တို့လာတာသိပြီး ဆူညံနေကြမယ်ဆိုလျှင်ဖြင့် သျှောင်ကြီးဖွေတို့က သူတို့ဆီ လူစိမ်းတွေရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ သိသွားကြမှာပေါ့ဗျ'

သို့ ပြောလာသည့် ဖိုးတင်အောင်ကို ကျေနပ်စွာကြည့်နေလိုက်ပြီးမှ လင်းမြင့်လှိုင်က…

'ကိုပိုက် သူပြောတာ လက်ခံရလိမ့်မယ်၊ ဟဲ… ဟဲ… ဟဲ…'

လို့ ပြောလာချေတော့၏။

နေနှင့်ဦးပေါ့ ဖိုးတင်အောင်ရယ်လို့သာ ကျွန်တော် စိတ်ထဲ ကျိတ်တေးထားလိုက်ရတော့၏။

အမှန်ဝန်ခံရလျှင် ဖိုးတင်အောင်သည် လူပါးဖြစ်၏။ စိတ်မနှံ့ဖြစ်နေဦး အရှုံးပါးဟု ပြောရချိမ့်မည်။

စိတ်မနှံ့သူ လုံးဝမဟုတ်ပါလျှင်လည်း အင်မတန်ကို လျှို့ဝှက်စွာနေတတ်သူတစ်ယောက်ဟု သတ်မှတ်ရပေမည်။

ကျွန်တော်ထင်သည်။ ကျွန်တော် ဖိုးတင်အောင်ကို လူကဲခတ်မတတ်သေးဟု ဝန်ခံရမည်ပင်။

'ကဲ… လာကြ၊ ဟိုရှေ့နားမယ် လှိုဏ်တစ်ခုရှိတယ်၊ အဲဒီနားမယ် နားနေကြမယ်'

သို့ ဖိုးတင်အောင်က ပြောလေသဖြင့်…

'သျှောင်ကြီးဖွေတို့စခန်း နီးပြီဆို၊ ဘာလို့ ရှေ့က လှိုဏ်ထဲမယ် နားဦးမှာတုန်း'

လင်းမြင့်လှိုင်က ပြောလိုက်၏။

ဖိုးတင်အောင်က ပြုံး၍ကြည့်လာချေပြီး…

'သျှောင်ကြီးဖွေတို့ စခန်းကို သွားမယ်ဆိုလျှင် အဲဒီလှိုဏ်မှာ အလျှင်ဝင်နားခိုတာ အကောင်းဆုံးပဲ'





'ဟင်… ဘာဖြစ်လို့တုန်း'

လင်းမြင့်လှိုင်က ပြောလိုက်၏။

'သည်လှိုဏ်ရှေ့ကနေ သျှောင်ကြီးဖွေတို့ ဖြတ်သန်းသွားလာနေကျလေ၊ သည်လှိုဏ်လမ်းဆင်းက စောင့်ကြည့်တာကောင်းတယ်'

'ရှင်းအောင်ပြောကွာ'

လင်းမြင့်လှိုင်က စိတ်မရှည်။ သို့ မြန်မြန်ပြောလိုက်လေမှ…

'သျှောင်ကြီးဖွေကို ဖမ်းဖို့ အဓိကမဟုတ်လား' လို့ မျက်ထောင့်နီကြီးဖြင့်ကြည့်ကာ လင်းမြင့်လှိုင်ကို မေးခွန်းပြန်ထုတ်လိုက်လေ၏။

'ဟုတ်တယ်လေ'

လင်းမြင့်လှိုင်က ခပ်ပြတ်ပြတ်ပြောလိုက်သလို…

'နို့ဖြင့်လည်း သျှောင်ကြီးဖွေကို သည်ကနေ စောင့်ဖမ်းရလိမ့်မယ်'

'သေချာလို့ချည်လား'

လင်းမြင့်လှိုင် ဘာကိုဆိုလိုတာပါလိမ့်။ ဖိုးတင်အောင်က ဘာကိုရည်ရွယ်ပြောလိုက်တာပါလိမ့်။ သူတို့နှစ်ယောက်ကြားတွင် ကျွန်တော်သာ ငတုံးအကြီးလို ဖြစ်နေပါကောလား။

'ကျုပ်ပြောမယ်' ဖိုးတင်အောင်အပြော…

'ပြောလေ' လင်းမြင့်လှိုင်အဆို…

'သူတို့စခန်းသွားမယ်ဆိုလျှင် ကိုယ့်သေတွင်းကိုယ်တူးသလိုဖြစ်မယ်'

'ဘာလဲ… လူသတ်သမားတွေချည်းပဲလား'



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က ရွှံ့၍မေးလိုက်၏။

'လူသတ်သမားတွေမဟုတ်သလို လူရိုးလူကောင်းတွေ မဟုတ်ဘူး၊ နို့ပေမင့်လို့ ဘယ်လိုသတ္တဝါဖြစ်ဖြစ် အရေအတွက်များ လျှင်ဖြင့် အရေအတွက်များများအားကိုးနဲ့ မိုက်ကြတဲ့သူချည်းပဲ'

'အဲဒီ အရေအတွက်များများ လူတွေကို စကားအောင်တဲ့ သူဟာ အဓိကလူပဲ၊ သူကသာ ပြောလိုက် ဘာမှမစဉ်းစားကြတော့ ဘူး လိုက်လုပ်ကြတော့တာပဲ'

'ဟုတ်ပါပြီ··· ငါသဘောပေါက်ပါတယ်'

'နို့ဖြင့်···'

'နို့ဖြင့် မင်းပြောတဲ့လူတွေဆီ သွားကြစို့'

သို့ဖြင့် ဖိုးတင်အောင် ခေါ်သွားသည့် လှိုဏ်သို့ ရောက် သွားကြလေတော့၏။

ကျွန်တော်သည် လှိုဏ်အတွင်းကို လှမ်းကဲကြည့်လိုက်၏။ လှိုဏ်တွင် ချုံနွယ်ပိတ်ပေါင်းတို့ ပိတ်လျက်ရှိ၏။ ထူးခြားမှုတစ်ခု ကြောင့် ထိုချုံနွယ်ပိတ်ပေါင်းတို့နား သွားလိုက်၏။

အလိုလေးဗျာ··· ချုံနွယ်ပိတ်ပေါင်းတို့သည် ကြားမှ လူတစ်ကိုယ်စာဝင်ဆံ့ရုံနေရာလေးကို တွေ့ရချေ၏။ သေချာကြည့် နေမိ၏။

'ကျွန်တော်လည်း ကြည့်နေတာဗျ'

လင်းမြင့်လှိုင် ရောက်လာလေ၏။

'အလိုလေးဗျာ··· ကျုပ်တော့ ဆရာလေးတို့ပြောမှ သတိ ထားမိသဗျ၊ သည်နေရာလေး မကြာခဏရောက်ပါရဲ့'

သို့ဆိုသလို ဖိုးတင်အောင် အနားရောက်လာ၏။





'ကိုလင်း ကျွန်တော်ဝင်တိုးကြည့်ချေဦးမယ်ဗျာ'

ကျွန်တော်သည် ထိုချုံနွယ်တို့ကြားရှိ လူတစ်ကိုယ်စာ ဝင်ဆံ့ရုံ အပေါက်လေးမှ တိုးဝင်ကြည့်လိုက်၏။

'အား···'

'အီး··· အား···'

ကျွန်တော် လှိုဏ်အတွင်းရောက်သွား၏။

အထဲတွင် အလင်းရှိနေ၍ တော်သေးတော့၏။ ကျွန်တော် ရပ်လျက် လှိုဏ်အတွင်း စေ့စေ့ကြည့်လိုက်၏။

လူတို့ဝင်ထွက်သွားပုံတော့ဖြင့် မဟုတ်။ တောရိုင်း တိရစ္ဆာန်တစ်ကောင် တိုးဝင်နားနေလေ့ရှိသည့်နေရာ ဖြစ်နိုင်၏။

အမွေးကြမ်းရနံ့ ရလိုက်၏။

သို့ကြောင့် လှိုဏ်အတွင်း အောက်ခြေကို ထိုင်၍ငုံ့ကြည့် လိုက်၏။

သားကောင်အမွေးကြမ်းတို့ မြေတွင်ကပ်ငြိနေသည်ကို တွေ့၍ ကောက်ယူကြည့်နေမိ၏။ ဟိုဟိုသည်သည်နေသည့်အခါ တွင် လက်တလောလွှတ်ကျန်ခဲ့သည့် အမွေးတို့တွေ့ရသဖြင့် ဝမ်း သာသွား၏။ လင်းမြင့်လှိုင်ကို ပြကြည့်လျှင် ဘယ်လိုသတ္တဝါဆို သည် သိရချိမ့်မည်။

'ကိုပိုက်··· ကိုပိုက် ကျွန်တော် ဝင်ခဲ့ရမလား'

အပြင်မှနေ၍ လင်းမြင့်လှိုင်က လှမ်းအော်ပြောလာချေ၏။

'ဝင်ခဲ့နိုင်လျှင်တော့ အကောင်းဆုံးပေါ့ဗျာ'

သို့ဆိုလေသည်နှင့် လင်းမြင့်လှိုင် တိုးဝင်လာသလို ဖိုးတင် အောင်သည်လည်း···



www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေး မြန်မြန်ဝင်ချေ၊ လှူသံတွေ သဲ့သဲ့ကြားရတယ်၊ ဒေါ်ချောင်ကြီးဖွေတို့ ဖြစ်နိုင်တယ်"

လို့လည်း ပြော၊ လင်းမြင့်လှိုင်ကိုလည်း ကပျာကသီ တွန်းလွှတ်လေ၏။

လင်းမြင့်လှိုင် ရောက်လာ၏။ ဖိုးတင်အောင် ကပ်ပါလာ၏။

"ကိုလင်း သည်အမွေးကြမ်းတွေကြည့်ချေဗျာ၊ ဘာကောင် ဖြစ်နိုင်တုန်း"

ကျွန်တော်က ကောက်ယူထားသော တိရစ္ဆာန်အမွေး ကြမ်းတို့ကို ပြလိုက်၏။ လင်းမြင့်လှိုင်က အသေအချာကြည့်နေ လေ၏။

"ဒါ ဝံကောင်အမွေးကြမ်းလေဗျာ"

သို့ လင်းမြင့်လှိုင်က ပြောသဖြင့် "ကျွန်တော် ထင်တော့ အထင်သားကလား၊ နို့ပေမင့်လို့ ခု ကျွန်တော်ဝင်လာတဲ့ အပေါက် ကနေ သူ ဘယ်လိုလုပ် တန်းဝင်သွားနိုင်မှာတုန်းဗျ"

သို့ ကျွန်တော်က ပြုံးစစကြည့်ပြောလိုက်၏။

သည်တွင် လင်းမြင့်လှိုင်က လှိုဏ်တစ်ဖက်တစ်ချက်ကို လှေလာကြည့်လိုက်လေပြီး…

"ဟင်း… ဟင်း… ဟင်း… သည်ကောင်က သည်လို ဖောက်ထွင်းထွက်တာ မဟုတ်ဘူးဗျ၊ ဟိုမယ် တွေ့လား၊ တောင် သရက်ပင်"

လင်းမြင့်လှိုင်က နံရံတွင် ပေါက်နေသည့် တောလျှော်ပင်တို့ကြားမှ တောင်သရက်ပင်ကို ကြည့်ကာပြောလိုက်၏။





ကျွန်တော် တောင်သရက်ပင်ကို လှေလာကြည့်လိုက်၏။

တောင်သရက်ပင်အောက်ခြေ အကိုင်းတစ်ခုသည် လှိုဏ် ကမ်းပါးပေါ် တိုးကျနေလေ၏။ ကျွန်တော့် သဘောပေါက်သွား ၏။

ဝံကောင်သည် တောင်သရက်ပင်ပေါ်ကူး၍ အပင်မှ အောက်ခြေသို့ဆင်းကာ လှိုဏ်ဝတွင် လာရောက်အိပ်လေခြင်းဖြစ်၏။ ကျွန်တော် သဘောပေါက်သွားတော့သဖြင့် လင်းမြင့်လှိုင်ကို ပြုံးပြ လိုက်၏။

ကျွန်တော် ကိုလင်းပြောမှ သိပါပြီဆိုသည့်သဘော ဖြစ်၏။

"ဆရာလေးတို့ တိုးတိုးတိတ်တိတ်ဗျ၊ ဒေါ်ချောင်ကြီးဖွေ တို့လာပြီ"

သို့ကြောင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ဖိုးတင် အောင် ချောင်းမြောင်းနေသည့် လှိုဏ်ပေါက်ဝသို့ သွားလိုက်ကြ၏။ အပြင်ကို လှမ်းကဲကြည့်လိုက်၏။

"ဟင်…" "ဟာ…"

ဒေါ်ချောင်ကြီးဖွေနှင့် သူ့ကိုယ်ရံတော်နှစ်ယောက် ဖြစ်၏။

"ဘယ်လိုလုပ်မလဲ"

ဖိုးတင်အောင်က ပြောလေ၏။

"ဘာလုပ်ရမှာတုန်း"

ကျွန်တော်က ပြန်မေးလိုက်၏။

"သူက စောပန်းအောင်ကိုသတ်တာလေ"

"ဘာသက်သေရှိလို့တုန်း"



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ကိုယ်တိုင် လူသက်သေရှိတယ်လေ'

သို့ ဖိုးတင်အောင် ပြောလေပြီး ကျွန်တော် လင်းမြင့်လှိုင်ကို သေသေချာချာကြည့်လိုက်၏။ ဖိုးတင်အောင်ပြောတာ ဟုတ်လျှင် အလွတ်ပေးလို့မဖြစ်။ မည်သည့်သက်သေမျှ မရှိတော့လည်း *ဘယ်လိုလုပ်ရပါ့။ သို့ အခြေအနေကို လိုက်ကြည့်ဖို့ကလည်း* မဖြစ်နိုင်။

'ဘာမှတွေဝေမနေနဲ့၊ သျှောင်ကြီးဖွေက တွေ့ရခဲ့တယ်၊ ခုလို နီးနီးကပ်ကပ်မြင်ရတာ၊ ကျုပ်တို့က လှျိုထဲကနေ ချောင်းကြည့်နေရလို့'

သို့ ဖိုးတင်အောင်က ပြောလာပြန်၏။

'ကိုလင်း... ဖြစ်ချင်တာဖြစ်ဗျာ၊ နောက်မှကြည့်ရှင်းမယ်၊ လောလောဆယ် သျှောင်ကြီးဖွေကို အလွတ်ပေးလို့မဖြစ်ဘူး'

သို့ဆိုလျက် ကျွန်တော်က လှျိုပေါက်ဝမှနေ၍ ကပျာကသီ ထွက်လိုက်၏။ ဝင်တုန်းကလို မလွယ်ပါကလား။

သို့ပေမင့်လို့ လှျိုအပြင်ရောက်သွား၏။

ကပျာကသီထလိုက်ကာ ရှေ့ကိုက်ငါးဆယ်တွင် ရောက်သွားပြီဖြစ်သော သျှောင်ကြီးဖွေတို့ရှိရာ ပြေးလိုက်သွားတော့၏။

ကျွန်တော်၏ခြေသံကြောင့် သျှောင်ကြီးဖွေသည် လှည့်ကြည့်လာချေပြီး သေနတ်ကိုင်၍ သူတို့ထံ ပြေးလိုက်လာသော ကျွန်တော့်ကို မြင်သည်နှင့် မျက်လုံးမျက်ဆန် ပြူးသွားကာ ရှေ့သို့ ရုတ်ခြည်းပြေးသွားလေတော့၏။

သူပြေးသွားပေမင့် သူ့လူနှစ်ယောက်သည် သူတို့လက်တွင်းရှိ ဓားရှည်ဝါးခုတ်ဓားတို့ဖြင့် တိုက်ခိုက်ရန် အနေအထားဖြင့်



ရပ်စောင့်နေကြချေ၏။

သို့ကြောင့် ကျွန်တော်သည် သူတို့နှင့် မလှမ်းမကမ်းလောက်အကွာတွင် ရပ်လိုက်လေပြီး လက်တွင်းရှိသေနတ်ဖြင့် လှမ်းချိန်လိုက်ကာ...

'သျှောင်ကြီးဖွေ ဘာလို့ထွက်ပြေးသွားတာတုန်း'

ခပ်ဆတ်ဆတ်လေသံဖြင့် မေးလိုက်၏။

'သူပြေးသွားတာ သူ့ကိစ္စရှိလို့ပေါ့'

သို့ တစ်ယောက်သောသူက ပြော၏။

'ခင်ဗျား ဘယ်သူလဲ၊ ဘာလို့ ကျုပ်တို့နောက် ပြေးလိုက်လာတာတုန်း'

တစ်ယောက်သောသူက ပြော၏။

'လူသတ်သမားကို ဖမ်းရအောင်လို့လာတာ'

'ဟင်...'

လင်းမြင့်လှိုင် ဘယ်အချိန်က ကျွန်တော့်နောက် ရောက်နေလေသည်မသိချေ။

'ဘာဗျ... ဘာပြောတယ်၊ ဘယ်ကလူသတ်သမားတုန်း'

တစ်ယောက်သောသူက ဘုကြည့်ကြည့်၍ မေးလာ၏။

'စောပန်းအောင်ကို သတ်လိုက်တာ သျှောင်ကြီးဖွေ မဟုတ်လား'

ကျွန်တော့်စကားကြောင့် နှစ်ယောက်သား အံ့အားသင့်သွားရချေ၏။

'ကဲ... ပြောလေကွာ၊ ရှင်းလေကွာ၊ ငါပြောတာ မဟုတ်လို့လား'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခပ်တည်တည် မေးလိုက်ပြန်၏။

သည်တွင်…

'ဟာ…' 'ဟင်…'

အလိုလေးဗျာ။ မြန်လိုက်သည်ဖြစ်ခြင်း။ ဘယ်လိုကြောင့်ပါလိမ့်။ ထိုလူနှစ်ယောက်ထက် သူတို့လက်တွင်းရှိများတို့ဖြင့် တစ်ယောက်ကိုတစ်ယောက် ရုတ်ခြည်းလှမ်းခုတ်ပစ်လိုက်ကြချေ၏။ သူတို့၏ခုတ်ချက်တို့သည် တစ်ယောက်လည်ပင်း တစ်ယောက်သို့ ဖြစ်ချေ၏။ ဦးခေါင်းတို့စောင်းကျ၊ သွေးတို့ပန်းထွက် ခန္ဓာကိုယ် လဲကျသွားတော့၏။ ထက်မြက်လှသည့် ဝါးခုတ်ဓားရှည်များ ဖြစ်ချေ၏။

ဘယ်လိုလူတွေပါလိမ့်။

သူတို့ကိုယ်သူတို့ လုပ်ကြံကြခြင်းပါကလား။

အသက်ငွေ့ငွေ့ ရှိကြသေး၏။ ခန္ဓာကိုယ် ခြေလက်တို့ တဆတ်ဆတ်တုန်နေလေသေး၏။

ထိတ်လန့်ဖွယ်မြင်ကွင်းပါကလား။

'ကိုင်း… သည်လူတွေက ဘယ်လိုလူစားတွေပါလိမ့်'

လင်းမြင့်လှိုင်ကို မေးလိုက်၏။

'သူတို့ ဆရာသခင်အတွက် သူတို့ကိုယ်သူတို့ နှုတ်ပိတ်လိုက်ကြတာလေ'

'ဟင်… နို့ဖြင့် သျှောင်ကြီးဖွေက အတော်ကို သြဇာညောင်းပုံပေပဲဗျ'

'သြဇာညောင်းရုံတင် ဘယ်ဟုတ်ပါ့မလဲ၊ သတ်ရဲဖြတ်ရဲတာလည်းပါတယ်'





'ဟင်…'

ဖိုးတင်အောင် ဘယ်အချိန်က နောက်မှာရောက်နေပါလိမ့်။

သူတို့က (သေသွားသူနှစ်ယောက်ကို ရည်ရွယ်ကြခြင်းဖြစ်၏။)

'သူတို့ကိုယ်၌ ညံ့ဖျင်းမှုကိုသိလို့ သူတို့ကိုယ်သူတို့ သတ်သေကြတာ'

သို့ပြောလာသည့် ဖိုးတင်အောင်ကိုကြည့်ပြီး စဉ်းစားမိသွား၏။

ဘာကိုဆိုလိုချင်တာပါလိမ့်။

'ရှင်းအောင်ပြောပါလား'

လင်းမြင့်လှိုင်က ပြောလိုက်၏။

'သည်လိုဗျ… စောစောက သျှောင်ကြီးဖွေ ပြေးထွက်သွားတယ်မဟုတ်လား'

'ဟုတ်တယ်လေ'

'သူက သူ့နောက်မှာ ဆရာလေးတို့ ရောက်လာမှန်းသိတယ်၊ ဆရာလေးတို့ကို သူ ယှဉ်လို့မရဘူးဆိုတာသိတယ်'

'ဘာလို့တုန်း'

ကျွန်တော်က ဖြတ်ပြောလိုက်၏။

'ဆရာလေးတို့မှာ သေနတ်နဲ့လေ၊ သူ့မှာတော့ ဓားမြောင်ပဲရှိတာ'

'သြော်… သဘောပေါက်ပြီ'

'သည်တော့ သူက ကိုယ်လွတ်ရုန်းပြေးသွားနိုင်တယ်'

'ဟုတ်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



'သူတို့နှစ်ယောက်ကတော့ မပြေးသာသေးဘူး၊ သည်တော့ ဆရာလေးတို့ရဲ့အဖမ်းခံရလျှင် အမေးခံရတော့မယ်၊ ဘယ်လိုနည်းနဲ့ မေးမယ်ဆိုတာ မသိပေမင့် သူတို့ညှဲ့ဖျင်းမှုကြောင့် သူတို့ကိုစစ်ဆေးတဲ့အခါ ဖော်ပြောရမှာ ဝန်လေးသွားကြတယ်၊ ဖော်ပြောလို့လည်း မဖြစ်ဘူးလေ၊ သည်တော့ သူတို့ အကောင်းဆုံးလုပ်ရမှာက သူတို့ကိုယ်၌ သတ်သေကြပုံပဲ'

'ဟာဗျာ…'

'အိုဗျာ…'

'အံ့သြခြင်းမဖြစ်နဲ့ဗျ၊ သူတို့ကိုယ့်ကိုကိုယ် သတ်သေသွားခြင်းဟာ ဆရာသခင်အပေါ် အကောင်းဆုံးကာကွယ်ခြင်းလို့ သတ်မှတ်ခံရပြီး သူတို့မယ် ကျန်ရစ်ခဲ့တဲ့ သားမယား သားသမီးတွေအတွက် သူတို့ဆရာသခင်က ဆက်တာဝန်ယူတာဗျ၊ ဟုတ်တယ်လေ၊ ဆိုပါစို့ လုံလုံလောက်လောက် ထောက်ပံ့ပေးတာပေါ့'

'ဟင်…'

'အင်…'

'အကယ်၍ သျှောင်ကြီးဖွေကို ဖမ်းဆိုလျှင်ကော သူကကော ဘယ်လိုလုပ်မလဲ'

'သူတို့လိုပဲ လုပ်မှာပဲ'

သို့ ဖိုးတင်အောင်က ပြုံးစစမျက်နှာပေးဖြင့် ပြောလာလေသဖြင့် ကျွန်တော် ဖိုးတင်အောင်ကို စေ့စေ့လေ့လာအကဲခတ်ကြည့်လိုက်မိ၏။

သူ ဘယ်လို သည်အဖြစ်အပျက်တွေ ဂဃနဏသိထားတာပါလိမ့်။ ကျွန်တော် ဝေခွဲမရပြီပဲ။





'ကဲ… ဖိုးတင်အောင်၊ ဘယ်လိုလုပ်မလဲ'

လင်းမြင့်လှိုင်က မေးလိုက်၏။

'သျှောင်ကြီးဖွေနောက် လိုက်ကြတာပေါ့'

'ဟင်… သူတို့နေတဲ့မျောက်ရွာလည်း ရောက်လာပြီ၊ ဘာလိုက်စရာလိုတုန်း၊ သူနေနေတဲ့မျောက်ရွာနား ရောက်ပြီပဲ'

'လျှို့ဝှက်ချက် ပြောပြမယ်'

'ပြောကြည့်လေ'

သျှောင်ကြီးဖွေ စခန်းကို ပြန်မှာမဟုတ်ဘူး၊ သူ့ကို ခြေရာခံမိသွားပြီဆိုတော့လို့ တခြားတစ်နေရာကို ပြေးသွားလောက်ပြီ။

ကျွန်တော် လင်းမြင့်လှိုင်ကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်မိ၏။

ဖိုးတင်အောင် ဘာလို့ သည်လောက်သိနေတာပါလိမ့်ဆိုသည့် အမေးမျိုးဖြစ်၏။

လင်းမြင့်လှိုင်က ခေါင်းကို သာသာလေးခါပြ၏။

ကိုဗိုက် ဆိတ်ဆိတ်နေဆိုသည့် သဘောဖြစ်၏။ သို့ကြောင့် ကျွန်တော် ဆိတ်ငြိမ်စွာနေလိုက်တော့၏။

'ဆရာလေးတို့က သျှောင်ကြီးဖွေကို အလွတ်ပေးလိုက်တော့မှာလား'

'ဝေးသေး'

သို့သာ ကျွန်တော်က ပြောလိုက်၏။

'နို့ဖြင့် လာလိုက်ခဲ့ကြချေ'

သို့ပြောပြီး ဖိုးတင်အောင်က ရှေ့ဆက်ရောက်သွားလေသဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ပြေးမယ်သိလို့တုန်း'

ကျွန်တော်က မေးလိုက်၏။

'သိတာ မသိတာထက် လိုက်ရှာဖို့အဓိကလေ'

သို့ဆိုတော့လည်း မပြောသာပြီ။

လင်းမြင့်လှိုင်က ကျွန်တော့်ကို ပြုံးပြလာ၏။

ကိုပိုက် ဖိုးတင်အောင်ကို လိုက်မမီပါဘူးဆိုသည့် အပြုံး ဖြစ်နိုင်၏။

'နေနှင့်ဦးပေါ့၊ ဖိုးတင်အောင်ရယ်' လို့သာ ကျိတ်၍ပြော လိုက်ရချေပြီး လင်းမြင့်လှိုင်နောက် လိုက်သွားလေ၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဖိုးတင်အောင်နောက် လိုက်ခဲ့ကြရာမှ ...

အောက်ပေါင်းရှုပ် တောင်ကြောလေးတစ်ခုသို့ ရောက် လာကြ၏။

ရှေ့မှသွားနေသော ဖိုးတင်အောင်သည် ဘေးတစ်ဖက် တစ်ချက်သို့ လှည့်ကြည့်နေလေပြီး ...

'ကျုပ်စိတ်ထင် သျှောင်ကြီးဖွေ သည်တောင်ကြောမယ် ရှိလိမ့်မယ် မဟုတ်ဘူး'

သို့ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သူ့စကား ကိုယုံပြီး အမှတ်တမဲ့နေလိုက်ကြ၏။

ထိုသည်က ကျွန်တော်တို့၏ အမှားဖြစ်ချေ၏။

ချုံနွယ်တို့ ဖယ်ရှားလျှောက်ခဲ့ရာမှ ...

'ဝှစ် ...'

'ဒုတ် ...'





'ဟာ ...'

'ဟင် ...'

ပုခက်သဏ္ဍာန် နွယ်ကြိုးတစ်ခုကို ခုတ်ဖြတ်လိုက်သည် တွင် နံဘေးခပ်လှမ်းလှမ်းမှ လေကိုဖောက်ထွင်းလာသည့် အရာတစ်ခု ကို တွေ့လိုက်ရသဖြင့် ကပျာကသီ တိမ်းရှောင်လိုက်ရ၏။

ထိုအရာသည် ဓားမြှောင်တစ်ချောင်း ဖြစ်ချေ၏။

'ကိုပိုက် ကံသီပေလို့'

လင်းမြင့်လှိုင်က ပြော၏။

ကျွန်တော့်မျက်နှာရှေ့ တစ်ပေလောက်မရှိတရှိ နေရာလေး မှ လေထုကိုဖောက်၍ ယင်းဓားမြှောင်သည် နွယ်ကြိုးကို ထိုး ဖောက်စိုက်ဝင်သွားချေ၏။

လက်စလက်န ပြင်းပုံရ၏။

ဓားမြှောင်သွား ဘယ်လောက်ရှည်သည်တော့ မသိ။ လက်ကိုင်ရိုး ထိစိုက်ဝင်သွားခြင်း ဖြစ်ချေ၏။

သို့ကြောင့် လင်းမြင့်လှိုင်က ထိုဓားမြှောင်ကို ခြေဖြင့်ကန် ဆွဲနုတ်လိုက်ချေ၏။

'ဟာ ...'

'ဟင် ...'

အသွားအလျားအရှည် တစ်ပေခန့် ရှိချေ၏။ ဘုရား ... ဘုရား ... ကြက်သီးများပင် ထသွားရချေ၏။

'ဒါ သျှောင်ကြီးဖွေ လုပ်ကြံတာဗျ၊ ဆရာလေးတို့ကသာ သူ့ကို ညှာနေတာ၊ သူက မညှာတာဘူးလား၊ နို့ကြောင့် ပြောတာ ပေါ့၊ ကိုယ်က လက်ဦးမှု ရယူပါလို့ဆို'



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို လက်ဦးမှာတုန်း"

"လူကို ရိပ်ခဲနေတွေ့တာနဲ့ ပစ်လိုက်ပေါ့ဗျာ"

"ဟင်..."

"ဘာ... ဘယ်လို၊ မတော်တဆ သေသွားပါလျှင် သူလည်း တရားခံအစစ် မဟုတ်ပါလျှင် ဘယ်လိုလုပ်မလဲ"

"သေအောင်တော့ မပစ်နဲ့ပေါ့ဗျာ၊ ဒဏ်ရာအနာတရရရုံ ဆိုလျှင်တော့ မေးလို့ရပြီပဲ"

သို့ပြောလာသည့် ဖိုးတင်အောင်ကို သေသေချာချာ လေ့လာကြည့်မိ၍ သူ့သဘောက သျှောင်ကြီးဖွေကို သေစေချင်သည့် သဘော ဖြစ်၏။ သို့ကြောင့်...

လက်ဦးမှုရယူဖို့ချည်း ပြောနေခြင်းဖြစ်၏။

သို့ သူငယ်ချင်းအတွက် သေစားသေစေ ဖြစ်ချင်နေသည့် ပုံဖြစ်၏။

"သူ ဘယ်သွားမယ်သိတယ်ဗျ၊ အလျှင်မီသွားကြစို့"

ဖိုးတင်အောင်က သို့ပြောပြီး တောတိုးထွက်သွားပေမင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။ လင်းမြင့်လှိုင်က ခေါင်းဆတ်ညိတ်လိုက်သဖြင့် ကျွန်တော်သည်လည်း လင်းမြင့်လှိုင် နှင့်အတူ ဖိုးတင်အောင်နောက် လိုက်သွားတော့၏။

ဖိုးတင်အောင်သည် ခပ်သွက်သွက် တောတိုးသွားလေ၏။

ကျွန်တော်လည်း လင်းမြင့်လှိုင်နှင့် လူချင်းပူးကပ်မိချိန် ကလေးတွင်...

"ဘယ်လိုတုန်း ကိုလင်းရဲ့၊ ဖိုးတင်အောင်ပြောတာ လုပ်





တာတွေကို ဘယ်လိုမြင်တုန်း"

သတိပေးစကားလိုလို သို့ စကားအစ်ကြည့်လိုက်၏။

"လမ်းဆုံးရှာတွေ့ပေါ့ဗျာ"

ကျွန်တော် မပြောသာချေပြီ။ လင်းမြင့်လှိုင်နောက်က ချန်၍ လိုက်သွားရပြန်၏။ သို့ဖြင့် ကျွန်တော်တို့သည် မြောင်ကို ဖြတ်၍ တောင်ကြောနှစ်ပြန်ဆက်ရင်း ချောင်းအတိုင်း မိုင် (၁၀၀) လောက် ဆန်တက်ခဲ့ရ၏။ ပြီးနောက် မြောင်လေးတစ်ခုအတွင်း ဝင်လိုက်ကြ၏။

မြောင်တွင် ရှေ့မှဝင်သွားသည့် ဖိုးတင်အောင်က...

"သည်မယ် သျှောင်ကြီးဖွေ တွေ့ပြန်ပြီဗျ"

ကျွန်တော်နှင့် လင်းမြင့်လှိုင်က သူ့နားကပ်သွားလိုက်၏။

"ဘယ်လိုပြောနိုင်တုန်း"

လင်းမြင့်လှိုင်က မေးလေ၏။

"သည်မြောင်ထဲကို ဘယ်သူမှ လာလေ့လာထမရှိဘူး"

"ဘာလို့တုန်း"

လင်းမြင့်လှိုင်က မေးလိုက်ပြန်၏။

"သူ မြောင်ကို ဘယ်လိုမှ ရောက်လာနိုင်စရာအကြောင်း မရှိဘူး၊ သည်မြောင်ကနေ ပန်းပုပ်စခန်းကို သွားလို့ရတယ်၊ သျှောင်ကြီးဖွေ ပန်းပုပ်ကြီးစခန်းမယ် ရှိနိုင်တယ်"

အလိုလေးဗျာ... အတိအကျကြီးပါကလား။

မည်သို့ပင်ဖြစ်စေ တောဒကမတက်တော့ပြီ။ နောက်မှ မီးစင်ကြည့်ကမည်ဟု လင်းမြင့်လှိုင် တွက်ထားပုံရ၏။

"နို့ဖြင့်လည်း ပန်းပုပ်စခန်းကိုသွားကြစို့"



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က ပြောလိုက်၏။

"သွားတာပေါ့၊ နို့ပေမင့်လို့ လူစုခွဲသွားမှဖြစ်မယ်"

"ဘာလို့တုန်း၊ ကျွန်တော်တို့က ပန်းပုပ်ကြီးစခန်းကိုမှ မသိတာ"

"ဘာမသိစရာလိုတုန်းဗျ၊ သည်မြောင်လေးအတိုင်းတက်ပြီး ထနောင်းပင်ကြီး အခြေမှာရှိတဲ့ တိရစ္ဆာန်လမ်းလေးအတိုင်း လိုက်သွားတာနဲ့ ပန်းပုပ်ကြီးရောက်ပြီ၊ ပန်းပုပ်ကြီးမယ် သျှောင်ကြီးဖွေပဲရှိနိုင်တယ်"

"ဟုတ်ပြီလေ"

သို့ဖြင့် ကျွန်တော်တို့သည် ဖိုးတင်အောင် ဆရာလုပ်လေသည့်အတိုင်း နာခံရုံသာရှိတော့၏။

"ဆရာလေးတို့က တစ်တွဲနေဗျာ၊ ကျုပ်က နောက်ဘက်ကနေ ဖမ်းလိုက်မယ်၊ သည်ကောင်ကို သတိထားနော်၊ လျင်တယ်၊ ဓားမြောင်ပစ်ကျွမ်းကျင်တဲ့ သူ့ထက်ကိုယ်က လက်ဦးမှုယူရမယ်၊ သေနတ်သမားကို သူမကြောက်ဘူး"

သို့လည်း ချီးမွမ်းလိုက်သေးတော့၏။

သူ သျှောင်ကြီးဖွေအကြောင်း ဂဃနဏ သိနေပုံပါကလား။ ဘယ်လို သိထားတာပါလိမ့်။

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သူပြောသည့်အတိုင်း ပန်းပုပ်ကြီးစခန်း ရောက်နိုင်သည့် လမ်းမြောင်လေးအတိုင်း မြောင်မှ ကြောပေါ်ရောက်သည်တွင် တိတ်တဆိတ် ချောင်းမြောင်းသွားလိုက်ကြ၏။

ဖိုးတင်အောင်သည် ကျွန်တော်တို့နှင့် လိုက်ခဲ့သော်လည်း





စခန်းနားရောက်လုတွင် ရပ်တန့်လိုက်လေပြီး ချုံပုတ်နွယ်ပင်တစ်ခု နောက်ကွယ်မှနေ၍ အဝေးတစ်နေရာသို့ လက်လှမ်းပြလေ၏။

"ဟင်..."

"ဟာ..."

ခပ်လှမ်းလှမ်း ကိုက်နှစ်ရာလောက်တွင် တဲတစ်လုံးရှိချေ၏။ ထိုတဲကြမ်းခင်းအစပ်တွင် ခြေတွဲလောင်းချထိုင်နေသည့် လူတစ်ယောက်ကို တွေ့လေသည်ကြောင့် စေ့စေ့ကြည့် တွေ့လိုက်ရ၏။

အလိုလေးဗျာ... သျှောင်ကြီးဖွေပါကလား။ ဖိုးတင်အောင်ပြောတော့ ရန်သူတွေ ခြေရာခံမိလေသဖြင့် ကိုယ်လွတ်ရုန်းပြေးသွားသည်ဆိုငြား ယခု သျှောင်ကြီးဖွေ၏ ပုံပန်းသဏ္ဍာန်သည် ခရီးဝေးတစ်ခုမှ ပြန်ရောက်လာသည့်အခါ ပင်ပန်း၍နားနေသည့်ပုံဖြစ်ချေ၏။

သို့ပေမင့်လို့ ဖိုးတင်အောင်က...

"သည်ကောင်ကို အလွတ်မပေးနဲ့ဗျနော်၊ သူ့ကို ချုပ်ကိုင်မိလျှင်ဖြင့် ဆရာလေးတို့ စစ်မေးလို့ရပြီပေါ့၊ သည်ခါ ကျုပ်ပြောတာတော့ ဟုတ်မဟုတ် သိရမှာနော်"

"စိတ်ချစမ်းပါဗျာ၊ လုံးဝအလွတ်မပေးဘူး"

"ကဲ... ခင်ဗျားတို့သွားကြတော့၊ ကျုပ် သူ့ရဲ့နောက်ကျောဘက်ကနေ ပစ်မယ်၊ ပြေးမလွတ်စေရဘူး"

သို့ဆိုလျက် ဖိုးတင်အောင်သည် ကျွန်တော်တို့အပါးမှ လစ်ထွက်သွားလေ၏။ သူပြောပုံအရ သူသည် သျှောင်ကြီးဖွေ၏ နောက်ကျောသို့ ထွက်သွားခြင်းဖြစ်ကြတော့၏။ လင်းမြင့်လှိုင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် သူထွက်သွားပြီးသည်နှင့် ဒေါင်ကြီးဖွေရှိရာသို့ တန်းတန်းမတ်မတ် သွားလိုက်ချေ၏။

'ကိုလင်း သတိထားနော်'

ရှေ့မှ မားမားမတ်မတ်သွားနေသော လင်းမြင့်လှိုင်ကို ကျွန်တော်က သတိပေးပြောလိုက်၏။

'ဒေါင်ကြီးဖွေက ဘယ်လောက်လက်ဦးမှုရယူယူ၊ ကျွန်တော်မမှုပါဘူးဗျာ'

သို့ဖြင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ဒေါင်ကြီးဖွေရှိရာသို့ တန်းတန်းမတ်မတ်သွားလိုက်သည်တွင် ကျွန်တော်တို့ လာနေသည်ကို သိလိုက်သည့် ဒေါင်ကြီးဖွေသည် တဲပေါ်တွင် ခြေတွဲလောင်းချ ထိုင်နေရာမှ မြေပေါ်သို့ ဆင်းချလိုက်လေပြီး သူ့လက်တွင်းရှိ ဓားမြှောင်ဖြင့် လှမ်းပစ်လိုက်ချေ၏။

'ဟာ…'

'ဟင်…'

'ဝှစ်…'

'ဒိန်း…'

'ခလောက်…'

ဒေါင်ကြီးဖွေ ပစ်လိုက်သော ဓားမြှောင်သည် လင်းမြင့်လှိုင်၏ ရင်အစုံသို့ တည့်ဝင်လာ၏။

လင်းမြင့်လှိုင်သည် လက်တွင်းရှိသေနတ်ဖြင့် ဒေါင်ကြီးဖွေကို လှမ်းပစ်လိုက်၏။ ခြေထောက်ကို ပစ်လိုက်ခြင်းဖြစ်၏။

ကျွန်တော်တို့ ကြောင်အမ်းအမ်း ဖြစ်သွားရ၏။

ဒေါင်ကြီးဖွေသည် လှစ်ခနဲ တဲနောက်ဘက်သို့ ပြေး





သွားတော့၏။ လင်းမြင့်လှိုင်၏ပစ်ချက် လွဲချော်သွားပုံရ၏။ သို့ကြောင့် ကျွန်တော်သည် လျှပ်တစ်ပြက်ဆိုသလိုပင် ပြေးထွက်သွားသော ဒေါင်ကြီးဖွေကို ဖြစ်လိုရာဖြစ် သေလိုက သေစေတော့ လူသတ်သမားပေပဲဆိုပြီး လှမ်းပစ်လိုက်မည်အလုပ်တွင်…

'ဟင်…'

'ဟာ…'

ဒေါင်ကြီးဖွေ ပြေးသွားရာလမ်းကြောင်းရှေ့တွင် ဖိုးတင်အောင် ရှိနေချေ၏။

ကျွန်တော် ပစ်လိုက်လို့ လွဲသွားလျှင် ဖိုးတင်အောင်ကို မှန်သွားနိုင်သဖြင့် ပစ်ရန်ရည်ရွယ်ချက်ကို လက်လွှတ်လိုက်ရ၏။ ကိစ္စမရှိချေပြီ။ ဒေါင်ကြီးဖွေရှေ့တွင် ဖိုးတင်အောင် ရောက်နေပြီပဲ။ ဖိုးတင်အောင်က သူ့ကို အလွတ်ပေးမည့်ပုံမပေါ်ပါချေ။

သို့ကြောင့် ကျွန်တော်သည် ဓားမြှောင်စိုက်ဝင်ခံလိုက်ရသည့် လင်းမြင့်လှိုင်ကို ကြည့်လိုက်ပါ၏။

လင်းမြင့်လှိုင်သည် ရင်ဘတ်တွင် ဓားမြှောင်တန်းလန်းရှိနေခြား အပြုံးမပျက်ပါချေ။ ကျွန်တော့်ကို ပြုံးပြ၏။ ပြေးထွက်သွားရာ ဒေါင်ကြီးဖွေကို လှမ်းကဲကြည့်နေကြ၏။

'ကိုလင်း ဘာမှမဖြစ်ဘူးလား'

ကျွန်တော် အံ့သြတကြီး မေးလိုက်၏။

'ဘာမှမဖြစ်ပါဘူးဗျ'

သို့ဆိုလျှင် ရင်တွင်းစိုက်ဝင်နေသော ဓားမြှောင်ကို ဆွဲနုတ်လိုက်၏။

'ဟင်…'



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့်ပါပဲကလား။ လင်းမြင့်လှိုင်၏ ကြိုတင်စီစဉ်ထားခြင်းဖြစ်၏။

'အကယ်၍များ ကျွန်တော့်ကိုပစ်လိုက်ပါလျှင် ကျွန်တော်သေပြီပဲ'

လင်းမြင့်လှိုင် အခြေအနေသိလိုက်သဖြင့် ချောင်ကြီးဖွေ အခြေအနေ သိလို၍ လှမ်းကြည့်လိုက်၏။

'ဟာ...'

သွေးထွက်သည်လည်း မတွေ့။ နာကျင်ခံစားရပုံလည်း မတွေ့။

'ကိုပိုက် အံ့ဩသွားလား'

သို့ဆိုလျှင် လင်းမြင့်လှိုင်သည် သူ့ရင်အုံအစုံအတွင်းသို့ အင်္ကျီကြားမှ သွင်းလိုက်၏။ သူ့လက်ပြန်အထွက်တွင် သစ်သားပြားတစ်ခု ပါလာချေ၏။

'ဟင်...'

'အို...'

ကျွန်တော်ကော လင်းမြင့်လှိုင်ပါ အံ့ဩတကြီးဖြစ်သွားကြလေ၏။

ချောင်ကြီးဖွေနှင့် ဖိုးတင်အောင်သည် မျက်နှာချင်းဆိုင်နေလေ၏။

တစ်ယောက်နှင့်တစ်ယောက် လက်တစ်ကမ်းသာလျှင် ကွာကြပေမည်။

သူတို့ ထိပ်တိုက်တွေ့ပြီပဲ။

ကျွန်တော်နှင့် လင်းမြင့်လှိုင်က အရှိန်ဆင့် သေနတ်တို့ကို





ချိန်ရွယ်ထားလိုက်ကြ၏။ ချောင်ကြီးဖွေ လက်ဦးမှုရ၍ ထွက်ပြေးသွားပါလျှင် မလွတ်တမ်း ပစ်ခတ်ဖမ်းဆီးရန် ဖြစ်ချေ၏။

'ဟာ...'

'ဟင်...'

ကျွန်တော်တို့ ကြည့်နေသည့်ကြားမှပင် ချောင်ကြီးဖွေက ဖိုးတင်အောင်ကို ဓားမြှောင်ဖြင့် ဝင်ထိုးလေတော့၏။

ဖိုးတင်အောင် လျှပ်တစ်ပြက် ခံလိုက်ရပေတော့မည်။

သို့ပေမင့်လို့...

ချောင်ကြီးဖွေသည် ဖိုးတင်အောင်ကို တွန်းထိုး၍ ပြေးလွှားသွားတော့၏။

'ဒိန်း...'

'ဟာ...' 'ဟင်...'

မြေပေါ်သို့လဲကျသွားသော ဖိုးတင်အောင်က ချောင်ကြီးဖွေကို ပစ်လိုက်ခြင်းဖြစ်တော့၏။

ဖိုးတင်အောင်တွင် သေနတ်ရှိနေပါကလား။ ထိုသည်ကို ကျွန်တော်တို့ လုံးဝမသိပါချေ။

အတော်လျှို့ဝှက်သည့် ဖိုးတင်အောင်ပင် ဖြစ်ချေတော့၏။

ကျွန်တော်တို့သည် သူတို့ထံ ကပျာကသီ ပြေးသွားလိုက်၏။

ချောင်ကြီးဖွေလည်း မြေပေါ်လဲကျသွားပြီး ရုန်းကန်ထလာပြန်၏။

ဖိုးတင်အောင်က နောက်ထပ်တစ်ချက် ပစ်မယ်အလှည့်တွင်...



www.burmeseclassic.com

www.burmeseclassic.com



'ဖောက်...'

'အား...'

လင်းမြင့်လှိုင်က ဖိုးတင်အောင်၏ သေနတ်ကိုင်လက်ကို လှမ်းကန်လိုက်ခြင်းဖြစ်၏။

သေနတ် လွင့်ထွက်သွား၏။ ဖိုးတင်အောင်က လင်းမြင့်လှိုင်ကို မကျေမနပ်ကြည့်ရင်း...

'အလွတ်မပေးနဲ့လေဗျာ၊ ပစ်... ပစ်လေ'

ဖိုးတင်အောင်က ထိတ်လန့်တကြား ပြောလာချေ၏။

သျှောင်ကြီးဖွေတစ်ယောက် ကုန်းရုန်းထရန် ကြိုးစားနေရာမှ ပြန်လဲကျသွားတော့၏။

'သူ့ကို စစ်ဆေးစရာတွေရှိသေးတယ်၊ ဘာလို့ အသေပစ်သတ်ရတာတုန်း'

သို့ဆိုလျက် သျှောင်ကြီးဖွေရှိရာသို့ လင်းမြင့်လှိုင်က သွားလိုက်၏။ ကျွန်တော်သည် ဖိုးတင်အောင်ကို လွှန်မင်းစွာ ဒေါသထွက်သွားရ၏။

'ဟာ...'

လင်းမြင့်လှိုင် သျှောင်ကြီးဖွေနားမရောက်မီ ရှေ့သို့ ဟပ်ထိုးလဲကျသွားတော့၏။ သို့ လင်းမြင့်လှိုင် ဖြစ်သွားရခြင်းသည် ဖိုးတင်အောင်၏ ပယောဂကြောင့် ဖြစ်သည်။ သူသည် လင်းမြင့်လှိုင်ကို မသိမသာ ခြေထိုးခံလိုက်ခြင်းကြောင့်ဖြစ်၏။

'မင်း ဒါဘာလုပ်တာတုန်း'

ကျွန်တော်က ဖိုးတင်အောင်နား သွား၍ပြောလိုက်၏။ လင်းမြင့်လှိုင်သည် မြေပေါ်မှောက်လျက် လဲကျနေရာမှ ကုန်းထ





လိုက်လေပြီး ဖိုးတင်အောင်ကို ပြုံးပြ၍ သျှောင်ကြီးဖွေတို့ရှိရာသို့ ပြေးသွားကာ မွေ့ထူလိုက်၏။

ဖိုးတင်အောင်တစ်ယောက် လွန်မင်းစွာ မျက်စိမျက်နှာ ပျက်နေတော့၏။

'မင်း ဘာလို့ သည်လောက်တောင် မျက်စိမျက်နှာ ပျက်နေရတာတုန်း'

ကျွန်တော်က မေးလိုက်၏။

လင်းမြင့်လှိုင် လက်ပေါ်တွင် သျှောင်ကြီးဖွေသည် ရရှိလာသော ဒဏ်ရာကြောင့် အသက်ငွေ့ငွေ့သာရှိချေ၏။ သျှောင်ကြီးဖွေ၏ ပါးစပ်မှလည်း တလှုပ်လှုပ်ဖြင့် ဘာတွေပြောနေလေသည် မသိ။ လေသံသဲ့သဲ့သာ ဖြစ်၏။ လင်းမြင့်လှိုင်ကတော့မှ နားကိုကပ်ပေးထား၏။ ကြားရသည်လား၊ နားလည်သည်လားကိုတော့မှ လင်းမြင့်လှိုင် အသိဆုံးဖြစ်ချိမ့်မည်။

'ဟာ...'

သို့ရှိစဉ်ကြားမှ သျှောင်ကြီးဖွေသည် ဇက်ကျိုးကျသွားတော့၏။

'သူ ဘာတွေပြောနေတာလဲဟင်'

ဖိုးတင်အောင်က မျက်စိမျက်နှာပျက်ဖြင့် လင်းမြင့်လှိုင်ကို မေးလေ၏။

လင်းမြင့်လှိုင်သည် ဖိုးတင်အောင်ကို စေ့စေ့ကြည့်ကာ နေခြင်းသာပြုလေသဖြင့် ဖိုးတင်အောင်တစ်ယောက် လွန်မင်းစွာ စိုးရိမ်ပူပန်နေပုံ ဖြစ်ချေ၏။ သူ့အမေးတို့သည် တဆတ်ဆတ်တုန်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ချောင်ကြီးဗွေကို အသေသတ်လိုက်မိ၍ နောင်တရ ထိတ်လန့်နေဟန် ဖြစ်ချေ၏။

လင်းမြင့်လှိုင်နှင့် မျက်လုံးချင်းဆိုင်ကြည့်နေသော်လည်း သူ၏အကြည့်သည် အားအင်ယုတ်လျော့နေချေ၏။

လင်းမြင့်လှိုင်သည် အတန်ကြာ စေ့စေ့ကြည့်နေရာမှ ပြုံးလိုက်ချေပြီး...

'သူ သွေးရူးသွေးတန်းနဲ့ ဘာတွေပြောနေတာလဲ မသိဘူးဗျ၊ ကောင်းကောင်းမကြားရဘူး'

လို့ ပြောလာလေမှ ဖိုးတင်အောင်တစ်ယောက် စိတ်အေးသက်သာရသွားပုံပင်။

'အေးဗျာ... ကျုပ်ကလည်း လူသတ်သမား လွတ်ထွက်သွားမှာစိုးတာရယ်၊ သူ့ကို လက်ဦးမှုရယူဖို့သာ သိတာရယ်ကြောင့် ခုလို လက်လွန်ခြေလွန်ဖြစ်သွားရတာဗျ' လို့ ပြောလာချေ၏။

'အရေးကြီးတာ လူသတ်တရားခံ မိလိုက်တာပဲပေါ့ဗျာ'

'ကဲ... ပြန်ကြစို့'

ဖိုးတင်အောင်က ပြောလေ၏။ သို့ကြောင့် ကျွန်တော်တို့သည် ချောင်ကြီးဗွေအလောင်းကိုထမ်း၍ လာလမ်းပြန်ခဲ့ကြတော့၏။

သို့ဖြင့် ကျွန်တော်တို့သည် ကြခတ်ဝါးတောသို့ ရောက်လာကြ၏။

'ဟာ...'

'ဟင်...'

ကြခတ်ဝါးတောအတွင်းမှ လူတစ်ယောက် ပြေးထွက်





သွားတော့၏။ ကျွန်တော်တို့ကိုမြင်၍ ပြေးထွက်သွားခြင်းဖြစ်၏။

ထိုလူကို တွေ့လိုက်သည်နှင့် ဖိုးတင်အောင်တစ်ယောက် တစ္ဆေသရဲတစ်ကောင်ကို တွေ့လိုက်သလို ကြောက်လန့်သွားချေ၏။

'သည်လူ့ကို မသင်္ကာဘူးဗျာ၊ ကျုပ် လိုက်သွားချဦးမယ်'

သို့ဆိုလျက် ဖိုးတင်အောင်သည် ထိုသူပြေးသွားရာနောက် ပြေးလိုက်သွားတော့၏။ လင်းမြင့်လှိုင်ကလည်း ပြောလိုက်မည်ပြုသဖြင့်...

'ဟင်... သည်ကိစ္စ ဘယ်လိုလုပ်မလဲ'

သို့ ကျွန်တော်က ချောင်ကြီးဗွေအလောင်းကို ထိုးပြပြောလိုက်၏။

'သည်မယ် ခဏထားခဲ့ချေဗျာ'

သို့ကြောင့် ကျွန်တော် သည်ချောင်ကြီးဗွေအလောင်းကို မြေပေါ်သို့ချလိုက်ကာ သစ်ရွက်သစ်ခက်တို့ဖြင့် ဖုံးအုပ်၍ လင်းမြင့်လှိုင်နှင့်အတူ ဖိုးတင်အောင်ပြေးသွားရာနောက် လိုက်သွားကြတော့၏။

'ဖိုးတင်အောင်တော့ဖြင့် အတော်ဝေးဝေးရောက်လောက်ပြီ'

ကျွန်တော်က ပြောလိုက်၏။

'ဘယ်လိုဖြစ်ဖြစ် လိုက်မမီနိုင်ပါတယ်'

သို့ လင်းမြင့်လှိုင်ပြောသည်ကို ကျွန်တော် ယုံကြည်မှုမရှိချေ။ သို့ငြား သူပြောသလိုပင် တစ်မိုင်ခရီးမရှိလောက်မှာပင် ဖိုးတင်အောင်ကို လိုက်မမီခဲ့တော့၏။



www.burmeseclassic.com

www.burmeseclassic.com



အလိုလေးဗျာ… ဘယ်လိုဖြစ်ရတာပါလိမ့်။ ဖိုးတင်အောင်တစ်ယောက် မြောင်းစပ်တွင် မှောက်လျက်လဲကျနေလေ၏။ သူ့နားတွင်မတော့ ပြေးထွက်သွားသောသူ ဖြစ်ချေ၏။ သူ့လက်ထဲတွင်မတော့ ဝါးခုတ်ဓားကြီးရှိချေ၏။ သွေးတို့ စွန်းထင်းပေနေ၏။

ထိုသူ သတ်လိုက်ခြင်းဖြစ်မည်။

သို့ကြောင့် ကျွန်တော်သည် လက်တွင်းရှိသေနတ်ဖြင့် သူ့ကို လှမ်းချိန်လိုက်၏။

'မင်း သူ့ကိုသတ်လိုက်တယ်လား'

လင်းမြင့်လှိုင်က လှမ်းမေးလိုက်၏။

'ဟုတ်တယ်'

'နို့ဖြင့် မင်းလက်ထဲက ဓားကိုချပြီး အဖမ်းခံပါ၊ ထွက်ပြေးလို့ကတော့ အသေပစ်လိုက်မှာနော်'

သို့ ကျွန်တော်က ခြိမ်းခြောက်လိုက်၏။

ထိုသူက ကြောက်လန့်ခြင်း အလျဉ်းမရှိသလို ထွက်ပြေးမည့်ဟန်လည်း မတွေ့ချေ။ ကျွန်တော်နှင့် လင်းမြင့်လှိုင်ကိုသာ စေ့စေ့ကြည့်နေလေပြီး…

'ခင်ဗျားတို့လက်ထဲမယ် ကျည်ဘယ်နှတောင့်ရှိလို့တုန်း'

အလိုလေးဗျာ… ဘယ်လိုသဘောနှင့် မေးတာပါလိမ့်။ နားမလည်နိုင်သည်ကြောင့် လင်းမြင့်လှိုင်ကို လှည့်ကြည့်လိုက်၏။ လင်းမြင့်လှိုင်က ပြုံးပြလာ၏။ ပြီး ထိုသူဘက်လှည့်ကာ 'ကျွန်တော့်မှာတော့ ငါးတောင့်လောက်ကျန်သေးတယ်၊ နို့ပေမင့်လို့ မင်းကို တစ်တောင့်တည်းနဲ့ အသေပစ်နိုင်တယ်'





ထိုလူက ရွှံ့ပြုံးလေပြုံးလိုက်ချေပြီး ကျွန်တော့်ဘက်လှည့်ကာ…

'ခင်ဗျားကော' မေးလာသဖြင့် ကျွန်တော်သည် မဆိုင်းမတွပင် 'သုံးတောင့်'လို့ ပြောလိုက်၏။

ထိုလူ ပြုံးသွားပြန်၏။ တကယ်က ကျွန်တော် လျှော့ပြောလိုက်ခြင်းဖြစ်၏။

ကျွန်တော့်တွင်လည်း ငါးတောင့်ခန့်ရှိချေသေး၏။

'သည်တွင် သူက တစ်တောင့်တစ်ယောက်နှုန်းထား၊ လူရှစ်ယောက်အပြင် ပိုမသတ်နိုင်ပါဘူးဗျာ၊ ဟင်း… ဟင်း… ဟင်း…'

'ဟင်… ဘယ်လိုကြီးပါလိမ့်'

'ဖျောက်…' 'ဖျောက်…' 'ဖျောက်…'

ထိုသူသည် ကျွန်တော်တို့ကို စူးစိုက်ကြည့်နေရာမှ လက်ထဲမှဓားကို မြေသို့ချလိုက်ကာ လက်ခုပ်တီးလိုက်ချေ၏။

'ဟာ…'

'ဟင်…'

ထိုလူ၏ လက်ခုပ်သံဆုံးသည်နှင့် ကျွန်တော်တို့၏ရှေ့မှလည်းကောင်း၊ နောက်ဖျားမှသည်လည်းကောင်း ပုံစံအမျိုးမျိုး အရွယ်အစားအမျိုးမျိုး ဝါးခုတ်သမားတို့ အလျှိုအလျှို ထွက်လာကြကာ ကျွန်တော်တို့ကို ဝိုင်းထားလေ၏။

ကျွန်တော်တို့ ညံ့လိုက်တာ။ ကျွန်တော်တို့ ပတ်ပတ်လည်၌ ထိုသူတို့ ပုန်းလျှိုးကွယ်လျှိုး ရှိနေသည်ကို လုံးဝမရိပ်မိပါတော့ချေ။

ထိုသူက ကျွန်တော်တို့ကို စူးစူးစိုက်စိုက်ကြည့်နေရာမှ

www.burmeseclassic.com



မြေပြင်တွင် သွေးအလိမ်းလိမ်းဖြင့် ရှိလေသည့် ဖိုးတင်အောင်၏ တုပ်ပိုးကို ဆွဲ၍မလိုက်၏။

‘ဟင်…’

ဖိုးတင်အောင် မသေသေးပါကလား။ မျက်လုံးလေး ကလယ်ကလယ်ဖြင့် ကျွန်တော်တို့ကို ကူညီရန် အသနားခံကြည့်နေလေ၏။

ဘယ်လိုလုပ်ရမ်ပါ့။ ကျွန်တော်တို့ကို ဝိုင်းထားသည့်လူများသည် မနည်းပါကလား။ လက်တွင်းရှိ သေနတ်ဖြင့် တစ်တောင့်တစ်ယောက် ပစ်နိုင်တယ်ပဲထားဦးတော့။ ထိုလူတွေက ကျွန်တော်တို့ကို အမှုန့်ချေသလို ချေပစ်ပေလိမ့်မည်။ သို့ကြောင့် ကျွန်တော်သည် အရိပ်အခြည်ကို လေ့လာအကဲခတ်လိုက်၏။

သို့ ခဏအချိန်ကလေးမှာပင် ကျွန်တော်တို့ လုံးဝထင်မှတ်မထားသော အခြေအနေသို့ ပြောင်းလဲသွားတော့၏။

ကျွန်တော်တို့ကို လက်နက်ကိုယ်စီဖြင့် ဝန်းရံထားသော လက်နက်မျိုးစုံနှင့် လူအုပ်ကြီးသည်…

‘ချလွမ်…’

‘ချလွမ်… ချလွမ်… ချွမ်…’

‘ဘုတ်…’

‘ဒြော်…’

‘တိုက်…’

‘ဟင်’ သူတို့ကိုင်ဆောင်သည့် လက်နက်များကို မြေပေါ်သို့ ပစ်ချလိုက်ကြပြန်ပြီးနောက် ငြိမ်သက်စွာ ရပ်နေကြတော့၏။

ထိုသူသည်လည်း သူ့လက်တွင်းရှိဓားကို မြေသို့ပစ်ချ





လိုက်လေပြီး ကျွန်တော်တို့ထံ လက်လှမ်းထိုးပေးလာချေတော့၏။

ကျွန်တော် နားမလည်နိုင်စွာဖြင့် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

‘သူတို့က ကျွန်တော်တို့ကို အန္တရာယ်မပေးဘူးဆိုတဲ့သဘောလေ၊ နို့ကြောင့်…’

သို့ဆိုလျက် လင်းမြင့်လှိုင်သည် တိုလှငယ်ထံ ချိန်ရွယ်ထားသည့် သေနတ်ပြောင်းကို မြေသို့ထိုးစိုက်လိုက်လေပြီး ထိုသူထံသို့ အေးဆေးသောခြေလှမ်းဖြင့် လျှောက်လှမ်းသွားလေ၏။ ကျွန်တော်သည်လည်း လင်းမြင့်လှိုင်ကဲ့သို့ပင် ပြုမူလျှောက်သွားလိုက်၏။

‘ကျုပ် သူ့ကို အသေမသတ်ပါဘူး၊ နို့ပေမင့်လို့ သွေးထွက်လွန်သွားလျှင်ဖြင့်တော့ မတတ်နိုင်ပေဘူး’

သို့ဆိုလျက် ပြောလာသည်ကြောင့်…

‘နို့ဖြင့်လည်း သည်လူအုပ်နဲ့ ပြေးထွက်မရခင် ခုလိုဝိုင်းပတ်ထားလျှင်ဖြင့်လည်း ရတာပဲ၊ ဘာလို့ ကိုယ်လည်း ဒုက္ခရောက်မယ့် အကြမ်းဖက်ခြင်းကို ပြုရတာတုန်း’

သို့ လင်းမြင့်လှိုင်က ပြောလိုက်သည်တွင်…

‘ဟား… ဟား… ဟား… ဟား… ကျွန်တော်က သူ့ကို သတ်ချင်တာဗျ၊ နို့ပေမင့်လို့ သူ့ဆီက ဝန်ခံချက် ထွက်ချက်လိုချင်သေးတယ်လေ၊ ကဲ… ခင်ဗျားတို့ သူ့ကို မေးကြည့်ပေရော့’

‘ဘာကိုမေးရမှာတုန်း’

ကျွန်တော်က ပြောလိုက်၏။

‘ခင်ဗျားကို ကျွန်တော် ပြောပြမယ့် စကားတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



လီဆယ်ပြောတာလား၊ တကယ်အမှန်တွေလားဆိုတာပေါ့၊ သူမှတ်ခမ်းနား ကပ်ပေးလိုက်လေ'

'နို့ဖြင့် မင်းပြောချေကွာ'

'မန်းကလီရွာသား စောပန်းအောင်ကို သူသတ်တယ်ဆိုတာ ဟုတ်မဟုတ်'

'ဟုတ်ပြီ'

'သျှောင်ကြီးဖွေကို နှုတ်ပိတ်သတ်လိုက်တာ ဟုတ်မဟုတ်'

'ဟေ… ဘာကြောင့် ဘာကို သူက နှုတ်ပိတ်ရတာတဲ့တုန်း'

လင်းမြင့်လှိုင်က မေးလိုက်၏။

'ကျုပ်နောက်မယ် အားလုံး သက်သေတွေရှိတယ်၊ ကျွန်တော်ပြောမယ်၊ ပြီးလျှင် သူ့ကို ဟုတ်မဟုတ် မေးကြည့်ပေါ့'

'ကောင်းပြီလေ၊ ပြောလေ'

'မဖြစ်သေးဘူး'

'ဘာလို့တုန်း'

'သူ့ကို သွေးထွက်မလွန်အောင် လုပ်ရဦးမယ်၊ နို့မဟုတ်လျှင်ဖြင့် ကျွန်တော့်စကားမဆုံးခင်မှာတင် သွေးထွက်လွန်ပြီးသေသွားနိုင်တယ်၊ သည်ခါ ကျွန်တော် ပြောတာတွေ ဟုတ်မဟုတ် ဘယ်လိုသိရတော့မှာတုန်း'

ထိုလူငယ် ပြောသည်လည်း ဟုတ်လို့နေ၏။

နို့ကြောင့် လင်းမြင့်လှိုင်သည် ဖိုးတင်အောင် ရရှိထားသည့် ဒဏ်ရာတို့ကို သွေးတိတ်အောင်လုပ်၍ ပါလာသည့် ဆေးဝါး





တို့ဖြင့်လိမ်းရန် စည်းနှောင်ပေးလိုက်ချေ၏။

သို့ဆိုတော့ ဖိုးတင်အောင် သက်သောင့်သက်သာ ရှိလာပုံရ၏။

'ကဲ… ပြောချေကွာ'

'လာဗျာ… ဟိုနားက သစ်ပင်ရိပ်အောက် သွားပြောကြတာပေါ့'

သို့ဖြင့် ကျွန်တော်တို့သည် ခပ်လှမ်းလှမ်းရှိ အရွက်ဖားဖား စိမ်းစိုစို ကျွန်းပင်ကြီးတစ်ပင်အောက် သွားရောက်ထိုင်လိုက်ကြ၏။

ပတ်ပတ်လည်ရှိ လူအုပ်သည် ရှေ့ကိုက်ငါးဆယ်ခန့်လောက်နေရာထိ ရွေ့တက်လာ၏။ ပြီး ရပ်တန့် လှမ်းကဲကြည့်နေကြ၏။

'ကဲဗျာ… နားထောင်'

သို့ဆိုလျက် ထိုသူသည် လေးဖက်လေးတန်ကို လူစုကိုလက်လှမ်းထောင်ပြလိုက်၏။ သည်တွင် ထိုလူစုသည် နီးစပ်ရာ သစ်ပင်ရှိ ဝါးရိပ်တို့တွင် သွားရောက်လဲလျောင်း နားနေလိုက်ကြတော့၏။

'သည်လိုဗျ… သည် မန်းကလီရွာသား ဖိုးတင်အောင်နဲ့ စောပန်းအောင်တို့သာ မန်းကလီဝါးတောမယ် အရဲစွန့် ဝါးလာခုတ်ကြတယ်၊ အဆင်ပြေကြတာပေါ့ဗျာ၊ ရွာကပြောသလို အီကြာကွေးတို့ရဲ့ နှောင့်ယှက်ခြင်း မရှိပါဘူး၊ ခင်ဗျားတို့လည်း သိတယ်မဟုတ်လား၊ မန်းကလီဝါးတောက ဝါးကောင်းတွေလေ၊ ဈေးပိုရတယ်၊ သည်တော့ သူတို့နှစ်ယောက်က လောဘတက်ပြီး သည်ဝါးတော



www.burmeseclassic.com

www.burmeseclassic.com



ကို သူတို့နှစ်ယောက်တည်း ခုတ်လိုကြတယ်ဆိုတော့ မဟုတ်မဟုတ် သတင်းတွေ လွှင့်တာပေါ့ဗျာ၊ ဒီကြောင့် ဘယ်သူမှ မလာရဲကြဘူး၊ သည်တော့ မန်းကလိဝါးတောက ဈေးပိုကောင်းတော့ သူတို့နှစ်ယောက် တွက်ခြေကိုက်တာပေါ့၊ အဲ… တစ်နေ့မှာတော့"

"ဖိုးတင်အောင်ရေ၊ ငါတို့တွေ တစ်ကိုယ်ကောင်းဆန်ရာ မကျပေဘူးလား"

"ဘာကိုပြောချင်တာတုန်း"

"မန်းကလိရွာက ငါတို့ရွာလေ၊ ငါတို့နှစ်ယောက်အတွက် အဆင်ပြေပေမင့် ငါတို့ရွာသားတွေ ဒုက္ခရောက်နေတာကို ငါ မမြင်ရက်တော့ဘူးကွာ၊ သူကြီးကိုပြောပြီး မန်းကလိဝါးတောက အိကြာကွေးတို့ နှောင့်ယှက်မှု လုံးဝမရှိပါဘူး၊ ဒီကြောင့် ရွာသားတွေ မန်းကလိဝါးတော ပြန်လာခုတ်ကြပါပေါ့ကွာ၊ မကောင်းလား"

သို့ စောပန်းအောင်ပြောလိုက်သည်တွင် ဖိုးတင်အောင်သည် ဒေါသထွက်သွားချေ၏။

"အမိုက်ကောင်… လူမိုက်၊ ဘာလဲ မင်းက သစ္စာဖောက်ချင်ပြီလား၊ ငါတို့ ကုသိုလ်နဲ့ ငါတို့ အဆင်ပြေနေတာကွ၊ အိကြာကွေးညီနောင်ကြောင့် ဘယ်သူမှ သည်မလာရဲကြဘူးလေကွာ၊ အေး… မင်းနဲ့ ငါက စွန့်ပြီးလာကြတာလေ၊ သည်အကျိုးတွေ ငါတို့ ခံစားရတာ၊ တကယ်လို့ ငါတို့ စွန့်စားမှု မအောင်မြင်လျှင် ရွာက ဘာပြောကြမယ်ထင်လဲ"

"မင်းပြောပေါ့"

"သည်ကောင်တွေ အရဲကိုးလို့ဖြစ်တာ၊ သေတာတောင် နည်းသေးလို့ပေါ့"





"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ ဖိုးတင်အောင်ရာ၊ ငါတို့နှစ်ယောက်တည်း သည်ဝါးတောကြီးတစ်ခုလုံး ခုတ်မနိုင်ပါဘူး၊ ငါတို့ရွာသားတွေပဲကွာ၊ မင်း စဉ်းစားပါဦးလား"

"အေး… စဉ်းစားစရာမလိုဘူး၊ မင်းသာ စဉ်းစဉ်းစားစား မလုပ်ဘဲ ခုလိုပြောတဲ့အတွက်"

သို့ ပြောလည်းပြော စောပန်းအောင်ကိုလည်း ရုတ်တရက် ဝင်လုံးလေတော့၏။ ဖိုးတင်အောင်နှင့် စောပန်းအောင်ဆိုပါလျှင် စောပန်းအောင်က ဖိုးတင်အောင်ထက် အလုံးအရပ် သေးလေ၏။ သို့ကြောင့် အင်အားချင်း မမျှလေခြင်းကြောင့် စောပန်းအောင် တစ်ယောက် ဖိုးတင်အောင်၏ လည်မင်းညှစ်သတ်ခြင်း ခံလိုက်ရတော့၏။

"ဒါ တကယ်ပဲလား"

ထိုသူ စကားဆုံးသည်နှင့် လင်းမြင့်လှိုင်က ဖိုးတင်အောင်ကို မေးလိုက်၏။

ဖိုးတင်အောင်က ပြေးမလွတ်သာလေပြီကြောင့် ခေါင်းညိတ် ဝန်ခံလာချေ၏။

"ဒို့ဖြင့် သျှောင်ကြီးဖွေကိုကျတော့ကော"

ကျွန်တော်က မေးလိုက်၏။

"သျှောင်ကြီးဖွေက ကျွန်တော့်အစ်ကိုပဲ"

"ဟေ…"

"ဟင်…"

ဖိုးတင်အောင်က သည်ဝါးတောကို သူတစ်ယောက်တည်း ခုတ်လို့တော့ မနိုင်ဘူးလေ။ သည်တော့ သူ အကြံတစ်ခု စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ ဘာလို့လဲဆိုတော့…

'ဝါးခုတ်လုပ်သားတွေကို စုမယ်၊ သည်တစ်ခါ ဝါးခုတ် *လုပ်သားတွေကို ထိန်းသိမ်းနိုင်မယ့် လူတစ်ယောက်လိုတယ်၊ အဲဒီ* လူတစ်ယောက်ကပဲ သည်ဝါးတွေကို 'ကျားသိန်းဟန်' ဆီပို့မယ်၊ ကျားသိန်းဟန်မယ် ဝါးကုန်သည်တွေရှိတယ်၊ ဝါးကုန်သည်တွေ ကလည်း မန်းကာလိဝါးကို ကောင်းတဲ့ဈေး ပေးမယ်ပေါ့၊ သည် တော့ ဖိုးတင်အောင်က ကျားသိန်းဟန်ဆီ ဝါးပို့မယ်၊ နို့ပေမင့်လို့ သူပို့လိုတော့ ရမှာမဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ ကျားသိန်းဟန် က မန်းကာလိရွာသားဟောင်းလေ၊ ဖိုးတင်အောင်ကို သိနေတယ်၊ မန်းကာလိဝါးကို ဖိုးတင်အောင် လုပ်နေတယ်ဆိုတာ သိလျှင်ဖြင့် သံသယဖြစ်လာတော့မည်၊ အဲလိုအဖြစ်မခံနိုင်တော့ လူစားထိုးဖို့ လိုလာတယ်၊ အဲဒီအချိန်မှာပဲ ကျွန်တော့်အစ်ကိုက တောင်ကထွက် လာကာစ၊ သူ့မယ် တောင်ထဲတုန်းက ရင်းနှီးတဲ့ မိတ်ဆွေတွေ ရှိတယ်၊ လူဆိုးလူမိုက်တွေပေါ့၊ အဲ… သူတို့ကို ပြန်အသုံးချလို့ ရတာကိုး၊ သည်တော့ ကျွန်တော့်အစ်ကိုက ဖိုးတင်အောင်နဲ့ ပူးပေါင်းလိုက်တယ်၊ လူအင်အားကတော့ ကျွန်တော့်အစ်ကိုရဲ့ ရဲဘော်ဟောင်းတွေနဲ့ ပတ်သက်တဲ့ တစ်နယ်တစ်ကျေးက လူတွေ ချည်းဆိုတော့ ပြဿနာမရှိတော့ဘူးလေ၊ ဖိုးတင်အောင် ဖိုးကျိုင်း တုတ် ဖြစ်သွားတာပေါ့၊ သည်တော့ ဖိုးတင်အောင်က အစ်ကို သျှောင်ကြီးဖွေကို သာသာထိုးထိုး ဆက်ဆံပါတယ်၊ သူ့ရဲ့ အားကိုး ရတဲ့ လက်ရင်း တပည့်လိုပေါ့၊ ကျွန်တော့်အစ်ကိုကလည်း ယုံယုံ ကြည်ကြည် ဆက်ဆံပါတယ်၊ သည်တော့ ဘယ်လိုဖြစ်ကြသလဲ ဆိုတော့ လုပ်သားတွေကို ကျွန်တော့်အစ်ကိုက နိုင်တယ်၊ ပိုင်တယ်၊





ခုတ်ပြီး ဝါးတွေကို ကျားသိန်းဟန်ဆီပို့တယ်၊ အစ်ကိုသျှောင်ကြီးဖွေ ကပဲ ဦးစီးလုပ်တော့ ကျားသိန်းဟန်ကလည်း သည်လုပ်ငန်း ချုပ် ကိုင်တာ သျှောင်ကြီးဖွေပဲလို့ ထင်နေတယ်ကိုး၊ ဖိုးတင်အောင် ကတော့ နောက်ကွယ်ကပေါ့၊ အဲ… ကံကြမ္မာ ဖန်လာပုံကတော့ အဆန်းသားကလား၊ မန်းကာလိရွာသားတွေ ဒုက္ခရောက်တော့ကာ သူကြီးက သူ့ ပြဿနာဖြေရှင်းဖို့ ဆရာလေးတို့ကို ခေါ်လာတယ်၊ ဟုတ်တယ်လား'

'ဟုတ်တယ်' ကျွန်တော်က ကြားဖြတ်ဖြေလိုက်၏။

'သည်တော့ ဖိုးတင်အောင် အခြေပျက်သွားတယ်၊ ဘာလို့ လဲဆိုတော့ သည်ကိစ္စ ပေါ်ပေါက်သွားလျှင်ဖြင့် သူ ဒုက္ခရောက် ပြီလေ၊ သည်တော့ ဆရာလေးတို့ကို လမ်းလွှဲဖို့အတွက် သူ့အားကိုး ရတဲ့ သူ့လက်ရင်းတပည့်ကြီး ကျွန်တော့်အစ်ကို သျှောင်ကြီးဖွေ ကို ကြားတန်ဆာခံလုပ်လိုက်တယ်၊ ဆရာလေးတို့လည်း သိမှာပေါ့၊ သည်ကိစ္စအားလုံး ပန်းအောင်ကိုသတ်တာ သျှောင်ကြီးဖွေလို့ ပြော လည်းပြော၊ ပြီးတော့ ဆရာလေးတို့ရှေ့မှာလည်း ကျွန်တော့်အစ်ကို ကိုလည်း လုပ်ကြံပြီး သတ်ပစ်လိုက်တယ်လေ၊ ဒါကို ကျွန်တော့် အစ်ကိုရဲ့ မိတ်ဆွေတွေက မကြည်ဘူး၊ အစ်ကို့အတွက် လက်စား ချေဖို့ ရောက်လာတာပဲ၊ သည်လောက်ဆို သဘောပေါက်လောက် ပြီပေါ့ဗျာ၊ ကဲ… သည်လူ ရက်ကြာကြာခံမှာ မဟုတ်ပါဘူး၊ သုံးလေးရက် ဝေဒနာခံစားရပြီး သေသွားတော့မှာပါ၊ ကျွန်တော့် ကိုသာ လူသတ်မှုနဲ့ ဖမ်းတော့ဗျာ၊ အဲ… တစ်ခုတော့ ပြောပါရ စေ၊ တောင်းဆိုပါရစေ'

'ပြောကြည့်လေ၊ တောင်းဆိုကြည့်လေ'



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က ပြောလိုက်၏။

'မန်းကလိသူကြီး ဖိုးလှိုင်ညွန့်ကိုပြောပါ၊ မန်းကလိဝါးတောကို ရွာသားတွေအတွက် ပြန်အသုံးချပေးပါလို့၊ ဟုတ်လား၊ ပြီးတော့…'

'ပြောကြည့်လေ'

'ကျွန်တော်တို့လူတွေရဲ့ စားဝတ်နေရေးအတွက် သူကြီးကပဲ စီစဉ်ပေးပါလို့'

သြော်… စိတ်ရင်းကောင်းသည့် သူပါကလား။

ထိုသူသည် ဖိုးတင်အောင်ကို ခုတ်လိုက်၍ သွေးစွန်းနေသည့် ဝါးခုတ်ဓားကိုကောက်၍ ကျွန်တော့်ထံ လှမ်းပေးလာချေ၏။

ကျွန်တော်သည် လှမ်းယူမည်အပြုတွင်…

'ဟာ…'

'ဟင်…'

ထင်မှတ်မထားသည့်လုပ်ရပ် ဖြစ်ချေ၏။

သူသည် ကျွန်တော့်ထံ ဓားကိုပေးမလိုလိုနှင့် ရုတ်ခြည်းဆိုသလိုပင် ဖိုးတင်အောင်၏လည်ပင်းကို ပိုင်းချလိုက်တော့၏။

သွေးတို့ ဖြာထွက်လာ၏။

ဖိုးတင်အောင်တစ်ယောက် စက္ကန့်ပိုင်းလောက်သာ ခံစားလိုက်သည်ထင်၏။

'ကျွန်တော့်ကို နားလည်ပါဗျာ၊ ကျွန်တော့်အစ်ကိုသာရှိလျှင် ကျွန်တော် သည်လိုလုပ်လို့ မရတော့ပါဘူး၊ ကျွန်တော့်အစ်ကိုပဲ အားကိုးနေရတာပါ၊ ဆရာလေးတို့ ကျွန်တော့်ကို နားလည်ပေးပါ'





'ကျွန်တော် မန်းကလိဝါးတောကို မန်းကလိသူကြီးပြန်အပ်ပေးနိုင်ခဲ့သလို ကျွန်တော့်အစ်ကိုကို ရက်ရက်စက်စက်သစ္စာဖောက်သတ်ခဲ့တဲ့ ဖိုးတင်အောင်ကို ကျွန်တော့်လက်နဲ့ လက်စားချေပစ်လိုက်နိုင်တဲ့အတွက် တမလွန်က အစ်ကိုသျှောင်ကြီးမွေကကျေနပ်သွားတော့မှာပါဗျ'

သို့ဆိုလျှင် ထိုသူသည် ကျွန်တော့်ထံသို့ ဓားကို ရိုကျိုးစွာ ကမ်းပေးလာချေတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထိုသူကို တအံ့တဩကြည့်ရင်း မှင်တက်မိသွားကြချေတော့သည်။

တဖတ်ပရိသတ်အား
လေးစားကြိုးစားလျက်
ကိုပိုက်
၂·၄·၂၀၀၇



www.burmeseclassic.com